www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လယ်တွင်းသား
စောချစ်

# ဘီလူးရွာမှ
# ရတနာစိမ်း

မြို့ပန်းတစ်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

အကောက်အကြေး အလိမ်အနွယ်များနှင့် သံပန်းဆရာလက်စွမ်း ထားသော တံခါးကြီးကို မိစိမ်းလှမ်းကြည့်လိုက်သည်။

'တံခါးတစ်ချပ်ဟာ ငါတို့တစ်အိမ်လုံးထက် ပိုပြီး တန်ဖိုးကြီး မှာမယ်'

ဘီလူးရွာတွင် အမေနှင့်အတူ နေခဲ့သော အိမ်ကလေးကို မိစိမ်း ယောင်မိသည်။

သံတိုင်များကြားမှ အိမ်ဝင်းထဲသို့ လှမ်းကြည့်လိုက်သည်။ ကျယ်ခမ်းနားသော အိမ်ကြီးကို တွေ့ရသည်။ လူရိပ်လူယောင် မမြင်ရ။

'ဘယ်သူမှ မရှိကြဘူးလား၊ ဝင်းတံခါးသော့ခတ်ထားပြီး တောင့်လဲ မရှိဘူး'

လူတစ်ယောက်မျှ မတွေ့ရသည်ကို မိစိမ်းမကျေနပ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်နေရာ၊ အိမ်ပုံသဏ္ဌာန်၊ ခြံနံပါတ်အားလုံး မှန်နေသည်။

'တစ်ယောက်ယောက်ထွက်လာတဲ့အထိ စောင့်ရုံပေါ့'

မိစိမ်း စိတ်ရှည်ရှည်ထားလိုက်သည်။

ပခုံးမှ လွယ်ထားသော အိတ်ကြီးကို ဖြုတ်၍ လမ်းဘေးမှ ရေမြောင်းအုတ်ခုံပေါ်မှာ တင်လိုက်သည်။ အိတ်က ဟောင်းနွမ်းလွန်း၍ မူလမီးခိုးရောင်ပျောက်၍ ဖြူဖျော့ဖျော့ဖြစ်နေပြီး ဇစ်အခြေမှာလည်း နှစ်နေရာ စုတ်နေ၏။ ဘေးအိတ်အောက်ခြေမှာ ပေါက်နေသည်ကို မသိဘဲ ပိုက်ဆံအိတ်ကလေးထည့်ထားမိ၍ လမ်းမှာ ကျကျန်ခဲ့ပြီ။ ဝိုင်းဝန်းပြီး စုပေးလိုက်ကြသော ငွေခြောက်ထောင်ကျော် အိတ်နှင့်အတူ ပါသွားသည်။ ကားခပေးရန် ပိုက်ဆံအိတ်ထုတ်မှ ဘေးအိတ်ပေါက်မှ ကျပျောက်ခဲ့ပြီကို သိရသည်။ ကားသမားက စိတ်ထားကောင်း၍ တော်ပါသေးသည်။ အလကားစီး၍ ဤခရီးကို ရောက်ခဲ့ရ၏။

'ကောင်းပါတယ်.. ဘာမှမရှိတော့ ဘာမှမပူရဘူးပေါ့'

မိစိမ်းအဆင်ပြေအောင် တွေး၍ စိတ်အေးချမ်းအောင် နေလိုက်သည်။

အိတ်ကြီးတင်ထားသော အုတ်ခုံပေါ်မှာပင် မိစိမ်းထိုင်လိုက်သည်။ ကိုယ့်လုံချည်က ပေဝေနွမ်းနွမ်းမို့ အုတ်ခုံပေါ်မှ ဖုံများကို ဖယ်ခြင်း ခါခြင်း လုပ်မနေတော့ပါ။

အိမ်ကြီးဆီကို လှမ်းကြည့်ပြီး မိစိမ်းပြုံးလိုက်သည်။

'အိမ်ကြီးရှင်ဦးလေးက လုံချည်အသစ်များ ဝယ်ပေးလေမလား' ဟု စဉ်းစားမိ၍ ဖြစ်သည်။

မိစိမ်း တကယ်လိုချင်၍ မဟုတ်။ မဖြစ်နိုင်မှန်းသိလျက် အပျော် စဉ်းစားရသည်ကို အကျင့်ပါနေ၍ ဖြစ်သည်။





မိနစ်နှစ်ဆယ်ခန့်ကြာသည်အထိ ဘာအရိပ်မျှ မမြင်ရသေး။

လမ်းမပေါ်မှ ဖြတ်ပြေးနေသော ကားလှလှလေးများကို မိစိမ်း အပျင်းပြေကြည့်နေလိုက်သည်။

ဘီလူးရွာသည် ကားလမ်းဘေးတွင်ရှိ၍ ကားမျိုးစုံနှင့် မိစိမ်း ရင်းနှီးနေပါသည်။ ကိုယ်မစီးရသော်လည်း စီးရသကဲ့သို့ ကိုယ်မပိုင် သော်လည်း ပိုင်သကဲ့သို့ပင် ရင်းနှီးသည်။ တစ်ခါတစ်ရံ အခွင့်သာလျှင် ရပ်ထားသော ကားလေး၏ နဘေးမှ ဖြတ်လျှောက်သွားရင်း ကား၏ ကိုယ်ထည်ချောချောလေးကို လက်ဖြင့် ပွတ်သပ်သွားခွင့်ပင် ရခဲ့ဘူး ပါသည်။

'ဟော.. ဟိုမှာ လူတစ်ယောက်.'

နာရီဝက်ခန့်ကြာမှ အိမ်ဝင်းထဲမှာ ဖြတ်လျှောက်သွားသော ယောကျ်ားကြီးတစ်ယောက်ကို တွေ့ရသည်။ မိစိမ်းလှမ်းကြည့်လိုက်သည်နှင့် အကြည့်ချင်းဆုံသော်လည်း တံခါးဆီသို့ လျှောက်လာခြင်းမရှိ။ ဘာမျှ မေးမြန်းခြင်းမရှိ။

'ဟင်း.. နောက်ကျမှ ပညာပေးရဦးမယ်'

မိစိမ်း အပျော်တွေးလိုက်မိပြန်သည်။

'တီ.. တီ'

လမ်းဘက်ဆီမှ ခန့်ငြားသော ကားကြီးတစ်စီး ခြံကြီးဆီသို့ ဦးတည်လာနေသည်။

'ဟော.. ဟိုမှာ ပြဿနာခတ်နေပြီ'

စောစောက မိစိမ်းမြင်ရသော ယောကျ်ားကြီးသည် သော့ ဘစ်ချောင်းကိုင်၍ ဝင်းတံခါးဆီသို့ ပြေးပြေးလွှားလွှားလာနေသည်။

သိပ်မြန်သည်။ မော်တော်ကားခြံဝင်းတံခါးနား နီးလာသည်နှင့်

www.burmeseclassic.com



ဖွင့်ပြီးသား အသင့်။

ကားမှန်များအလုံပိတ်ထား၍ ကားထဲကို မိစိမ်းမမြင်ရ။ ဆော်တော်ကားက ခြံဝင်းထဲသို့ မောင်းဝင်သွားသည်။

'ဟင်း ဒါအခွင့်ကောင်းပဲ'

မိစိမ်းအိတ်ကို ကောက်လွယ်ပြီး ပွင့်နေသော တံခါးမှ ဝင်သွားသည်။

'ဟေ့ မင်းဘယ်သူလဲ'

ဝင်းတံခါးအနီးမှာ ရပ်နေခဲ့ဖြစ်သော ယောကျာ်းကြီးက လှမ်းမေးသည်။

'ကျွန်မကို မေးတာလား. ဦးအောင်ခိုင်ရဲ့ တူမ မိစိမ်းတဲ့.'

မိစိမ်းက ပြောပြောဆိုဆို အိမ်ကြီးဆီသို့ လျှောက်သွားသည်။

'ဟေ့.. ဟေ့. နေဦး.. ဦးအောင်ခိုင် ခုမှ ပြန်လာတာ တွေ့လို့ မရသေးဘူး'

မိစိမ်းလှည့်မကြည့်တော့ပါ။

ခုမှ ပြန်လာတာတဲ့ ဟန်ကျတာပဲ၊ တစ်ခါထဲ တွေ့လို့ရတာပေါ့

မိစိမ်းက ခပ်မြန်မြန်သွားသည်။ အိမ်တံခါးက ပွင့်လျက်

'ဟင်.. မင်း.. ဘယ်သူ..'

အိမ်ထဲမှ အဒေါ်ကြီးတစ်ယောက်က မိစိမ်းကို အံ့သြစွာ လှမ်းမေးသည်။

'ကျွန်မ ဦးလေး ဦးအောင်ခိုင် တူမ.. ဦးလေးနဲ့ တွေ့မလို့'

'ဟဲ့.. အို.. နေဦး'

အဒေါ်ကြီး ဘာပြောရမှန်းမသိ

'ဟေ့.. ဘယ်သူလဲ.. ဘာဖြစ်နေတာလဲ..'





ဦးအောင်ခိုင် အတွင်းဆက်အခန်းမှ ထွက်လာသည်။

'ကျွန်မ ဦးလေးရဲ့ တူမပါ'

'ဟင်.. ဘယ်ကတူမလဲ.. ငါ မင်းကို မသိပါဘူး၊ ငါ့မှာ ဘာတူမမှမရှိဘူး'

ဦးအောင်ခိုင်၏ မျက်နှာက တင်းသည်။ မေးသောလေသံက မာသည်။

'ဘီလူးရွာက ဒေါ်ခင်စောရဲ့ သမီးပါ'

'ဟင်.. မင်း.. မင်းကို ဘယ်သူဝင်ခွင့်ပေးတာလဲ'

ဘီလူးရွာမှ မိစိမ်းကို ကြည့်ပြီး ဘီလူးမတစ်ကောင်ကို မြင်ရသလို ဦးအောင်ခိုင် မသက်မသာဖြစ်နေသည်။

'ဟေ့.. မောင်ကြီး လာစမ်း'

တံခါးဖွင့်သော လူကြီး အိမ်ထဲသို့ ကြောက်ရွံ့စွာ ဝင်လာသည်။

'ဒီကောင်မလေးကို ဘယ်သူဝင်ခွင့်ပေးတာလဲ'

'ဘယ်.ဘယ်သူမှ မပေးပါဘူး ဟို.သူ.. သူ့ဘာသာ အတင်းဝင်သွားတာပါ'

ဦးမောင်ကြီးဆိုသော လူကြီးကြောက်ကြောက်လန့်လန့် ဖြစ်နေသည်။

'မင်းအသုံးမကျလို့ လူစိမ်းတစ်ယောက် အိမ်ထဲအထိ ရောက်လာတာပေါ့'

ဦးအောင်ခိုင် ဒေါသဖြစ်နေသည်။

'လူစိမ်း မဟုတ်ပါဘူး တူမအရင်းပါ'

မိစိမ်းစိတ်ထဲမှာပင် ပြောရင်း လွယ်ထားသောအိတ်ကြီး၏ ဘေးမှ ဇစ်ကို ဖွင့်ပြီး အထဲမှ စာအိတ်ကို ထုတ်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အမေက ဒီစာပေးလိုက်ပါတယ်'

မိစိမ်းက စာကို ဦးအောင်ခိုင်လက်သို့ သွားထည့်သည်။

'မဖတ်ဘူး၊ ငါမဖတ်ချင်ဘူး'

ဦးအောင်ခိုင်က စာအိတ်ကို လှမ်း၍မယူ။

'ဖတ်တော့ကြည့်ပါဦး ဦးလေး၊ အမေဆုံးသွားပါပြီ'

'ဘာ'

ဦးအောင်ခိုင်၏မျက်နှာကို မိစိမ်းသေသေချာချာကြည့်ပြီး အကဲခတ်သည်။

မမျှော်လင့်သော သတင်းကို ကြား၍ အံ့အားသင့်ခြင်းလား၊ အစ်မတစ်ယောက်သေဆုံးသွား၍ စိတ်မကောင်းဖြစ်ခြင်းလား၊ မိစိမ်း ဝေခွဲ၍မရ။ သို့သော် ဦးအောင်ခိုင် စာကိုတော့ လှမ်းယူလိုက်သည်။

သေသူ၏ နောက်ဆုံး စာမို့ ငြင်းရန် အားနာသောကြောင့် ဖြစ်မည်ဟု မိစိမ်းတွေးမိ၏။

ဦးအောင်ခိုင်က နီးရာထိုင်ခုံမှာ ထိုင်လိုက်သည်။ နီညိုရောင် ကတ္တီပါဆက်တီထိုင်ခုံဖြစ်ပါသည်။

မိစိမ်းကတော့ ရပ်လျက်

နောက်ဖက်မှ နှစ်ယောက်ကတော့ ဘယ်အချိန်က ပျောက်သွား ကြမှန်းပင် မသိ။

စာက နှစ်ရွက်လောက် ရေးထားသည်။

မသေမီ ဤစာကို ရေးသွားသော အမေ့ကို မြင်ယောင်မိသည်။

'ဘာတွေများ ရေးထားပါလိမ့်'

စာထဲမှာပါသည့်အကြောင်းများကို မိစိမ်းမသိ။ အမေက စာအိတ်ကို ပိတ်ပေးသည်မို့ ဖွင့်မကြည့်ခဲ့။





စာထဲမှာပါသည်များကို သိနိုင်လေမလားဟု ဦးအောင်ခိုင်၏ မျက်နှာကို အသေအချာကြည့်နေသည်။

ဦးအောင်ခိုင်၏ မျက်နှာမှာ စောစောကထက်ပင် ပို၍ တင်းမာ နေသည်။

ဒေါသ၏အရိပ်များ ဒေါသ၏ အရောင်များအမျိုးမျိုးပြောင်းနေ သည်ကို မြင်နေရသည်။

'တောက်.. သူကများ ငါ့ကို.. ဟင်း...'

လက်ထဲမှ စာရွက်နှစ်ရွက်ကို ဦးအောင်ခိုင် လုံးခြေပစ်လိုက်သည်။

'မင်း.. ဒီစာကို ဖတ်ခဲ့ပြီးသားမဟုတ်လား'

ဦးအောင်ခိုင် အသံက ကျယ်သည်။

မိစိမ်းခေါင်းရမ်းပြသည်။

ပါးစပ်ကပြော

'မဖတ်ခဲ့ပါဘူး'

'ရော့.. ဖတ်ကြည့်'

ဦးအောင်ခိုင်က လုံးခြေထားသော စာရွက်နှင့် မိစိမ်းကို လှမ်း ပေါက်လိုက်သည်။

စာက မိစိမ်း၏ ရင်ဘတ်ကို မှန်ပြီး ကြမ်းပေါ်ကျသွားသည်။

မိစိမ်း ကောက်ယူလိုက်သည်။

'မြေွး..'

ဦးအောင်ခိုင်က မာမာကြောကြောအော်ခေါ်လိုက်သည်။

'ဟုတ်ကဲ့. လာပါပြီ. သူဌေး'

မိစိမ်းပြုံးချင်မိသည်။

ကိုယ့်ကိုယ်ကို သူဌေးတူမ ဟု တွေးမိ၍ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင်မလေး နင်တို့လင်မယားနေတဲ့ တန်လျားက ဟိုမိရွှေ နေသွားတဲ့ အစွန်ခန်းမှာထားလိုက်'

'ဟုတ်ကဲ့ပါ သူဌေး'

အိမ်ဖော်မိန်းကလေးနေသွားသော အခန်းဖြစ်မည်ဟု မိစိမ်း နားလည်လိုက်သည်။

'ဘယ်အခန်းမှာ နေရ နေရ ကိစ္စမရှိ၊ ဒီအိမ်ကြီးမှာ လက်ခံလိုက်ပြီ'ဟု မိစိမ်း နားလည်လိုက်သည်။

အမြန်ဆုံးလုပ်ချင်သည်က နေရမည့်နေရာရောက်လျှင် အမေ့စာကို ဖတ်ဖို့ဖြစ်သည်။

'စာထဲမှာ ဘာတွေ ပါလို့လဲ'

ဦးလေးဦးအောင်ခိုင် ဘာကြောင့် ဒေါသတကြီးဖြစ်ရသည်များကို သိချင်သည်။

'လာ . . ကလေး . မ'

ဒေါ်မြတ္တေးက မိစိမ်းကို သူ့နောက်မှ လိုက်ခဲ့ရန် ခေါ်သည်။

မိစိမ်းအိတ်ကြီးကို လွယ်လိုက်သည်။

'မင်းနာမည်ဘယ်သူလဲ ပြောစမ်း'

ဦးအောင်ခိုင် ခုမှ နာမည်မေးနေ၍ မိစိမ်းပြုံးချင်သည်။ သို့သော် မပြုံးတော့ပါ။

'ရတနာစိမ်း'

နာမည်အပြည့်အစုံပြောလိုက်သည်။

'တောက်'

ဦးအောင်ခိုင်၏ တောက်ခေါက်သံက ပြင်းထန်သည်။

'ဒါ မင်းအမေပေးတဲ့ နာမည်လား'





'ဟုတ်ပါတယ်'

'ဟင်း . . မိုက်ရိုင်းလိုက်တာ . . မခေါ်နိုင်ဘူး မိစိမ်း . . လို့ပဲ ခေါ်မယ်'

'ကောင်းပါတယ် အမေလဲ အဲဒီလိုပဲ ခေါ်ပါတယ်'

'တော်ပြီ မပြောနဲ့'

မိစိမ်းက လှုပ်ရှားလိုက်၍ ဒေါ်မြတ္တေး ခြေလှမ်းဖြစ်သည်။

'မြတ္တေး . . ခဏနေဦး'

ဦးအောင်ခိုင်၏ အမိန့်ကြောင့် ဒေါ်မြတ္တေးရပ်သွား၍ မိစိမ်းပါ ရပ်စောင့်နေလိုက်ရသည်။ ဦးအောင်ခိုင် စဉ်းစားနေသည်။

'သူ့ကို လေှခါးဘေးနားအခန်းမှာ ထားလိုက်'

'ဟုတ် . . ဟုတ်ကဲ့'

အိမ်ကြီးထဲမှာပင် လှေခါးဘေးမှ အခန်းတွင် ဒေါ်မြတ္တေး နေရာချပေးသည်။

စတိုခန်းအဖြစ် အသုံးပြုထား၍ အထဲမှ ပစ္စည်းများကို တော်တော်ကြာအောင် ရှင်းရသည်။ ဒေါ်မြတ္တေးနှင့် ဦးမောင်ကြီးက သစ်သားကုတင်တစ်လုံး ထည့်ပေးသည်။ အခန်းမှာ ကျဉ်းသည်။ မှောင်သည်။ လှောင်သည်။

သို့သော် မိစိမ်းအတွက်တော့ ကောင်းသော အခန်းဖြစ်နေသည်။

ပြတင်းပေါက်တစ်ခုရှိ၍ ပြတင်းပေါက်ကို ဖွင့်လိုက်သည်။

အခန်းထဲမှာ လင်းလင်းချင်းချင်းဖြစ်သွားသည်။

'ဟင်း . . ဟင်း'သူ့တူမ ဖြစ်နေလို့ သူ့ဂုဏ်မထိခိုက်အောင် ငါ့ကို ဒီအိမ်ကြီးထဲ ထားတာလားမသိ'

မိစိမ်း တွေးကြည့်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မိစိမ်းအတွက်ကတော့ အပြင်မှ တန်းလျားမှာနေရလျှင်လည်း သူနေခဲ့ရသော အမေ့အိမ်ထက်တော့ သာမည်သာဖြစ်သည်။

လုံးခြေထားသော စာရွက်နှစ်ရွက်ကို မိစိမ်း အမြန်ဖြန့်လိုက်သည်။

စာရွက်နှစ်ရွက်ပြန့်သွားပြီ။ သို့သော် တွန့်ကြေနေ၍ မိစိမ်းက လက်ဖြင့် ပွတ်သပ်ပြီး တတ်နိုင်သမျှ ပြန့်အောင် ဖြန့်ရင်း အမေ့ကို သတိရနေမိသည်။





အခန်း(၂)

"အောင်ခိုင်"

အခု နင့်ဆီရောက်လာတာ ငါ့သမီး။ ငါ့သမီးဆိုတော့ နင့်တူမ။ နင်ခေါ်ချင် ခေါ်ချင် မခေါ်ချင်မခေါ်ချင် သွေးကတော့ တော်နေပြီ။

နင် ဒီစာဖတ်နေတဲ့အချိန်ဆို ငါမရှိတော့ဘူး။ နင်လွမ်းမှာ မဟုတ်ပါဘူး။ လွမ်းစရာလဲ မလိုပါဘူး။ နင်ဘယ်လောက်ပဲ မကျေနပ် မကျေနပ်၊ ငါလုပ်ခဲ့တာအတွက် ငါမှားတယ်လို့ ငါတစ်ခါမှ မတွေးဘူး။ ငါ့ဘာသာ သေအထိကျေနပ်တယ်။

ငါမာနကြီးသလို နင်မာနကြီးတာပဲ။ အတူတူပေါ့။ နင်မာနကြီးသလောက်တော့ ငါလဲ မာနကြီးတာပဲ။ မဆန်းပါဘူး။ ငါတို့ အဖေ၊ အမေ၊ အဘိုး၊ အဘွားကစပြီး မာနကြီးတာကို ဂုဏ်ယူခဲ့ကြတာကိုး။

နင်က ပိုက်ဆံချမ်းသာလို့ မာနကြီးတယ်။ ငါက ဆင်းရဲလို့



www.burmeseclassic.com

www.burmeseclassic.com



မာနကြီးတယ်။ ငါအသက်ရှင်နေလို့တော့ ငါ့သမီးကို နင်မြင်တောင် မမြင်ရဘူးမှတ်။

အခုဟာက ငါသေရင် ငါ့သမီးက အပျိုအရွယ်လေးဖြစ်နေပြီ။ မိန်းကလေးဆိုတာ အုပ်ထိန်းသူမရှိလို့ မဖြစ်ဘူး။ ကောင်းတဲ့တစ်မိး တစ်ယောက်ထက် ငါမုန်းတဲ့နင်က သွေးတော်နေလို့ နင့်ဆီပို့တာ။ နင်ချမ်းသာတာကို အချောင်မှီခိုချင်လို့တော့ ထင်မနေနဲ့။ ငါ့မာနက အဲဒီအထက် အမြင့်ကြီးမှာ ရှိတယ်။

ငါ့သမီးက ဒီနှစ်ကိုးတန်းအောင်တယ်။ ဆင်းရဲလို့ ကျူရှင်မယူနိုင်ပေမယ့် ဉာဏ်ကောင်းတယ်။ စာတော်တယ်။ သူ့ဆန္ဒက ဆယ်တန်းအောင်ဘွဲ့ရတဲ့အထိ စာသင်ချင်တယ်။ ဖြစ်နိုင်ရင် ဆရာဝန်ဘွဲ့ရချင်တယ်။ အဲဒီလောက်တော့ နင်ကူညီသင့်တယ်။

ဒါပေမယ့် ငါ့သမီးက နင့်ဆီအလကားနေမှာမဟုတ်ပါဘူး။ သူနေတာ၊ စားတာနဲ့တန်အောင် အလုပ်လုပ်ပေးမှာပါ။ နင်အကြမ်းခိုင်းချင်လဲ ရတယ်။ အနုခိုင်းချင်လဲ ရတယ်။ အဖိုးအခမပေးရတဲ့ ကျွန်တစ်ယောက်လို ခိုင်းနိုင်တယ်။ ပညာတော့ သင်ပေးရမယ်။

နင် ငါနဲ့ ငါ့ယောကျ်ားကို မုန်းလို့ ငါ့သမီးကို မုန်းတယ်ဆိုရင်လဲ နင်ငယ်ငယ်က ရေနစ်တာ ငါဆယ်ဖူးတယ်။ ငါမကယ်ရင် နင်သေလို့ အရိုးတောင် ဆွေးလောက်ပြီ။ အဲဒီ ကျေးဇူးတစ်ခုထဲနဲ့တင် နင် ငါ့သမီးကို ကူညီသင့်တယ်။ ငါ့သမီးက ငါ့လိုလဲ မာနရှိတယ်။ ဒါပေမယ့် သူ့အဖေ သွေးပါလို့ စိတ်သဘောထားကောင်းလဲ ရှိတယ်။ ဒီလိုပြောတော့ နင် မကျေနပ်ရင်လဲ မတတ်နိုင်ဘူး မှန်တာပြောတာပဲ။

နင်မကျေနပ်စရာလဲ မရှိပါဘူး။ ငါ့ဆုံးဖြတ်ချက်နဲ့ ငါတစ်ပြားတစ်ချပ်မှ မယူဘဲ အိမ်က ဆင်းခဲ့တယ်။ မိဘချမ်းသာသမျှ နင်အကုန်





ရတာပဲ။ ငါအမြဲဝတ်တဲ့ ကျောက်စိမ်းပြားတောင် နင်မြော်မြင်လို့ ငါချွတ်ပေးခဲ့တယ်။ အဲဒီကျောက်စိမ်းပြားကို ငါ့ယောကျ်ားလောက် တန်ဖိုးမထားပါဘူး။

လူတွေကတော့ ပြောကြတယ်။ အဲဒီကျောက်စိမ်းရတနာကို ရောင်းတာ ဈေးကောင်း အများကြီးရလို့ နင်ပိုချမ်းသာသွားတာတဲ့။ ဟုတ်ချင်ဟုတ် မဟုတ်ချင်နေ ငါအရေးမစိုက်ဘူး။

နင့်မိန်းမ သေသွားတဲ့အထိ သားသမီးတစ်ယောက်မှ မရတာ ငါသိတယ်။ ငါတို့နှစ်ယောက်မှာ မျိုးဆက်ဆိုလို့ ငါ့သမီးပဲ ရှိတယ်။ ငါ့သမီးကို နင့်မျိုးဆက်အနေနဲ့လဲ စောင့်ရှောက်ဖို့ နင့်မှာ တာဝန်ရှိတယ်။

ခုချိန်ကစပြီး နင်နဲ့ငါ သေခန်းပြတ်သွားပြီ။

ခင်စော

အမေ့စာကို ဖတ်ပြီး တင်းမာနေသော အမေ့မျက်နှာကို မြင်ယောင်လာသည်။

အမေ့စာလေးကို မိစိမ်းလက်ထဲမှာ ဆုပ်ကိုင်ထားမိဆဲ။

အမေ့မာနများ၊ သတ္တိများ၊ အားမာန်များ ကိုယ်ထဲမှာ စီးဝင်လာသလို ခံစားရသည်။

မသင့်မြတ်သော မောင်ထံ သမီးကို ပို့အပ်သော်လည်း အမေ့စာမှာ တောင်းပန်သောလေသံ၊ အောက်ကျို့သော လေသံတစ်ခုမျှ မပါခဲ့။

သေအထိ မာနကြီးသွားသော အမေ. . ။

ဆင်းရဲသော်လည်း ချမ်းသာသော မောင်ကို သေသည်အထိ ပတ်သက်ဆက်စပ်လုပ်မသွားခဲ့။ ကိုယ့်တာဝကိုယ် သတ္တိရှိရှိ ရုန်းကန်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'အမေရယ်. . '

အမေ့ကို မြင်ယောင်လာပြီး ရင်ထဲမှာ လှမ်းလှမ်းဆွေးဆွေး ခံစားရသည်။

တကယ်တော့ ယခုအချိန်မှာ မိစိမ်းရှိက်ကြီးတငင်ငိုချလိုက်ဖို့ ကောင်းသည်။ သို့သော် မိစိမ်းကလည်း အမေ့သမီး။ မျက်ရည်တစ်ပေါက် ပင် ကျ၍ မရ။ တင်းတင်းမာမာရေးသွားသော အမေ့စာကိုလည်း သဘောကျသည်။

စကားမာမာပြောတတ်သော အမေသည် စာကိုလည်း မာမာ ကြောကြောရေးသွားခဲ့သည်။

အမေ့ကို အမေ့သဘာဝအတိုင်းသာ ရှိစေချင်ပါသည်။ ကိုယ့် အတွက် အမေ့မာနချသွားရသည်မျိုး မဖြစ်ချင်။

ထိုသို့သာ ဖြစ်ခဲ့လျှင် ကိုယ့်ကိုယ်ကိုပင် ခွင့်လွှတ်နိုင်မည်မဟုတ်။

အမေ့စာကို လုံးခြေပစ်ပေါက်သော ဦးအောင်နိုင်၏ ဒေါသကို လည်း မိစိမ်းအပြစ်မတင်လိုပါ။

သူလည်း အမေ့မောင်ဖြစ်၍ အမေ့လိုပင် မာနကြီးသူ ဖြစ်လိမ့် မည်။

အမေ့စာကလည်း သူ့အတွက် ဒေါသဖြစ်စရာ။

ဦးအောင်နိုင် ဒေါသတကြီး လုံးခြေပစ်ပေါက်ခဲ့သော အမေ့စာလေး ကို မိစိမ်းရင်ဘတ်ပေါ်မှာ အမြတ်တနိုး တင်ထားလိုက်သည်။





## အခန်း(၃)

ဒေါက်. . ဒေါက်. . ဒေါက်

အပြင်မှ တံခါးခေါက်သံကြား၍ အမေ့စာကို ခေါင်းအုံးအောက်မှာ အမြန်ထိုးထည့်ပြီး အိပ်ရာပေါ်မှ ထလိုက်သည်။

တံခါးဖွင့်လိုက်သည်။

တံခါးဝတွင် ဒေါ်မြထွေးကို တွေ့ရသည်။

'လှေခါးရင်းက ဘီနပ်စင်ရှင်းပါတဲ့၊ ဘီနပ်စင်ပေါ်က ဘီနပ် အားလုံး ပြောင်နေအောင် တိုက်ရမယ်တဲ့'

မိစိမ်းပြုံးချင်သည်။

သို့သော် မပြုံးမိ။

ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြထွေးက ပြောစရာစကားကို ပြောပြီးသည်နှင့် ပြန်ထွက်သွားသည်။

'ဟင်း... ဟင်း အနိမ့်ကျဆုံးအလုပ်ကို ခိုင်းပြီး ဦးချိုးလိုက်တာပေါ့လေ'

မိစိမ်း ရင်ထဲမှာတင် ပြုံးလိုက်သည်။

အဝတ်လဲဦးမည်ပြုပြီးမှ မလဲရန် ဆုံးဖြတ်လိုက်သည်။ ဝတ်ထားသည်များမှာလည်း ကောင်းလှသည်မဟုတ်ပါ။ လမ်းခရီးမှာ ပေလာခဲ့ပြီးသား ဖြစ်သည်။

ခါးမှ လုံချည်ကို တိုတိုတင်းတင်းပြင် ဝတ်လိုက်သည်။

အခန်းတံခါးပိတ်ပြီး လှေခါးရင်းဆီသို့ လျှောက်သွား၏။

ဘိနပ်စင်ရှေ့မှာ ဦးမောင်ကြီး စောင့်နေသည်။

ဘိနပ်စင်တစ်ခုလုံး ရှင်းရမည်။ ဘိနပ်များအားလုံး ပြောင်အောင်တိုက်ရမည်။ ဘိနပ်က အများကြီး။

သားရေနှင့် လုပ်သော ရှူးဘိနပ်များ၊ ကတ္တီပါညှပ်ဘိနပ်များ၊ သားရေဘိနပ်များ၊ လမ်းလျှောက်ရှူးဘိနပ်များ အမျိုးမျိုးစုံနေသည်။

'ဒီလောက်များတဲ့ ဘိနပ်တွေ ဘယ်လိုများ စီးတာပါလိမ့်'

မိစိမ်း အံ့ဩနေသည်။

သူ့မှာ ဘိနပ်တစ်ရံသာရှိသည်။ အမေ့မှာလည်း တစ်ရံသာရှိသည်။ တစ်ခါတစ်လေ သားအမိနှစ်ယောက်ပေါင်းမှ တစ်ရံသာ ရှိသည်ပင် ကြုံရသေးသည်။

'ပြောင်လက်နေအောင် တိုက်ရမယ်ဆိုတာ ဒီဘိနပ်တွေပြောတာ'

ဦးမောင်ကြီးက သားရေရှူးဘိနပ်တစ်ရံကို နမူနာ တိုက်ပြသည်။





ဖုန်သုတ်သည်။ ဆေးဘူးဖြင့် တိုက်သည်။ အရောင်တင်ဆီဖြင့် ထပ်တိုက်သည်။ အရောင်ထွက်လာအောင် အဝတ်ဖြင့် ပွတ်တိုက်သည်။

'ဒီအတိုင်းလုပ်'

ဦးမောင်ကြီးက နမူနာပြသည်။

'ရတယ်'

မိစိမ်းရင်ထဲမှာပင် ပြောလိုက်ခြင်းဖြစ်သည်။

တစ်ခါမျှ မလုပ်ဘူးသော အလုပ်ဖြစ်သည်။ သို့သော် အကောင်းဆုံးလုပ်ရန် ဆုံးဖြတ်လိုက်သည်။

ဦးမောင်ကြီး ထွက်သွားသည်။

ဘိနပ်စင်ပေါ်မှ ဘိနပ်များအားလုံးကို အောက်သို့ ဆွဲချလိုက်သည်။ ဘိနပ်များ အပုံလိုက်ဖြစ်သွားသည်။

ဘိနပ်စင်ရှေ့မှာ မိစိမ်းထိုင်လိုက်သည်။

ရှေးဦးစွာ 'ဘိနပ်စင်ကို ရှင်းသန့်သွားအောင်' လှည်းကျင်းလိုက်သည်။

'တကယ်လို့ သူ့အိမ်မှာ ညည်းကို နေခွင့်ပြုတယ်ဆိုရင်... ဒါနဲ့ ဘယ်လောက်မုန်းမုန်း... ညည်းနဲ့ဘာမှဖြစ်တာမဟုတ်ဘူး... ပြီးတော့ ညည်းအနေနဲ့လဲ သူဟာ တစ်ယောက်တည်းသော သွေးရင်းသားရင်းဦးလေး... ဘယ်လိုပဲဖြစ်ဖြစ် ညည်းက သူ့အိမ်မှာနေရမှာ။ အဆင်ပြေအောင် နေနိုင်တယ်ဆိုရင်လဲ ငါ မကျေမနပ်မဖြစ်ဘူး'

အမေသေခါနီးမှာ ပြောသွားသောစကား။

အမေက သူ့မာနကိုတော့ တစ်စက်မှ ချမသွားခဲ့။

သို့သော် သမီးကိုတော့ သူ့အမုန်းနှင့် မာနများ ကူးစေချင်ဟန်မတူ။



www.burmeseclassic.com

www.burmeseclassic.com



မိစိမ်းဘီနပ်စင်ရှင်းရင်း အမေ့နောက်ဆုံးစကားများကို စဉ်းစားနေမိသည်။

အမေ့စာဖတ်ပြီး စာရွက်ကို လုံးခြေ၍ မိစိမ်းထံ ပစ်ပေါက်သော ဦးအောင်နိုင်၏ မျက်နှာကို မြင်ယောင်လာရသည်။

ဘယ်လိုပဲ ဖြစ်ဖြစ် အမေနှင့် ဦးလေး၏ အမုန်းမာန်များသည် မိစိမ်းကိုလည်း ထိမှန်ခဲ့သည်။

ရှေ့မှ ဘီနပ်ပုံကြီးကို မိစိမ်းလှမ်းကြည့်လိုက်သည်။

'ဒါလဲ . . သူတို့အမုန်းမာနတွေ ငါ့ဆီရောက်လာတာပဲ'

မိစိမ်း ပြုံးချင်စိတ်ဖြစ်ရပြန်သည်။

သို့သော် ဘီနပ်က များလွန်း၍ အမြန်ဆုံး အလုပ်စရန် ဘီနပ်တစ်ရံကို ကောက်ယူလိုက်သည်။ အိမ်ရှေ့မှ ကားသံကြားရသည်။ ကြိုဆိုသံ စကားပြောသံများနှင့်အတူ အိမ်ထဲသို့ ဝင်လာသံကြားရသည်။

'ဟေ့ . . နင်ဘယ်သူလဲ၊ ဒါ ဘာလုပ်နေတာလဲဟင်'

ဂျင်းဘောင်းဘီနှင့် တီရှပ်ဝတ်ထားသော လူငယ်တစ်ယောက်။

'နင်ဘယ်သူလဲ၊ ဘာလို့ အိမ်ထဲဝင်လာရတာလဲ'

မိစိမ်းက မကျေမနပ် ပြန်မေးသည်။

'ဟာ . . သေစမ်းပါ၊ နင် ဘယ်သူလဲ'

ဒေါသတကြီး ဖြစ်နေသူကို မိစိမ်းက အပေါ်စီးနှင့် ကြည့်လိုက်သည်။

'နင် ဘယ်သူလဲလို့ ငါမေးနေတာရော နင်မကြားဘူးလား'

'ဟာ . . နင်က ပြန်မေးနေတယ်ဟုတ်လား။ သွားစမ်း၊ ဒီအိမ်ထဲကထွက်သွားစမ်း။ ဦးမောင်ကြီး . . ဒေါ်မြထွေး . . လာစမ်း သူ့ကို အိမ်ထဲက ဆွဲထုတ်ကြစမ်း'





'သူက ဘယ်သူလဲ ဦးမောင်ကြီးနဲ့ ဒေါ်မြထွေးကို မာန်ဝေါက် နိုင်းနိုင်တယ်ဆိုတော့'

မိစိမ်းစဉ်းစားရပြီ။

'အို . . ဘာပဲဖြစ်ဖြစ် ငါက ဦးအောင်နိုင်ရဲ့တူမ၊ ဦးအောင်နိုင်ရဲ့ တစ်ဦးတည်းသော သွေးရင်းသားရင်း'

အမေ့စာကို ပြန်သတိရပြီး စိတ်ကြီးဝင်လိုက်သည်။

'ငါက ဦးအောင်နိုင်ရဲ့ တူမအရင်း။ နင်က ဘယ်သူလဲ၊ ဘယ်ကလဲ'

တစ်ခုခုမှားနေပြီမှန်းသိသော်လည်း မိစိမ်း အလျှော့မပေးချင်၍ ဆက်တင်းလိုက်သည်။

'ဟာ ဘာတွေဖြစ်ကုန်တာလဲ၊ အဖေ့မှာ ဘယ်ကတူမမှ မရှိဘူး'

ဒေါ်မြထွေး ပြေးပြေးလွှားလွှားရောက်လာသည်။

'ဒေါ်မြထွေး သူ့ကို ဆွဲထုတ်ပစ်လိုက်စမ်း'

'ဟို . . သူ . . သူက . . .'

ဒေါ်မြထွေး ထစ်ထစ်ငေါ့ငေါ့ဖြစ်နေသည်။

'ဒေါ်မြထွေး၊ သူက ဘယ်သူလဲ၊ သူ့ကို အိမ်ထဲက မောင်းထုတ်ပစ်လိုက်'

မိစိမ်းကလည်း ဒေါ်မြထွေးကို အမိန့်ပေးနေသည်။

'အို . . ဟို . . သူ . . သူက'

ဒေါ်မြထွေး ထစ်ငေါ့နေဆဲ။

'ဟာ . . ခင်ဗျားကလဲ ဘယ်လိုဖြစ်နေတာလဲ၊ သူ့ကို ဆွဲထုတ်ပစ်လိုက်လို့ ပြောနေတာ မကြားဘူးလား'

'ဟို . . သူက . . သူ့ဒွေးရဲ့တူမ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာ အဖေ့တူမ ဟုတ်လား'

'ဟုတ်.. ဟုတ်ပါတယ်'

မိစိမ်းက အကြည့်တင်းတင်းနှင့် ရင်ဆိုင်လိုက်သည်။

'ကဲ.. နင်ထွက်သွားစမ်း'

အံ့ဩနေသူကို မိစိမ်းက ကိုယ်တိုင်မောင်းထုတ်လိုက်သည်။

'ဘာ.. ထွက်သွားရမှာက နင်၊ ဒေါ်မြထွေး ခင်ဗျားဘာတွေ လျှောက်ပြောနေတာလဲ၊ အဖေမှာ ဘယ်က တူမမှမရှိဘူး'

မိစိမ်းပြုံးလိုက်သည်။

'နင်က ဘယ်သူ့ကို အဖေခေါ်နေတာလဲ၊ ဦးလေးဦးအောင်နိုင်မှာ သားသမီးတစ်ယောက်မှ မရခဲ့ဘူး'

'ဟာ.. နင်မိုက်ရိုင်းလှချည်လား။ နေဦး ဒေါ်မြထွေး သူရောက်နေတာ အဖေသိလား'

'သိပါတယ်'

'ဟင်'

ဒေါ်မြထွေးအဖြေကြောင့် ဒေါသတကြီးဖြစ်နေသူ ဘာဆက်ပြောရမှန်းမသိဖြစ်သွားသည်။

'ကောင်းတယ်'

မိစိမ်းရင်ထဲမှာ ကြွေးကြော်လိုက်ခြင်းဖြစ်သည်။

'အဖေရော ဘယ်သွားလဲ'

'အုတ်စက်သွားတယ်'

လှုငယ်က မိစိမ်းကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

'အဖေ့မှာ ဘယ်ကတူမမှ မရှိဘူး။ နင်သေသေချာချာမှတ်ထား။ ငါက အဖေ့ရဲ့သား၊ အဖေလာရင် နင်သိစေရမယ်'





'ဟင်း.. ဟင်း.. ဦးလေးလာရင် နင်ဒုက္ခရောက်မယ်'

'ဒေါ်မြထွေး ဒီမှာ ဒီဘိနပ်တွေကို သူဘာလုပ်နေတာလဲ'

'သူ့ခွေးက သူ့ကို ဘိနပ်စင်ရှင်းပြီး ဘိနပ်တွေ ပြောင်အောင် တိုက်ခိုင်းထားတာပါ'

လှုငယ်က မိစိမ်းကို ကြည့်ပြီး ရယ်လိုက်သည်။

'ဟင်.. လက်စသပ်တော့ နင်က အိမ်မှာနိုင်းဖို့ ခေါ်ထားတာကိုး၊ ကောင်းတယ်၊ ဘိနပ်တွေအားလုံးပြောင်အောင်တိုက်၊ ငါ့ဘိနပ်ကို မှန်ကြည့်လို့ရအောင်တိုက်'

'နင့်မှာ ကြည့်စရာမှန် မရှိလို့လား'

'ဟင်'

လှုငယ်စိတ်ဆိုးသော်လည်း ချက်ချင်းဘာပြန်ပြောရမှန်းမသိ။

မိစိမ်းဘိနပ်တစ်ရံ ယူတိုက်နေပြီ။

'အေး.. နင်.. နောက်ကျရင် ငါ့အကြောင်းသိစေရမယ်၊ ခုတော့ ငါ့ဘိနပ်တွေတိုက်ဦး။ ပြီးရင် ဘိနပ်စင်ပေါ် အသေအချာပြန်တင်ထား'

အပေါ်စီးနှင့် အနိုင်ကျင့်ပြောပုံကို သဘောမကျ၍ မိစိမ်း ထိုင်နေရာမှ မော့ကြည့်လိုက်သည်။

'ဟင်'

မတ်တတ်ရပ်လျက် အပေါ်စီးမှ ကြည့်နေပုံကို မကျေမနပ်ဖြစ်ရသည်။

ဟနေသော အကျီရင်ဘတ်ကို လက်ဖြင့် ဖိလိုက်သည်။

အမေအပြစ်တင်မည်ဆိုလည်း တင်စရာ။

အမေ့ကို မိစိမ်းသတိရလိုက်သည်။

မိမိ၏ ကိုယ်ခန္ဓာဖွဲ့စည်းပုံမှာ ကျားသတ္တဝါတို့ကို စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



အောင် အွဲအောင်မှုရှိနေသည်။

မိစိမ်း ဘာမျှ မတတ်နိုင်။ ကိုယ်ပြုသည်မဟုတ်။ သူ့ဘာသာ သဘာဝဖြစ်သည်။

ကြည့်နေသူက တစ်ချက်ပြုံးလိုက်ပြီး အိမ်ပေါ်သို့ ပြေးတက်သွားသည်။

'ဟင်း'

မိစိမ်း ဒေါသဖြစ်ရသည်။

'သူက ဦးအောင်နိုင်ရဲ့သား စိုးမြတ်မင်းတဲ့'

ဒေါ်မြထွေးက မိစိမ်းကြားလောက်ရုံ ပြောလိုက်သည်။

'ဦးလေးဦးအောင်နိုင်ရဲ့ မိန်းမက သားသမီးတစ်ယောက်မှ မမွေးခဲ့ပါဘူး'

မိစိမ်းက သူ့အမေ၏စာအရ အနိုင်အမာပြောလိုက်သည်။

'အဲဒါတွေတော့ ငါလဲ မသိဘူး။ ဦးအောင်နိုင်မိန်းမရဲ့ညီမရဲ့သားကို မွေးစားတာလို့ပြောတာပဲ'

မိစိမ်းပခုံးတွန့်လိုက်သည်။

'ဘာမှ သွေးသားမတော်တဲ့လူ'

အစကပင် အထင်မကြီးခဲ့ရာမှ ပို၍ပင် အထင်သေးသွားရသည်။





## အခန်း(၄)

ညသည် တိတ်ဆိတ်နေ၏။ မိစိမ်း အိပ်၍ မပျော်နိုင်။

စိတ်က ဟိုရောက်သည်ရောက်၊ ကပေါက်တိ ကပေါက်ချာဖြစ်နေသည်။ အမေ့ကို သတိရသည်။ အမေနှင့်အတူနေခဲ့ရသော ဘီလူးရွာမှ အိမ်ကလေးကို သတိရသည်။

ထိုအိမ်ကလေးသည် သေးသော်လည်း မိစိမ်းအတွက် အနေကျယ်သည်။ ဤအိမ်ကြီးသည် အလွန်ကြီးပါ၏။ သို့သော် မိစိမ်းအတွက် အနေကျဉ်းလွန်းသည်။

ဘီလူးရွာမှ အိမ်ကလေးသည် ဝါးထရံကာ သက်ငယ်မိုးဖြစ်သော်လည်း မိစိမ်းအတွက် လုံခြုံသည်။ ယခု အုတ်နံရံကာ တိုက်အိမ်ကြီးမှာ အုတ်ခြံစည်းရိုးထပ်ဆင့်ကာရံထားသော်လည်း မိစိမ်းအတွက် လုံခြုံမှု မရှိသလို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေနှင့် နေခဲ့ရသည့်ရက်များမှာ ပျော်စရာ၊ ကြည်နူးစရာ။

အမေက ဒေါသကြီး၍ တစ်ခါတစ်ရံ ခေါက်သည်။ ဆူသည်။ ဆဲသည်။ သို့သော် ကြမ်းတမ်းသောအပြုအမူထဲမှာပင် အမေ့မေတ္တာကို မြင်နေရသည်။

အဖေဆိုသည်ကို မိစိမ်းကောင်းကောင်းပင် မမှတ်မိ။ မိစိမ်း (၄) နှစ်မှာ အဖေကွယ်လွန်ခဲ့သည်။

အမေ့ကိုသာ အားပြုနေခဲ့ရသည်။ အမေသည်သာ မိစိမ်း၏ အားကိုးရာ မေတ္တာရင်ငွေ့ခိုလှုံရာ။

ယခု အမေ့မရှိ။ အားကိုးရာမဲ့ခဲ့ပြီ။

ဦးအောင်နိုင်ကို ဦးလေးဆိုသော်လည်း တစိမ်းပြင်ပြင် ရေသွင်းသွင်းဟုသာ မိစိမ်းမြင်သည်။

ဦးအောင်နိုင်၏ မွေးစားသား စိုးမြတ်မင်းကိုတော့ မိစိမ်းလုံးဝ ကြည့်၍မရ။ ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းဆိုသောလူ။ ဆက်ဆံရေးကောင်းစရာ မမြင်။ ကြည့်ပုံရှုပုံကလည်း ယုံစရာမရှိ။

သို့သော် မွေးစားသားအဖြစ် ဦးအောင်နိုင် ပါစား ပေးထားပုံရသည်။

'ဟင်း . . လုံးဝအဆင့်မရှိတဲ့လူ'

စိုးမြတ်မင်း၏ မျက်လုံးများကို မြင်ယောင်မိသည်။

ခေါင်ကို ကျစ်ကျစ်ပါအောင် ဆွဲဖြုံလိုက်မိ၏။

မိမိ၏ ခန္ဓာကိုယ်ဖွံ့စည်းမှုကိုလည်း ဆင်ဆင်ခြင်ခြင် သတိထားရမည်။

'ငါက မဲမဲခြောက်ခြောက် ပိန်ပိန်ကပ်ကပ်ဆိုရင် ကောင်းမှာ'

ဘဝလုံခြုံရေးအတွက် အရုပ်ဆိုးချင်စိတ် ဖြစ်မိသည်။





'နင်က တကယ်ကို အပျိုကြီးဖြစ်လာပြီ၊ သိပ်ကြည့်လို့ကောင်းတာပဲ'

ဘီလူးရွာမှာနေစဉ် အိမ်ဘေးမှ အကိုကြီးပြောသည်ကို မကျေမနပ်ဖြစ်ခဲ့ရသည်။ သူ၏ ကြည့်ပုံများကိုလည်း စက်ဆုပ်ခဲ့ရသည်။

ဤအကြောင်းများကြောင့်ပင် အမေက ဤအိမ်သို့ ပို့ခဲ့ခြင်းဖြစ်သည်။ ဤအိမ်မှာရော ကိုယ့်အတွက် လုံခြုံပါ့မလား။

မိစိမ်းစဉ်းစားနေရပြီ။

ဒေါက် . . ဒေါက် . . ဒေါက်

အပြင်မှ တံခါးခေါက်သံကြားရသည်။

'ဒီအချိန် ဘယ်သူ တံခါးခေါက်ပါလိမ့်'

ဒေါ်မြထွေးတို့ ဖက်မှ ဝင်ပေါက်ကို ပိတ်ထားပြီးသားဖြစ်သည်။

'ဟော့ . . အိပ်ပြီလား . . ထပါဦး'

ယောက်ျားသံဖြစ်သည်။

သို့သော် ဦးလေးဦးစောနိုင်အသံမဟုတ်။ မိစိမ်းအိပ်ရာမှ ထလိုက်သည်။

'တံခါးဖွင့်စမ်း'

စိုးမြတ်မင်း၏ အမိန့်ပေးသံဖြစ်သည်။

တံခါးဖွင့်သင့်၊ မဖွင့်သင့် မိစိမ်းစဉ်းစားသည်။

'ဟေ့ . . တံခါးဖွင့်ဦးလို့ ပြောနေတာ မကြားဘူးလား'

အပြင်မှ အတင်းဖွင့်နိုင်းနေသည်။

'ဦးအောင်နိုင်ကများ အခေါ်ခိုင်းတာလား' မိစိမ်းစဉ်းစားရသည်။

ဒုန်း . . ဒုန်း . . ဒုန်း

'ဟော့ . . တံခါးဖွင့်ခိုင်းနေတာ မကြားဘူးလား' မိစိမ်းဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

'ဟင်. . သတ္တိရှိရင် စမ်းကြည့်ပေါ့'

မိစိမ်း ကိုယ့်တာသာ အဝတ်အဆင်အကျီကြယ်သီး ပြုတ်မပြုတ် သတိထားကြည့်လိုက်သည်။ အသင့်အတင့် သပ်ယပ်အောင် ပြုပြင်ပြီး တံခါးဖွင့်လိုက်သည်။

အပြင်မှ အလင်းရောင်က အခန်းထဲသို့ ဝင်လာ၏။ သို့သော် မိစိမ်းက ဘေးဖက်အရိပ်မှာ ရပ်နေလိုက်သည်။

အပြင်ဘက်မှာ ရပ်နေသည့် စိုးမြတ်မင်း။ ဘောင်းဘီတိုနှင့် တီရှပ်နှင့်။

'အစောကြီးရှိသေးတယ်။ အအိပ်ကြီးလှချည်လား'

စိုးမြတ်မင်းက မိစိမ်းကို လှမ်းကြည့်ရင်းမေးသည်။

'ဟုတ်တယ်. . အိပ်နေပြီ'

မိစိမ်းက စကားဖြတ်ချင်သည်။

'ဟ. . ဒီအချိန်အိပ်လို့ရမလား၊ ငါတောင် ဗီဒီယိုကြည့်နေတုန်း ရှိသေးတယ်၊ အခွေက သိပ်မိုက်တာပဲ၊ နောက်တစ်ခွေကြည့်ဦးမလို့၊ လက်ဖက်ရည်တစ်ခွက်ဖျော်ပြီး ငါ့အခန်းလာပို့လှည့်'

'လက်ဖက်ရည် မဖျော်တတ်ဘူး။ နောက်ပြီး ဘယ်နား ဘာထား မှန်းလဲ မသိဘူး၊ ဒေါ်မြထွေးကို ခိုင်းပေါ့'

'ညဆိုရင် ဒေါ်မြထွေးတို့ ဒီဘက်ကို ဘယ်သူမှ မဝင်ရဘူး။ ဒါက အမေ့အမိန့်၊ ဒါကြောင့်မို့ နင့်ကို ဒီအိမ်ထဲထားတာ၊ လာ လိုက်ခဲ့၊ ဘယ်နား ဘာထားတယ်ဆိုတာ ငါ ပြမယ်'

စိုးမြတ်မင်းက မိစိမ်းကို မီးဖိုဆောင်ထဲမှာ ပစ္စည်းများထား သည်ကို ပြ၍ လစ်ပတန်တီး သူ့အခန်းသို့ လာပို့ရန် ပြောပြီး ထွက်သွား





သည်။

မိစိမ်းလစ်ပတန်တီးဖျော်ပြီး မီးဖိုဆောင်ထဲမှ ထွက်လာသောအခါ စိုးမြတ်မင်း အခန်းဘယ်မှာရှိသည်ကို မသိ၍ ဘယ်ကို ပို့ရမှန်းမသိ။

ဦးအောင်နိုင်က ဘယ်အထပ် ဘယ်အခန်းမှာ နေမှန်းမသိ။ ဦးအောင်နိုင်အခန်းကို မှားရောက်သွားမှာ စိုးမိသည်။

'ဟင်း'

မိစိမ်း ဒေါသဖြစ်ရသည်။

'ဟော. . ဒတ်ပါသေးရဲ့'

ပထမထပ်ရှိ အခန်းတစ်ခုဆီမှ ဗီဒီယိုအသံကြားရသည်။

ထိုအခန်းဆီသို့ လျှောက်သွားသည်။

ဒေါက်. . ဒေါက်. . ဒေါက်

တံခါးကို ခေါက်လိုက်သည်။

'ဝင်ခဲ့'

စိုးမြတ်မင်းအသံ။

ဗီဒီယိုမှ ဆူဆူညံညံအသံများ ထွက်ပေါ်နေသည်။ ဗီဒီယိုဘက်ကို မိစိမ်း လုံးဝမကြည့်။

'ဒီစားပွဲပေါ် တင်လိုက်'

စိုးမြတ်မင်းက လက်ဖက်ရည်ခွက်ကို သူ့ရှေ့မှ စားပွဲပေါ် အတင် ခိုင်းသည်။ သူထိုင်နေသည်က ခုရင်ဘတ်ပေါ်မှာ ပိုးလိုးပက်လက်။

'ဟင်. . လစ်ပတန်တီးကို ဘယ်လိုဖျော်လာတာလဲ. . အထုပ် ဖောက်ပစ်လိုက်တာလား'

'ဟား. . ဟား. . ဟား စိတ်ပျက်စရာပဲ၊ ဒါက အထုပ်မဖောက်ဘဲ ဒီအတိုင်း' ထည့်ရတာ'



www.burmeseclassic.com

www.burmeseclassic.com



စိုးမြတ်မင်း၏ လေသံက သရော်လှောင်ပြောင်သံ။ မိစိမ်း ဘာမျှ ပြန်မပြော။ စိုးမြတ်မင်းကိုလည်း မကြည့်။

'ကဲ ရပါတယ်၊ ဗိဒီယိုကြည့်ချင်ထိုင်ကြည့်လေ'

'မကြည့်ချင်ဘူး'

မိစိမ်း အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

ကိုယ့်အခန်းကိုယ်ပြန် ရောက်သည်နှင့် အခန်းတံခါးကို အတွင်းမှ ပိတ်လိုက်သည်။

'ဟင်း . . ဒီအိမ်မှာ ကိုယ့်ကိုယ်ကို လုံခြုံအောင် အတော်စောင့်ရှောက် ရမှာပါလား'

တံခါးမင်းတုတ်ကို မိစိမ်း အသေအချာထိုးလိုက်သည်။





အခန်း(၅)

'အဲဒီအခန်းထဲသွား'

ဒေါ်မြထွေးက မိစိမ်းကို အခန်းကျယ်ကြီးတစ်ခုထဲ ပို့ထားခဲ့ပြီး အခန်းတံခါးကို အပြင်မှ ပိတ်သွားသည်။

'ဟော . . ဒီဘက်ကို လာခဲ့'

စိုးမြတ်မင်း၏အသံ။

မိစိမ်းလှမ်းကြည့်လိုက်သည်။ ပထမထပ်ရှိ ဧည့်ခန်းထဲမှာ ခမ်းနားကြီးကျယ်သော သားရေဆိုဖာထိုင်ခုံကြီးများတွင် ထိုင်နေကြသူ နှစ်ယောက်။ တစ်ယောက်က ဦးအောင်နိုင်။

'နင် ခုမှ အိပ်ရာထတာလား'

မေးသူ စိုးမြတ်မင်းကို မိစိမ်း ခပ်တင်းတင်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မပြေ။

'ပြောလေ မေးနေတာ မကြားဘူးလား'

စိုးမြတ်မင်းက ထပ်မေးသည်။

'ခြောက်နာရီက ထတာ'

'မရဘူးအဖေ၊ သူ ငါးနာရီထမှ ဖြစ်မယ်၊ နိုင်းစရာတွေက အများကြီး'

စိုးမြတ်မင်းက ချွန်တွန်းလုပ်နေသည်။ မိစိမ်းစိတ်ထဲမှာ ပြုံးလိုက်သည်။ တကယ်က မိစိမ်းငါးနာရီမှာ အိပ်ရာထနေကျ။ အမေနှင့်နေကတည်းက အစောကြီးထပြီး အကြော်ကြော်ရသည်မို့ ကျင့်သားကျပြီးသား။

အနိုင်ကျင့်မည်ကို ကြိုမြင်၍ တစ်နာရီလျှော့ပြောခဲ့ခြင်းဖြစ်သည်။

'ဘယ်လိုလဲ၊ နင်ထနိုင်ပါ့မလား'

စိုးမြတ်မင်းပြောနေပုံကို မိစိမ်းသဘောမကျ။ မခံချင်အောင် ကလိနေသော သဘော။

'မထနိုင်စရာမရှိပါဘူး'

မိစိမ်းမကျေမနပ်ပြောလိုက်သည်။

'သူစကားပြောတာ သိပ်ရိုင်းတယ်အဖေ၊ ကျွန်တော်ကိုလဲ မနေ့က ဦးအောင်နိုင်မှာ သားသမီးတစ်ယောက်မှ မရှိဘူးတဲ့'

'ဘာပြောတယ်'

ဦးအောင်နိုင် ဒေါသဖြစ်သည်ကိုကြည့်ပြီး စိုးမြတ်မင်း အားတက်သွားသည်။

'အမေ့စာထဲမှာ အဲဒီလိုပါလို့ ပြောတာပါ'

မိစိမ်းစိတ်ထဲမှာ ပြုံးလိုက်သည်။





မိန်းမ၏ တူကို ငယ်ငယ်ကလေးက ယူပြီး မွေးစားထားခြင်းဖြစ်ကြောင်း ဒေါ်မြတွေး ပြော၍ သိပြီးသား။

'သူက ဦးအောင်နိုင်ရဲ့တူမတဲ့၊ ကျွန်တော့်ကို အိမ်ထဲက ထွက်သွားတဲ့ နင်ထုတ်တယ်'

စိုးမြတ်မင်းက ဆက်တွန်းနေဆဲ။

'အေး၊ မင်းကို ငါသတိပေးထားမယ်၊ သွေးသားတော်နေလို့ မလွှဲသာမရှောင်သာ လက်ခံထားတာ။ ဒီအိမ်မှာ ငိုလ်ကျဖို့တော့ စိတ်မကူးနဲ့၊ ငါထားသလိုနေ၊ ငါနိုင်းတဲ့အတိုင်းလုပ်'

ဦးအောင်နိုင် ပြောသည်က အထက်စီးလေသံနှင့်။

'သူ့ကို ဘာတွေ နိုင်းမလဲအဖေ'

စိုးမြတ်မင်းက မနိုင်းမှာစိုးပုံရသည်။

'မနက်ငါးနာရီထပြီး ဒီအောက်ထပ်ဧည့်ခန်းမှာ သန့်ရှင်းရေးလုပ်ရမယ်၊ အမှိုက်လှဲတာရော ပစ္စည်းတွေ ဖုံသုတ်တာရော'

'ငါကားလဲ ပြောင်နေအောင် တိုက်ပေးရမယ်'

ဦးအောင်နိုင် ပြောနေစဉ် ဖြတ်ပြောလိုက်သော စိုးမြတ်မင်းကို မိစိမ်းမုန်းတီးစွာ လှမ်းကြည့်လိုက်သည်။

'အဓိက လုပ်ရမယ့်အလုပ်ကို ပြောမယ်' ဦးအောင်နိုင်ကို မိစိမ်း လှမ်းကြည့်လိုက်သည်။ သို့သော် မိစိမ်းကို ဦးအောင်နိုင်က မကြည့်။

'အိမ်ရဲ့ နောက်ဖက်မှာ နှင်းဆီစိုက်ခင်းရှိတယ်။ အရင်တုန်းက အပင်တွေ သိပ်သန်တယ်။ ပွင့်လဲ အများကြီးပွင့်တယ်။ အခုအပင်တွေ နာပြီး အပွင့်လဲ သိပ်မပွင့်တော့ဘူး။ အရင်တုန်းကထက် ပိုကောင်းအောင် လုပ်။ မြေဆွ၊ မြေဩဇာထည့်၊ တစ်နေ့ ရေနှစ်ခါလောင်း'

စိုးမြတ်မင်းက ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဖိနပ်တွေလဲ မနေ့ကလို ပြောင်အောင် တိုက်ထားဖို့ ပြောဦး အဖေ'

'စိတ်ရင်းပုတ်တဲ့လူ'

မိစိမ်းစိတ်ထဲမှ ရှုံ့ချလိုက်သည်။

'မင်းအာမေစာထဲမှာ ငါ့သမီးက အကြမ်းခိုင်းလဲ ရတယ်၊ အနှိုင်းလဲရတယ်၊ အပိုအခမပေးရဘဲနဲ့ ကျွန်တစ်ယောက်လို ခိုင်းနိုင်တယ်တဲ့၊ ဟင်း . . မာနတွေ ခေါင်းခိုက်နေလိုက်တာ ငါခိုင်းချင်လို့ မဟုတ်ဘူး။ သူ့စာထဲရေးတဲ့အတိုင်း သူ့ဆန္ဒပြည့်အောင် ခိုင်းနေတယ်မှတ်'

မိစိမ်းကို လှမ်းကြည့်သော ဦးအောင်နိုင်၏မျက်လုံးများသည် စိမ်းလွန်းနေသည်။

'ခိုင်းပါ၊ လုပ်ပါ့မယ်၊ ဒါပေမယ့် အမေ့စာထဲမှာပါသလို ကျွန်မ ပညာသင်နိုင်အောင်နဲ့ ကျွန်မရဲ့ လုံခြုံရေးကိုတော့ တာဝန်ယူပေးပါ'

မခံချင်စိတ်ကြောင့် ကြောက်ရွံ့ခြင်း အလျဉ်းမရှိပြန်ပြောပုံကလည်း အဓိပ္ပာယ်အပြည့်။

'နင့်ဘာသာ လုံခြုံအောင် နင့်ကိုယ်နင် တာဝန်ယူပေါ့'

မိစိမ်းပြောပုံကို စိုးမြတ်မင်း မကျေနပ်။

'ငါ့ကိုယ်ငါ တာဝန်ယူတယ်၊ စိတ်ချ'

မိစိမ်းလေသံကလည်း မာသည်။

'နင်. . အပြင်သွားပြီး ဖြစ်ချင်တာဖြစ်လာရင် ငါတို့က ဘာလို့ တာဝန်ယူရမှာလဲ'

စိုးမြတ်မင်း ပြောပုံကလည်း တင်းသည်။

'အဲဒီလို အောက်တန်းကျတာမျိုး ငါဘယ်တော့မှ မဖြစ်စေရဘူး'

'တိတ်စမ်း'





ဦးအောင်နိုင်က မိစိမ်းကို ငေါက်လိုက်သည်။

'အဖေ သူ့ကို ခိုင်းစရာရှိသေးတယ်၊ အိမ်သာထဲက ကြွေခွက်တွေလည်း ပြောင်အောင် ဆေးခိုင်းရမယ်'

'လူယုတ်မာ'

မိစိမ်းစိတ်ထဲက ဆဲလိုက်သည်။

'မင်းကို အရေးကြီးတာတစ်ခု သတိပေးထားဦးမယ်၊ မီးဖိုထဲမှာ မြွေတွေးကို ချက်ပြုတ်ခိုင်းထားတယ်၊ မီးဖိုထဲဝင်ပြီး ကူစရာမလိုဘူး၊ မြွေတွေးနဲ့ စကားမပြောရဘူး။ သူ့အလုပ်သူလုပ်ပစေ၊ ကိုယ့်အလုပ်ကိုယ်လုပ်ပါ'

'ဘာဖြစ်လို့ စကားမပြောရတာလဲ'

မိစိမ်းနားမလည်နိုင်ပါ။

'နောက်တစ်ခုက သူတို့နေတဲ့ဘက်ကိုလဲ သွားပြီး စကားပြောတာ မလုပ်ရဘူး၊ လုပ်စရာရှိတာလုပ်ပါ၊ လုပ်စရာမရှိရင် ကိုယ့်အခန်းမှာပဲ ကိုယ်နေပါ'

မိစိမ်းခေါင်းညိတ်ပြလိုက်သည်။

'တော်တော်ပျင်းစရာကောင်းမယ့်အိမ်ပဲ' ဟုလည်း စဉ်းစားလိုက်မိသည်။ သို့သော် ကိုယ့်အတွက် ကောင်းသည်။ ဘယ်သူနှင့်မျှ စကားမပြောရလျှင် စာကျက်ချိန်ပိုရမည်။

'အဖေ . . အဖေ့အခန်းနဲ့ ကျွန်တော့်အခန်းကို အရှင်းခိုင်းဖို့လဲ ရှိသေးတယ်'

စိုးမြတ်မင်းက မိစိမ်းအလုပ်နည်းမှာ စိုး၍ ထပ်ဖြည့်ပေးချင်သေးသည်။ စိုးမြတ်မင်းကို ဦးအောင်နိုင် လှမ်းကြည့်လိုက်သည်။ အကြည့်က တင်းမာ၏။



www.burmeseclassic.com

www.burmeseclassic.com



'မရှင်းရဘူး'

ထွက်လာသော လေသံကလည်း မာသည်။

'မင်းအိမ်အပေါ်ထပ်ကို လုံးဝမတက်ရဘူး။ အပေါ်မှာ လုပ်စရာရှိရင် မောင်ကြီးနဲ့ မြထွေးတို့ လင်မယားပဲ လုပ်လိမ့်မယ်'

'ကောင်းတာပေါ့'

မိစိမ်းသဘောကျပါသည်။

'ကျွန်တော့်အခန်းရော အဖေ'

စိုးမြတ်မင်းက ထပ်မေးနေပြန်သည်။

မိစိမ်းမလုပ်ချင်ပါ။ စိုးမြတ်မင်းအခန်းကို လုံးဝမဝင်ချင်ပါ။

ဦးအောင်ခိုင်ဆီသို့ မိစိမ်းလှမ်းကြည့်လိုက်သည်။

'မလုပ်ရဘူး။ မောင်ကြီးပဲ ရှင်းပစေ၊ မင်းအသေအချာမှတ်ထား အပေါ်ထပ်ကို လုံးဝမတက်ရသလို ဘယ်သူ့အခန်းထဲမှလဲ မဝင်ရဘူး'

မိစိမ်းခပ်မြန်မြန် ခေါင်းညိတ်ပြလိုက်သည်။

ရင်ထဲမှာတင် လက်ခုပ်တီးပြီး ကောင်းချီးဩဘာပေးနေသည်။ ဦးလေးဦးအောင်ခိုင်ကို ကျေးဇူးတင်မဆုံးဖြစ်ရသည်။





အခန်း(၆)

မနက်(၅)နာရီမှာ မိစိမ်းအိပ်ရာမှ နိုးနေသည်။

ခိုင်းထားသည့်အတိုင်း အိမ်အောက်ထပ်တွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်သည်။

ပြီးသည်နှင့် နှင်းဆီခြံရှိရာ အိမ်အနောက်ဖက်သို့ ဆင်းလိုက်သည်။

ဦးမောင်ကြီးလိုက်လာပြီး နှင်းဆီခြံဘေးမှ အဆောက်အဦလေးကို ဖွင့်ပေးသည်။ အထဲမှာ ဂေါ်ပြား၊ ပေါက်ပြား၊ ကိုင်းဖြတ်ကတ်ကျေး၊ ထိုင်းလှီးဓား၊ ရေပန်းကရား၊ ပိုးသတ်ဆေးဘူးများ မြေဩဇာအိတ်များ အစုံရှိသည်။

'လိုတာယူ၊ ပြီးရင် ပြန်ထား၊ တစ်ခုမှ မပျောက်စေနဲ့'



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်ကြီးက လိုရင်းကို ပြောပြီး အိမ်ကြီးဖက်ပြန်သွားသည်။

ကိုဒေါင်ထဲမှ ပေါက်ပြား၊ ဂေါ်ပြား၊ ကိုင်းဖြတ်ကတ်ကျေးနှင့် ရေပန်းကရားကို ထုတ်ယူလိုက်ကြသည်။

အလုပ်လုပ်ရတော့မည်မို့ လုံချည်တိုတိုပြင်ဝတ်လိုက်သည်။

နှင်းဆီခြံကြီးကို ကြည့်ပြီး မိစိမ်းသဘောကျသည်။ အတော်ကြီး သောခြံဖြစ်သည်။ ဘောင်တန်း၍ စိုက်ထားသော အပင်ကလည်း အများကြီး။

သို့သော် ပြုစုသူကင်းဝေး၍ ခြောက်သောအပင်ခြောက်၊ ဝါသော အပင်ဝါနေပြီ။ အချို့က ကိုင်းများ ကျိုးနေပြီ။ အချို့က ပြန်ပြုစု၍ ရသေးသည်။ လုံးဝသေသော အပင်များကို နုတ်ပြီး အသစ်စိုက်ရမည်။

ဤအလုပ်ကို မိစိမ်းသဘောကျသည်။ နှင်းဆီပန်းများကို မိစိမ်း ချစ်သည်။

သို့သော် ဈေးကြီး၍ ကိုယ်တိုင်ဝယ်မပန်နိုင်ခဲ့။ ခုတော့ နှင်းဆီ ခြံကြီးထဲရောက်ပြီး နှင်းဆီပန်းများကို ကိုယ်တိုင်ပြုစုရတော့မည်။

မပန်ရချင်နေပါစေ၊ နှင်းဆီပန်းများကို ပြုစုပြီး နှင်းဆီပန်းများနှင့် နီးနီးကပ်ကပ်နေခွင့်ကြည့်ခွင့်ရမည်ကိုပင် သဘောကျမိသည်။

ဤနှင်းဆီပင်များအားလုံးသာ ပြန်ပွင့်ကြလျှင် ဤခြံကြီးနှင့် ဤအိမ်ကြီး ပို၍ လှပသွားမည်။ ဤပန်းများကို ခူးယူ၍ ရောင်းလျှင်လည်း ပန်းဖိုးနှင့်ပင် အတော်အသင့် အိမ်တစ်အိမ် စားလောက်မည်။

အကောင်းဆုံး ပြုစုရန် မိစိမ်းဆုံးဖြတ်လိုက်သည်။ ခြောက်ေ သော နှင်းဆီပင်များကို နုတ်ပစ်သည်။ ကျိုးနေသည့် ကိုင်းများ၊ နာေ သည့်ကိုင်းများကို ကတ်ကျေးနှင့် ဖြတ်ပစ်သည်။

အပင်တိုင်း၏ အောက်ခြေမှာ မြေဆွသည်။ အရှေ့ဖ





ကောင်းကင်တွင် နေမင်းက တဖြည်းဖြည်းမြင့်တက်လာ၏။ မိစိမ်းမျက်နှာမှာ ချွေးသီးချွေးပေါက်များ စီးကျနေသည်။ နဖူးပေါ်မှ ချွေးများကို လက်ဖြင့် သပ်ပစ်လိုက်သည်။ ဆံပင်များပါ ချွေးဖြင့် စိုနေသည်။ အဝတ်များလည်း ချွေးစိုနေသည်။ သို့သော် ဤအလုပ်မျှကို မိစိမ်းပင်ပန်း သည်မထင်။ အမေနှင့် အတူနေစဉ်က လုပ်ရသည်မှာ ပို၍ ပင်ပန်းသည်။

မနက်(၅)နာရီထသည်။ ပဲကျိုတ်ထိုးရသည်။ စောစောစီးစီး ချွေးရွှဲ ရွှဲမက လက်နှစ်ဖက်စလုံး အံသေလာသည်။

ဤသို့လုပ်ရသောကြောင့်ပင် လေ့ကျင့်ခန်းရပြီး မိစိမ်း၏ ခါး ရင်တင်တို့မှာ အချိုးအဆစ်ကျ၍ ကျားသတ္တဝါတို့ စိတ်ဝင်စားစရာဖြစ်နေ သည်။

ပဲထိုးပြီးသည်နှင့် တို့ဟူး ကျိုရသည်။

တို့ဟူးကျိုသည်မှာလည်း မသက်သာ တစ်ချိန်လုံး ယောက်မ အကြီးစားနှင့် မတ်တတ်ရပ်ပြီး မွှေနေရသည်။ တို့ဟူးက ပြစ်လာလေ အားစိုက်မွှေရလေ ဖြစ်သည်။ ချွေးဒီးဒီးကျပြီးမှ တို့ဟူးတစ်ဒယ်ပြီးသည်။

အမေက တို့ဟူး ကြော်သည်။ မိစိမ်းနောက်တစ်ဒယ် ကျိုရပြန် သည်။ မနက်ပိုင်းမှာပင် တို့ဟူးသုံးဒယ် ကျိုရသည်။

တို့ဟူးကြော်များ မကုန်လျှင် ရပ်ကွက်ထဲမှာ လှည့်ရောင်းရ သေးသည်။ ကိုးနာရီလောက်မှာ ရေအမြန်ချိုးပြီး ကျောင်းအမြန်ပြေး ရသည်။

အမေထည့်ပေးလိုက်သော ထမင်းကြမ်းနှင့် တို့ဟူးကြော်ကို ကျောင်းရောက်မှ ပြေးပြေးလွှားလွှားစားရသည်။

ယခုအလုပ်မှာ မိစိမ်းအတွက် သက်သာနေသည်။ (၈)နာရီတွင် နှင်းဆီ(၃)ကျူးပေါင်းသင် မြေဆွ ကိုင်းရှင်းရေလောင်းပြီးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မြေဆွပြီးသား အပင်များကို ရေဝအောင် လောင်းပေးသည်။

'ဒီနေ့ ဒီလောက်တော်ပြီ'

ညနေမှ (၂)ကျုံးလုပ်မည်။

ကျုံးပေါင်း (၃၀)ရှိသည်။ (၆)ရက်ဆိုလျှင် ကျောင်းမဖွင့်မီ အားလုံး ပြီးသွားမည်။

ဓာတ်မြေသြဇာမသုံးတတ်သေး။ ဦးမောင်ကြီး မေးပြီးမှ လုပ်ရမည်။ အပင်များ သေကုန်လျှင် ကိုယ်တရားခံဖြစ်မည်။

မိစိမ်းပြုပြင်ပြီးသော (၃)ကျုံးမှာ သပ်သပ်ယပ်ယပ် သန့်သန့်ရှင်းရှင်းဖြစ်နေသည်။

အပင်ကလေးများ ချက်ချင်းလန်းဆန်းပြီး ပျော်ရွှင်နေကြသလို မိစိမ်း ခံစားရသည်။

'နင်တို့အားလုံးကိုလည်း အဲဒီလို လုပ်ပေးမယ်နော်၊ စိတ်ချ'

မပြုစုရသေး အပင်လေးများကို အားနာစိတ်နှင့် ချော့မော့တောင်းပန်လိုက်သည်။ အိမ်ရှေ့သို့ ထွက်ခဲ့သည်။

အိမ်ရှေ့ပန်းခင်းမှာ ဦးမောင်ကြီးပြုစုထား၍ စိမ်းစိမ်းစိုစိုရှိနေဆဲ။

မိစိမ်းက ခွဲသင့်သည်ကိုခွဲ၊ ကိုင်းရှင်းသင့်သည်ကို ရှင်းပေးသည်။ အပင်အားလုံးကို မြေဆွရေလောင်းလုပ်ပေးသည်။

သို့သော် အရွက်များမှာ ဖုံများပေနေ၍ တောက်ပြောင် လှပခြင်း မရှိ။

အရွက်များအားလုံးကို ရေဆေးပြီး အဝတ်နှင့် အသာအယာ သုတ်ပေးသည်။ ပြောင်လက်တောက်ပလာသည်ကို တွေ့ရသည်။

ပတ္တမြားတစ်ဖက် မြတစ်ဖက် အရွက်ကလေးများမှာ အပေါ်က စိမ်း၍ အောက်ဖက်မှာ ရဲရဲတောက်နေ၏။





တာဝန်ကျေမှုမဟုတ်။ စေတနာထား၍ မိစိမ်းလုပ်နေခြင်းဖြစ်သည်။

'ဟေ့ . . နောက်ဖက် နင်းဆီခြံက သုံးကျုံးထဲ ပြီးသေးတယ်၊ ဘာလို့ ပြီးအောင် ဆက်မလုပ်တာလဲ'

စိုးမြတ်မင်း ဂျင်းဘောင်းဘီတို စပို့ရှပ်အဝါနှင့် သားသားနားနား ဝတ်ဆင်ပြီး အိမ်ရှေ့သို့ လျှောက်လာသည်။

'မနက် သုံးကျုံး ညနေနှစ်ကျုံးလုပ်မယ်၊ ခြောက်ရက်ဆိုရင် အားလုံးပြီးမယ်'

'ဟာ . . တစ်ခါထဲ ပြီးအောင် လုပ်ပေါ့'

စိုးမြတ်မင်း ဆရာကြီးလုပ်ပြီး မညှာမတာနိုင်းနေသည်။

'ငါလုပ်နေကျ အလုပ်မဟုတ်လို့ ငါ့လက်တွေ ပေါက်ကုန်ပြီ၊ ဆက်လုပ်ရင် ကောင်းမှာမဟုတ်ဘူး။ ကျောင်းဖွင့်ဖို့ ဆယ်ရက်လိုသေးတယ်၊ ကျောင်းမဖွင့်ခင် ပြီးရင် ပြီးရောမဟုတ်လား၊ ငါ့အလုပ် ငါသိတယ်'

မိစိမ်းက ခပ်မာမာပြောလိုက်သည်။ သူက မွေးစားသား၊ သွေးသားတော်တာမဟုတ်၊ ငါက ဖွဲ့သားတော်တဲ့ တူမအရင်းဆိုသော အသိက စိုးမြတ်မင်းကို အလျှော့မပေးချင်။

'နင် ငါ့ကားကိုရော ဖုန်မသုပ်ဘူးလား'

'မသုပ်ဘူး'

'နင့်ကို မနေ့ညကတည်းက ငါပြောထားတယ်မဟုတ်လား'

'ဟိုမှာ ကားဂိုဒေါင် သော့ခတ်ထားတာ နင်မမြင်ဘူးလား'

မိစိမ်းက ခပ်မာမာပြန်မေးသည်။

'နင် ဒီအိမ်မှာ ကောင်းကောင်းနေချင်ရင်တော့ ငါနဲ့ အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



မှ ဖြစ်မယ်၊ နားလည်လား'

စိုးမြတ်မင်းက ခြိမ်းခြောက်ပြီး စည်းရုံးခြင်းဖြစ်သည်။

'ဘယ်လိုနေရ နေရ ဖြစ်တယ်'

မိစိမ်းလေသံက မာသည်။

'ဒီအိမ်မှာ နင့်ကို ကူညီနိုင်တာ ငါတစ်ယောက်ပဲ ရှိတယ်'

'ငါ ဘယ်သူ့အကူအညီမှ မလိုချင်ဘူး'

'စိုးမြတ်မင်း ပြုံးလိုက်သည်။

'ငါ နင့်ကို သဘောကျလို့ ပြောတာပါ'

စိုးမြတ်မင်းမျက်နှာက ပြိတ်တိ။

'ငါ နင့်ကို သဘောမကျဘူး'

မိစိမ်းမျက်နှာက တင်းတင်းတည်တည်။

'နောက်တော့ နင်သဘောကျလာမှာပါ'

စိုးမြတ်မင်းက မျှော်လင့်နေသည်။

'ဗွမ်း'

မိစိမ်းက လက်ထဲရှိ ရေပုံးထဲမှ ရေနှင့် သဲစ်ပင်များကို ပက်လိုက်သည်။ စိုးမြတ်မင်းကိုပါ ရေများ စင်ကုန်သည်။ စိုးမြတ်မင်း နောက်ကို ဆုတ်လိုက်သည်။

'နင်႔ ကျောင်းနေချင်ရင် ငါပြောပေးမှ ရမှာ'

စိုးမြတ်မင်းက မိစိမ်းကို နိုင်ဖဲရှာနေဆဲ။

'နင်ပြောမှ ရမယ်ဆိုရင်တော့ ငါ ကျောင်းမနေတော့ဘူး။ ဒီအိမ်မှာလဲ မနေတော့ဘူး'

မိစိမ်းဘက်က အောက်ကျို့ခြင်းမရှိ။

'နင် စဉ်းစားလေ၊ ငါနဲ့ ပြေလည်ရင် ဒီအိမ်မှာ နင့်အတွက်





အားလုံးအဆင်ပြေမှာပဲ'

စိုးမြတ်မင်း ပြောချင်သည်ကို မိစိမ်းနားလည်သည်။

'စိတ်ချ နင်နဲ့ ဘယ်တော့မှ မပြေလည်စေရဘူး'

မိစိမ်းရင်ထဲမှာတင် အနိုင်အမာဆုံးဖြတ်လိုက်ခြင်း ဖြစ်ပါသည်။

မိစိမ်းကို ကြည့်ပြီး ခေါင်းတစ်ချက်ညိတ်ပြ၍ စိုးမြတ်မင်းကား ကို မောင်းထွက်သွားသည်။

'အယုတ်တမာကောင်'

မိစိမ်းရင်ထဲမှ စက်ဆုပ်စွာ ရွံ့ချလိုက်သည်။

ကားကိုဒေါင်ထဲမှာ ဦးအောင်နိုင်၏ လင်ခရွဲဇာအမျိုးအစား ကားအဖြူကြီးသာ ကျန်ခဲ့သည်။

ထိုကားတွင် အပေါ်ပိုင်းမှာ ဖုန်များပေ၍ အောက်ပိုင်းမှာ ရွံ့များ နှင့် ညစ်ပတ်နေသည်။

'အသေအချာရေဆေးပြီး ပွတ်တိုက်ပေးလိုက်ရင် ကားကြီးက သိပ်လှမှာ'

မိစိမ်းလုပ်ပေးချင်စိတ်ဖြစ်မိသည်။ ဦးအောင်နိုင်ကတော့ ဘာမျှ ခိုင်းထားခြင်းမရှိ။ မိစိမ်းကိုယ်ဘာသာ ဆုံးဖြတ်၍ ရေ နှစ်ပုံးသွားဆွဲ သည်။ ကားကို ရေဆေးသည်။ ရေဝတ်နှင့် တိုက်သည်။

ဦးလေးဦးအောင်နိုင်ကို ကျေးဇူးတင်၍ စေတနာစိတ်လည်း ဖြစ်မိသည်။ စိုးမြတ်မင်းက သူ့အခန်းရှင်းပေးရန် ပြောသည်ကို ဦးအောင်နိုင်က လက်မခံဘဲ ဦးမောင်ကြီးသာ ပြုလုပ်ရန် သတ်မှတ်ပေး ခဲ့သည်။

'ဟင်း အန္တရာယ်ကောင်'

စိုးမြတ်မင်းအခန်းကို မိစိမ်းလုံးဝ မဝင်ချင်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဦးအောင်နိုင်က ငါ့ကို အကာအကွယ်ပေးလိုက်တာပဲ။

အမေ့သဘောထားကိုလည်း မိစိမ်း နားလည်လိုက်သည်။

'ဒါကြောင့် ဒီအိမ်ကို လွှတ်လိုက်တာနေမှာ'

မောင်နှမချင်း မာနပြိုင်ကြသော်လည်း အရေးကြီးတော့ သွေးနီးရာသို့ ပို့လိုက်သည်။ ဦးလေးကလည်း အမုန်းစကားကို ဒေါသနှင့် ပြောရင်း ဖြစ်ချင်သောဆန္ဒကို မျက်ကွယ်ပြု မရ။

ကားကို ဆေးကြောပွတ်တိုက်ပေးရသည်မှာ ပို၍ စိတ်ပါလက်ပါ ဖြစ်လာသည်။

'ဒကာမလေးရဲ့ အမေ ဒေါ်ခင်စောက မာနသိပ်ကြီးတယ်၊ မာနကြီးတော့ အာဃာတကြီးတယ်၊ အာဃာတကြီးတော့ အမုန်းကြီးတယ်၊ ဒေါသကြီးတယ်၊ ဒါတွေ အားလုံးဟာ မီးတွေပဲ၊ မီးဆိုတော့ ပူတာပေါ့'

သီလရှင်ဆရာလေး ဒေါ်ခေမာ၏စကားကိုလည်း ကြားယောင်လာပြန်သည်။ ဒေါ်ခေမာ၏ သီလရှင်ကျောင်းသည် မိစိမ်းတို့ အိမ်ဘေးမှာ ရှိသည်။ အမှန်ကတော့ မြို့ပြင်မှ သီလရှင် ဒေါ်ခေမာ၏ ကျောင်းဘေးမှာ မိစိမ်းတို့အိမ်ဆောက်နေခဲ့ကြခြင်း ဖြစ်သည်။

နေ့ခင်းနေ့လည်အားလျှင် ဆရာလေး ဒေါ်ခေမာ၏ကျောင်းသို့ မိစိမ်းရောက်သွားတတ်သည်။

ဒေါ်ခေမာ၏ မျက်နှာလေးမှာ ပကတိအေးချမ်းလှသည်။ ပြောပုံဆိုပုံနေပုံအားလုံး အေးသည်။ သီလရှင်ကျောင်းသို့ရောက်၍ ဒေါ်ခေမာ၏ မျက်နှာကို မြင်ရလျှင် အေးချမ်းမှုကို လှုတိုင်းခံစားရသည်။

အမေနှင့်တော့ ဆန့်ကျင်ဘက်။

မိစိမ်းတွေးရင်း ပြုံးမိသည်။





အပူမီးရဲ့ ဆန့်ကျင်ဘက်က အအေးလေ မာန၊ အာဃာတ၊ ဒေါသတွေရဲ့ ဆန့်ကျင်ဘက်က မေတ္တာတရား၊ သူက ဘယ်လောက်မုန်းမုန်း ကိုယ်က ပြန်မမုန်းနဲ့၊ မမုန်းရင် မပူဘူး၊ မေတ္တာစိတ်နဲ့နေ အေးချမ်းမှုကို ခံစားရလိမ့်မယ်'

ဆရာလေး ဒေါ်ခေမာ၏တရားကို စဉ်းစားနေမိသည်။ သေသည်အထိ ပူလောင်သွားသော အမေ့ကိုလည်း သနားမိသည်။ ဆရာလေး ဒေါ်ခေမာဟောပြောဆုံးမသည့် တရားအတိုင်း ဦးလေးဦးအောင်နိုင်အပေါ် မေတ္တာထားကြည့်ရန် မိစိမ်း စဉ်းစားကြည့်သည်။

'ကောင်းတယ်၊ သူနဲ့ ငါနဲ့ ရန်သူလဲ မဟုတ်ဘူး၊ သူမုန်းရင်တောင် ငါ မမုန်း[illegible]နဲ့ မေတ္တာထားကြည့်မယ်'

မိစိမ်းရင်ထဲမှာ အေးချမ်းမှုလေးကို ခံစားရသည်။

မဆေးသည်မှာ ကြာပြီဖြစ်သော မော်တော်ကားမှ ရွှံ့များ အညစ်အကြေးများအားလုံးကို ရေဖြင့် ဆေးကြောသန့်စင်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

မိစိမ်း မီးဖိုဘက်သွားသည်။

'မီးဖိုဘက်ကို မသွားရ၊ ဒေါ်မြထွေးကို ကူညီရန်မလို၊ ကိုယ့်အလုပ်နှင့်ကိုယ် လုပ်ရမည်'ဟု ဦးအောင်နိုင်ပြောထားသည်။

'ဘာဖြစ်လို့ တားတာလဲ'

မလုပ်ရဆိုမှ ပိုလုပ်ချင်လာသည်။ ဒေါ်မြထွေးနှင့် စကားပြောချင်၊ ဤအိမ်ကြီးအကြောင်း ဤအိမ်ကြီးမှ လူများအကြောင်းသိချင်သည်။

မီးဖိုထဲမှ ဒေါ်မြထွေး ကြက်သွန်ဖြူ အခွံခွာနေသည်။

'ကျွန်မ ဘာလုပ်ပေးရမလဲ ဒေါ်မြထွေး'

မိစိမ်းက ရင်းရင်းနှီးနှီးမေးခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ရတယ်၊ ရတယ်၊ ဘာမှ လုပ်စရာမလိုဘူး'

ဒေါ်မြထွေးဖြေပုံက လိုလားသော လေသံမဟုတ်။ ဆီးဆီးတားတား ဖြစ်သည်။

မိစိမ်း ဘာဆက်ပြောရမှန်းမသိ။

ဒေါ်မြထွေးနှင့် မလှမ်းမကမ်းမှာ ရပ်ပြီး ဒေါ်မြထွေးလုပ်သည်ကို ကြည့်နေသည်။

ဒေါ်မြထွေးက မိစိမ်းဘက်ကို လှည့်မကြည့်။ မိစိမ်းကို ဘာမှ မေးခြင်း ပြောခြင်းမရှိ။

'ဒေါ်မြထွေး ဒီအိမ်ရောက်တာ ကြာပြီလား'

'ကြာပြီ၊ အယ် သွားသွား'

မိစိမ်း ပြုံးလိုက်သည်။

'ဘာဖြစ်လို့လဲ ဒေါ်မြထွေးရဲ့'

'သူဌေးက အလုပ်လုပ်ရင်း စကားပြောတာ မကြိုက်ဘူး'

'ကိုယ့်တစ်အိမ်သားချင်းပဲ ဒေါ်မြထွေးရဲ့ ပြောစရာရှိတာတော့ ပြောရမှာပေါ့'

'ပြောစရာ ဘာမှ မရှိပါဘူး'

ဒေါ်မြထွေးက. စကားလမ်းကြောင်း ပိတ်လိုက်သည်။

'ဒေါ်မြထွေးက မရှိပေမယ့် ကျွန်မက ရှိရင်ကော'

'ဟင့်အင်း နားမထောင်ချင်ဘူး'

'ဒီအိမ်မှာ မိန်းမဆိုလို့ ဒေါ်မြထွေးနဲ့ ကျွန်မနှစ်ယောက်ပဲ ရှိတာ ဒီနှစ်ယောက်မှ စကားမပြောရင် ကျွန်မ ဘယ်သူနဲ့ သွားပြောမလဲ'

'စကားများရင် အမှားများတယ်တဲ့'

'ဘယ်သူက ပြောတာလဲ'





'သူဌေးက ပြောတာ'

'အခု သူတို့မှ မရှိဘဲ'

သူတို့က အချိန်မရွေး ပြန်လာတတ်တယ်၊ ပြန်လာလို့ စကားပြောနေတာ တွေ့ရင် အဆူခံရတယ်'

'သူ့သားရော ဆူတာပဲလား'

'ဆူတယ်၊ သူ့အဖေလဲ ပြန်တိုင်တယ်'

'ဆူတာများ ဘာကြောက်စရာရှိလဲ၊ ကျွန်မအမေဆိုရင် အမြဲတမ်း ဆူပြောနေတာပဲ'

'ဟင့်အင်း သူဌေးဆူတာ ကြောက်စရာကောင်းတယ်'

မီးဖိုပေါ်မှ ဟင်းအိုး ဆူကျူ၍ ရှူးရှူးရှဲရှဲအသံများ ထွက်လာသည်။

ဒေါ်မြထွေး ဟင်းအိုးဆီသို့ ပြေးသွားသည်။ ဒေါ်မြထွေးချထားခဲ့သော ကြက်သွန်လှီးဓားကို မိစိမ်းကောက်ကိုင်ပြီး ကြက်သွန်ဖြူ အခွံခွာသည်။

'မလုပ်ပါနဲ့ ထားလိုက်ပါ'

ဒေါ်မြထွေးက ဟင်းအိုးမွှေရင်း လှမ်းတားနေသည်။ မိစိမ်း သိပါသည်။ ပင်ပမ်းမှာ စိုး၍ တားပုံမျိုးမဟုတ်။

မိစိမ်းကို မီးဖိုချောင်မှာ ကူမလုပ်ရန် ပြောထားသည်။

'ဒေါ်မြထွေးကိုရော ဘာပြောထားသလဲ'

မိစိမ်းသိချင်။

'ဘာလဲ ကျွန်မကို မီးဖိုထဲ ကူမလုပ်ရဘူး၊ ကျွန်မနဲ့ စကားမပြောရဘူးလို့ ပြောထားလို့လား'

မိစိမ်းက ပြောင်မေးလိုက်သည်။ ဒေါ်မြထွေး ဘာမျှ ပြန်မပြောပါ။ သေချာပြီဟု မိစိမ်းနားလည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆုရင် ကျွန်မခံပါ့မယ် အဒေါ်ရယ်၊ ကျွန်မက အဒေါ့်ကို မြင်မြင်ချင်း အဒေါ်တစ်ယောက်လို ခင်လို့ပါ'

ဒေါ်မြထွေးက မိစိမ်းကို လှမ်းကြည့်သည်။

'ကျွန်မ အဒေါ်လို့ပဲ ခေါ်မယ်နော်'

ဒေါ်မြထွေးက ဘာမှ ပြန်မပြောပါ။

'ဦးမောင်ကြီးနဲ့ အဒေါ်က လင်မယားလား'

ဒေါ်မြထွေး ခေါင်းညိတ်ပြသည်။

'အဒေါ်တို့မှာ သားသမီးမရှိဘူးလား'

ဒေါ်မြထွေးမဖြေ၊ တစ်ခုပြီးတစ်ခု မေးနေသော မိစိမ်းကို ဒေါ်မြထွေး လှမ်းကြည့်လိုက်သည်။

'ကြက်သွန်ဖြူ ခွာတာ တော်ပြီ'

ဒေါ်မြထွေးကို လှမ်းကြည့်ပြီး မိစိမ်းက လက်ထဲမှ ဓားကို ချထားလိုက်သည်။

'တခြား ဘာကူရဦးမလဲ အဒေါ်'

'ဘာမှ မကူနဲ့ သွားတော့'

ဒေါ်မြထွေး ပြောင်နှင်နေပြီကို မိစိမ်းက မသိချင်ယောင်ဆောင်လိုက်သည်။

'ဒီနေ့ဆိုရင် ကျွန်မအမေဆုံးသွားတာ ဆယ်ရက်ရှိပြီ'

မိစိမ်းက သူ့ဘာသာပြောသလို ပြောလိုက်ခြင်းဖြစ်သည်။

'ဟင် ဟုတ်လား'

မိစိမ်းကို လှမ်းကြည့်ပြီး ဒေါ်မြထွေးသနားသွားဟန်တူသည်။

'ကျွန်မအမေက ဦးလေးဦးအောင်နိုင်ရဲ့ အစ်မအရင်းလေ'

'ဩော်'





'တကယ်ကို တူမတော်တာပါလား'ဟု ဒေါ်မြထွေးနားလည်သွားသည်။

'ဒါပေမယ့် အမေနဲ့ ဦးလေးက မတည့်ကြဘူးလေ၊ ဘယ်လောက်မတည့်တာလဲဆိုရင် ရန်သူတွေလောက် မတည့်တာ'

မိစိမ်းက ဒေါ်မြထွေးအမှန်အတိုင်း သိစေချင်သည်။

'ကျွန်မ ဘယ်မှ သွားစရာ၊ နေစရာမရှိလို့ ဒီအိမ်ရောက်လာတာပါ'

မိစိမ်းကို ဒေါ်မြထွေး အငေးသားကြည့်နေသည်။

'ဒါပေမယ့် ဒီအိမ်မှာ အိမ်ဖော်တစ်ယောက်ထက် အောက်ကျအောင် နေရမှာပါ'

ဒေါ်မြထွေးတစ်ခုခုအားပေးစကားပြောချင်သော်လည်း ဘာပြောရမှန်းမသိ။ မပြောတတ်။

'ကျွန်မ နေတတ်ပါတယ်၊ ဘာမှမဖြစ်ပါဘူး၊ ဘယ်လို အလုပ်နိုင်းနိုင်းလုပ်နိုင်ပါတယ်'

မိစိမ်းမှာ အဆိုးဆုံးကို ရင်ဆိုင်ရဲသော သတ္တိရှိ၍ ပကတိအတိုင်း တည်ငြိမ်မှုအပြည့်။

'ဟို. . မနေ့က. . ဘိနပ်တိုက်ခိုင်းတာ. . သူဌေး. . ဦး. . ဦးအောင်နိုင်'

အထစ်ထစ်အငေါ့ငေါ့နှင့် ပြောရခက်နေသော ဒေါ်မြထွေးကို မိစိမ်းက လက်ကာပြလိုက်သည်။

'သိပါတယ် အဒေါ့်ကို ဘယ်လိုမှ မအောက်မေ့ပါဘူး'

ဒေါ်မြထွေးက မိစိမ်းကို အားနာနေသည်။

'ကျွန်မ အဒေါ့်ကို အဒေါ်တစ်ယောက်လို ခင်ရရင် တော်ပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



မိစိမ်း စည်းရုံးနေခြင်းမဟုတ် ရင်ထဲမှ ဆန္ဒရှိသည့်အတိုင်း ပြောလိုက်ခြင်းဖြစ်သည်။

ဒေါ်မြထွေး ခေါင်းညိတ်ပြသည်။

'ရပါတယ်. . အဒေါ်. . . ဟင်'

ဒေါ်မြထွေးပြောနေရင်း မျက်နှာပျက်သွားသည်။

'သွား. . သွား ဒီအထဲမနေနဲ့. . အမြန်သွား'

ဒေါ်မြထွေးက အတင်းနှင်ထုတ်နေသည်။

ချက်ချင်းပြောင်းလဲသွားသော ဒေါ်မြထွေးကို မိစိမ်းနားမလည် နိုင်အောင် ဖြစ်ရသည်။

'အမြန်သွားလေ. . တစ်ယောက်ပြန်လာနေပြီ'

အိမ်ဝင်းထဲဝင်လာသော ကားသံကို ခုမှ မိစိမ်းသတိထားမိသ

မိစိမ်း မကြောက်သော်လည်း ဒေါ်မြထွေး ထိတ်ထိတ်ပြာ ဖြစ်နေသည်ကိုကြည့်ပြီး မီးဖိုခန်းထဲမှ ထွက်လိုက်သည်။

အိမ်ရှေ့မှာ ရပ်ထားသော ကားတစ်စင်းကို တွေ့ရ၏။

သို့သော် ဦးအောင်နိုင်၏ ကားမဟုတ်သလို စိုးမြတ်မင်း၏ လည်းမဟုတ်။

'ဘယ်သူ့ ကားပါလိမ့် ဦးမောင်ကြီး ဘာလို့ တံခါးဖွင့် လိုက်တာလဲ'

မိစိမ်း အံ့ဩနေစဉ် တံခါးဖွင့်၍ လူတစ်ယောက်ထွက်လာ ဘောင်းဘီရှည်အနက်နှင့် စပို့ရှပ်အဖြူဝတ်ထားသည်။ အရပ်မြင့် အချိုးအစားကျသော လူတစ်ယောက်။

'ဦးအောင်နိုင် တူမဆိုတာလား'

လူငယ်က မိစိမ်းကို သေသေချာချာကြည့်နေသည်။





'ဟုတ်ပါတယ်'

သူက ကိုယ့်ကို သိနေသည်။ ကိုယ်က သူ့ကိုမသိ။

'ကျွန်တော်က အေးရိပ်ဆောက်လုပ်ရေးကုမ္ပဏီကပါ'

'ဘာကိစ္စ ငါနဲ့ တွေ့ချင်တာပါလိမ့်'

မိစိမ်း နားမလည်နိုင်ဖြစ်နေဆဲ။

'ရန်ကုန်က လာတာပါ ဦးအောင်နိုင်မှာထားလို့ ရောက်လာတာ'

မိစိမ်းဘာလုပ်ရမှန်းမသိ။ ဘာမှလည်း ပြန်မပြောနိုင်။

'ကျွန်တော်တို့ အေးရိပ်ဆောက်လုပ်ရေးကုမ္ပဏီကို ဦးအောင်နိုင် င်မှာ ဆောက်မယ့် ဟိုတယ်အဆောက်အဦအတွက် ပုံစံထုတ်ပေးဖို့ နဲ့ ဆောက်လုပ်ပေးဖို့ကိစ္စ ဆက်သွယ်ထားလို့ပါ'

ဧည့်သည်က ထပ်ပြီး ရှင်းပြနေသည်။

ဧည့်သည့်ကို မိစိမ်းအားနာပါသည်။ သို့သော် ကိုယ်က အိမ်ရှင် ဖြစ် ဆီးကြို၍ ဧည့်ခံနိုင်လောက်အောင် အရေးပါသူမဟုတ်။ ကိုယ့် အကြောင်းကိုယ်သာ သိသည်။

'ငါ ဘယ်လို လုပ်ရမလဲ'

မိစိမ်း မလုပ်တတ် မကိုင်တတ်ဖြစ်နေသည်။

'တံခါးဖွင့်ပေးတဲ့ ဟိုဆရာကြီးက ဦးအောင်နိုင်တူမရှိတယ်၊ ပြောလိုက်လို့ပါ'

ဧည့်သည်က မိစိမ်းဆက်ဆံနေပုံကို နားလည်ဟန်မတူ။

'ဟုတ်ပါတယ်. . ကျွန်မ. . '

မိစိမ်း ဘာဆက်ပြောရမှန်းမသိ။

'ဦးအောင်နိုင်ကို ကျွန်တော် ဘယ်မှာ သွားတွေ့ရမလဲ'



www.burmeseclassic.com

www.burmeseclassic.com

ညော့်သည် စိတ်မရှည်ဖြစ်ဟန်တူသည်။

'အဲဒါ ကျွန်မ. . မသိပါဘူး'

မိစိမ်း အမှန်အတိုင်း ပြောလိုက်ခြင်းဖြစ်သည်။

'အင်း ဘာလုပ်ရမှန်းတောင် မသိတော့ဘူး၊ ကျွန်တော်က ဦးအောင်နိုင်နဲ့ တွေ့မှဖြစ်မှာ ဘယ်က စောင့်ရမှန်းတောင် မသိတော့ဘူး'

အိမ်ထဲဝင်ခွင့်ပင် ဖိတ်ခေါ်ခြင်းမခံရသေး၍ ညော့်သည် ကသိကအောင့်ဖြစ်နေသည်။

'ဟို ကျွန်မလဲ ဒီအိမ်ရောက်တာ နှစ်ရက်ပဲ ရှိပါသေးတယ်'

'ဪ. . အဲဒီလိုလား'

ညော့်သည်က နားလည်သွားဟန်နှင့် ပြုံးလိုက်သည်။

'ဦးအောင်နိုင်တူမ ဆိုတာတော့ ဟုတ်ပါတယ်နော်'

မိစိမ်း ခေါင်းကို ခပ်လေးလေးညိတ်လိုက်ရသည်။

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီအိမ်မှာ ကျွန်မက အိမ်ဖော်လောက်ပဲ အဆင့်ရှိပါတယ်'

ညော့်သည်ကို မိစိမ်းအမှန်အတိုင်း ထုတ်ပြောလိုက်ခြင်းဖြစ်သည်။

ညော့်သည်က မိစိမ်းကို အသေအချာကြည့်နေသည်။

'ရုပ်ကတော့ တော်တော်ချောတာပဲ'

ညော့်သည်၏အကြည့်ကို မိန်းကလေးတို့၏ သိတတ်သဘာဝဖြင့် မိစိမ်းနားလည်ပါသည်။

'ကျွန်တော်ကလဲ ကျွန်တော့အလုပ်ရှင်က လွှတ်လိုက်လို့ ရောက်လာတဲ့ အလုပ်သမားပါ'

ညော့်သည်ကလည်း သူ့အဆင့်ကို လျှော့ချလိုက်သည်။

မိစိမ်း ညော့်သည်ကို လှမ်းကြည့်လိုက်သည်။





ကားအကောင်းစားကို ကိုယ်တိုင် မောင်းလာသူဖြစ်သည်။ ဝတ်ဆင်ထားသည်ကလည်း သပ်ယပ်သည်။ ဘောင်းဘီရှည်နှင့် စပို့ရှပ်ဖြစ်သော်လည်း စိုးမြတ်မင်း ဝတ်ပုံမျိုးနှင့် ဘာမျှ မဆိုင်။

ခြံဝင်လမ်းဘက်ဆီမှ ကားသံကြားသည်။

မိစိမ်းရော ညော့်သည်ပါ ခြံတံခါးဆီသို့ လှမ်းကြည့်လိုက်ကြသည်။

ဦးအောင်နိုင်၏ လင်ခရူဇာ ကားအဖြူကြီးဖြစ်သည်။

ဦးမောင်ကြီး တံခါးဖွင့်ပေးနေသည်။

မိစိမ်းဝမ်းသာသွား၏။ ညော့်သည်အတွက် အဆင်ပြေသွား၍ ဖြစ်သည်။ ကိုယ်တိုင်လည်း ယောင်တိယောင်နဲ ခုက္ခမှ လွတ်မြောက်တော့ မည်။

'ဦးလေး. . ပြန်လာပြီ'

'ဟင်. . ဟုတ်လား'

ညော့်သည် ဝမ်းသာသွားသည်။

ကားအဖြူကြီး ခြံဝင်းထဲ မောင်းဝင်လာ၍ အိမ်ရှေ့မှာ ရပ်သည်။ ဦးအောင်နိုင်ကားပေါ်မှ ဆင်းလာသည်။

'မောင်ရင်က အေးရိပ်ကုမ္ပဏီကလား'

ဦးအောင်နိုင်က လူငယ်ကို လှမ်းမေးသည်။

'ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော့်နာမည် ထူးစံပါ'

အင်းဟုတ်ပြီ. . မောင်ရင်တို့ ကုမ္ပဏီက တယ်လီဖုန်းဆက်ထားပါတယ်၊ ဟော့ တံခါးဖွင့်လေ. . ဘာလုပ်နေတာလဲ. ညော့်သည်ကို အိမ်ထဲ ခေါ်ဘူး'

ဦးအောင်နိုင်က ညော့်သည်ကို ပြောနေရာမှ မိစိမ်းကို လှမ်းကြည့်၍ အပြစ်တင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

မိစိမ်းတံခါးကို ခပ်မြန်မြန် သွားဖွင့်သည်။

ညွှန့်သည်က အိမ်ထဲ ဝင်ခွင့်ရသည်ကို သဘောကျသော်လည်း မိစိမ်း အပြစ်ပြောခံရသည်ကို အားနာ၍ နှစ်သိမ့်သောအကြည့်နှင့် မိစိမ်းထံ လှမ်းကြည့်လိုက်သည်။

မိစိမ်းကတော့ ညွှန့်သည်ကို လုံးဝပြန်မကြည့်နိုင်။ ဦးအောင်နိုင်က ဘာနိုင်းဦးမလဲဟု ညွှန့်ခန်းထဲမှာ ရပ်လျက်

'ဟော့ ဘာရပ်နေတာလဲ သွား'

ဦးအောင်နိုင်က မာတင်းသောလေသံနှင့် နှင်ထုတ်လိုက်သည်။

ဦးအောင်နိုင်တူမဆိုသော မိန်းကလေး၏အနေအထားကို ထူးစံ အမှန်အတိုင်း သိလိုက်ရပါသည်။





အခန်း(၈)

ညနေခင်းနေရောင်အောက်တွင် မိစိမ်း၏ နဖူးမှာ ချွေးသီးလေးများစီးနေသည်။ မိစိမ်း လက်ညှိုးဖြင့် သပ်၍ ခါပစ်လိုက်သည်။ ချွေးစက် အချို့က နှင်းဆီရွက်လေးများပေါ်မှာ တင်နေသည်။

နှင်းဆီခင်းကို ဘောင်(၅၀)လုံး မိစိမ်းပြုပြင်ပြီးသွားပြီ။ ဦးမောင်ကြီး ပြပေးသည့်အတိုင်း သဘာဝမြေသြဇာများ ကျွေးထားပြီးဖြစ်သည်။

ရေပန်းကရား နှစ်ခုကို ထမ်းပိုးဖြင့် ထမ်းပြီး နှင်းဆီပင်များကို ရေလောင်းပေးသည်။ နှင်းဆီပင်လေးများ ရေဝသွားစေချင်၍ မြေစိုမှုမှာ ပင်ခြေမှာ ရေအိုင်သည်အထိ လောင်းပေးသည်။

လွန်ခဲ့သည့် (၅)ရက်မှစပြီး ပြုစုခဲ့သော နှင်းဆီပင်လေးများတွင်


www.burmeseclassic.com

www.burmeseclassic.com

အညွန့်လေးများ လန်းဆန်းနေသည်ကို မြင်ရပြီ။ ကိုယ်ပြုစုထားရသော နှင်းဆီပင်လေးများကို ကြည့်ပြီး မိစိမ်းသဘောကျနေသည်။

နောက်တစ်လခန့်ကြာလျှင် အဖူးအပွင့်လေးများနှင့် လှပလာကြမည်ကို တွေးပြီး မိစိမ်း စိတ်ကူးယဉ်နေလိုက်သည်။

'လှလှပပ ပွင့်ပေးကြနော်'

နှင်းဆီပင်လေးများ ကြားအောင် အသံထွက်ပြီး ပြောလိုက်သည်။

မိစိမ်း၏ လုံချည်အောက်ပိုင်းမှာ ရေများ ရွှဲရွှဲစိုနေသည်။ မိစိမ်း၏ အင်္ကျီနောက် ကျောမှာ ချွေးများ ရွှဲရွှဲစိုနေသည်။

'ဟော့ . . တစ်ခင်းလုံး ပြီးသွားပြီလား'

နောက်မှ အသံကြား၍ မိစိမ်းလှည့်ကြည့်လိုက်သည်။ စိုးမြတ်မင်းကို တွေ့ရ၍ စိတ်ပျက်သွားသည်။

ဤအိမ်တွင် စကားပြောဖော်မရှိ၍ စကားမပြောရသည်ကို မိစိမ်း စိတ်ပျက်သည်။ သို့သော် စိုးမြတ်မင်းနှင့် စကားပြောရမည်ကိုတော့ ပို၍ စိတ်ပျက်သည်။

မိစိမ်းဘာမျှ မပြောဘဲ နှင်းဆီပင်များကို ရေလောင်းပေးနေသည်။

'ငါ့ . . ဒီနေ့ ကျောင်းအပ်ပြီးပြီ'

စိုးမြတ်မင်း ပြောပုံက ဝါကြွားသောလေသံဖြစ်သည်။

'ငါ့ကိုရော ဘာလို့ ကျောင်းမအပ်သေးတာလဲ၊ ကျောင်းရော ထားပေးမှာလား'

မိစိမ်း စိုးရိမ်စိတ်ဖြစ်ရသည်။ ကျောင်းဖွင့်ရန် ငါးရက်သာ လိုတော့သည်။

'ကျောင်းထားမပေးလို့ကတော့ ဒီအိမ်မှာ ဆက်မနေတော့ဘူး'

မိစိမ်း စိတ်ထဲမှာ ဆုံးဖြတ်လိုက်သည်။





'နင်တို့ လူသစ်တွေက ကျောင်းဖွင့်တဲ့နေ့ကျမှစပြီး လက်ခံမယ်လို့ ပြောတယ်'

'ဟင်း တော်သေးတာပေါ့'

ဤစကားကိုတော့ မိစိမ်းသဘောကျမိသည်။

'ကျောင်းဖွင့်ရင်ရော ငါ့ကို ကျောင်းထားပေးမှာလား'

မိစိမ်း စိုးရိမ်စိတ်ဖြစ်ရသည်။

'နင် ဘာလို့ ကျောင်းနေဦးမှာလဲ ကိုယ့်ဘာသာ ဒီအတိုင်းနေလိုက်လဲပြီးတာပဲ၊ ငါသာ နင့်လိုဆိုရင် သိပ်ဟန်ကျမှာ၊ ကျောင်းမနေရလေ၊ ကောင်းလေပဲ'

'ငပျင်း ဘာမှ ရည်ရွယ်ချက်မရှိတဲ့လူ'

မိစိမ်းစိတ်ထဲမှာ မှတ်ချက်ချလိုက်သည်။

'နင် ကျောင်းနေဖို့ အဖေ့ကို ငါပြောပေးရမလား'

မိစိမ်း ဘာမျှ မဖြေ၊ ရေပန်းကရားများမှ ရေကုန်သွား၍ ရေကန်ဆီသို့ ရေသွားဖြည့်သည်။

'ဟေ့ ငါမေးနေတာ မကြားဘူးလား'

စိုးမြတ်မင်း နောက်မှ လိုက်လာသည်။

မိစိမ်းက ဘာမျှ ပြန်မပြော။

'အဖေ့ကို ငါပြောပေးရမလား'

စိုးမြတ်မင်း ထပ်မေးသည်။

'ငါ ပြောပြီးသားပဲ သူသိတာပဲ'

မိစိမ်းလေသံက မာသည်။

'ဒါဖြင့်လဲ နေပေါ့၊ ခုလောက်ဆို အဖေက သတိတောင် ရမှာ မဟုတ်တော့ဘူး၊ ငါပြောပေးရင် နင်နေချင်နေရမှာ'



www.burmeseclassic.com

www.burmeseclassic.com



စိုးမြတ်မင်းပြောပေး၍ ကျောင်းနေရသည်မျိုးမဖြစ်ချင်။ စိုးမြတ်မင်း ကျေးဇူးမရှိစေချင်။

'နုပုံအတိုင်းဆိုရင်တော့ အဖေက နင့်ကို ကျောင်းထားပေးမယ် မထင်ဘူး'

'မထားရင် ငါ့ဘာသာပြောမှာပေါ့'

စိုးမြတ်မင်း ပြုံးလိုက်သည်။

'ငါက နင့်ကို စေတနာနဲ့ ပြောတာပဲ၊ နင် ငါ့စေတနာကို နားလည်ဖို့ ကောင်းတာပေါ့'

ရေဖြည့်ပြီးသော ရေပုန်းနှစ်ပုန်းကို ထမ်း၍ မိစိမ်းနှင်းဆီခင်း ဆီသို့ ပြန်သွားသည်။

ကြော့ရှင်းစွာ လှပသော မိစိမ်းကို နောက်ဖက်မှ ကျန်ရစ်သော စိုးမြတ်မင်း အငေးသားကြည့်နေပါသည်။





အခန်း(၉)

တီ. . . တီ

ဗင်အမျိုးအစားငွေရောင် ကားလေးတစ်စင်း ခြံဝင်းထဲသို့ မောင်းဝင်လာသည်။

ညှော်ခန်းထဲတွင် သန့်ရှင်းရေးလုပ်နေရာမှ မိစိမ်းလှမ်းကြည့်လိုက် သည်။

ကားပေါ်မှ ဆင်းလာသော ထူးစံ အိမ်ထဲသို့ ဝင်လာသည်။

'ဦးအောင်နိုင်ရှိလား'

'ဟုတ်ကဲ့ ရှိပါတယ်'

ထူးစံမေးသည်ကို မိစိမ်းဖြေပြီး စားပွဲများကို ဖုန်သုတ်ပေးနေပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဪ . . ဒီမိန်းကလေးဟာ ဒီအိမ်မှာ အိမ်ဖော်အဆင့်လောက်ပဲ နေရတယ်ဆိုတာ တကယ်ပါလား'

မိစိမ်းကို ကြည့်ပြီး ထူးစံစိတ်မကောင်းဖြစ်မိသည်။

'နာမည်က ဘယ်လိုခေါ်လဲ'

ထူးစံက မိန်းကလေးနှင့် ရင်းနှီးချင်သည်။

'မိစိမ်းလို့ ခေါ်ပါတယ်'

'ဟ သိပ်ကောင်းတဲ့နာမည်ပါလား'

'မကောင်းပါဘူး'

စိမ်းကားသော အဓိပ္ပာယ် ဟု မိစိမ်းနားလည်ပါသည်။

'ကောင်းတာပေါ့ စိန်းလန်းတဲ့အဓိပ္ပာယ်'

ညှိသည်က အကောင်းအမြင်နှင့် ပြောသည်ကို မိစိမ်း ဘာမျှ မငြင်းတော့ပါ။

'တို့နာမည်က ထူးစံပါ'

ညှိသည်က သူ့နာမည်ကို ပြော၍ မိတ်ဆက်နေသည်။

ထိုနာမည်ကို မိစိမ်းသိပြီးသားဖြစ်သည်။ ပထမအကြိမ် ကြားခဲ့စဉ်ကပင် မှတ်မိနေပါသည်။

'ဟုတ်ကဲ့ ထိုင်ပါရှင်'

မတ်တတ်ရပ်နေဆဲဖြစ်သော ထူးစံက မိစိမ်းကို ပြုံးပြပြီး ဆိုဖာ ဆက်တီမှာ ထိုင်လိုက်သည်။

'ကျွန်တော့်ကိုတော့ မစိမ်းလို့ ခေါ်ခွင့်ပြုပါဗျာ၊ မိစိမ်းလို့ ခေါ်ရမှာ ရင့်သီးလို့ပါ'

'မစိမ်းလို့ ဘယ်သူမှ မခေါ်ပါဘူး'

'ဘယ်သူမှ မခေါ်ရင် ပိုကောင်းတာပေါ့ဗျာ၊ ကျွန်တော် မစိမ်းလို့ပဲ





ခေါ်မယ်'

'အဲဒီလိုခေါ်တာ ကျွန်မ'

'မိစိမ်း နင် ဒီမှာလာပြီး ဘာတွေ စကားများနေတာလဲ'

ညှိခန်းထဲ ရောက်လာသော စိုးမြတ်မင်း၏ ပြောပုံက မာရေကြောရေ ဖြစ်သည်။

မိစိမ်း ပြုံးလိုက်သည်။

'ငါ ညှိသည်ကို ညှိခံနေတာ'

'နင် ညှိခံစရာ ဘာအကြောင်းမှ မရှိဘူး။ ခုထွက်သွား'

စိုးမြတ်မင်းပြောဆိုပုံကို ထူးစံ သဘောမကျ။ သို့သော် ကိုယ်က ညှိသည်မို့ ဝင်ပြော၍လည်း မသင့်။

'ငါ ညှိခန်း သန့်ရှင်းရေးလုပ်နေတာ'

မိစိမ်းက ထွက်မသွားဘဲ လက်ထဲမှ ကြက်မွေးဖြင့် အခန်းထောင့်မှ ပိတောက်ကျည်းပေါင်းစားပွဲငယ်ကို ဖုံသုတ်နေသည်။

'ဟင် . . နင် . . ထွက်သွားလို့ ငါပြောနေတာ မကြားဘူးလား'

စိုးမြတ်မင်း လေသံက ပို၍ တင်းမာလာသည်။

'ငါ့ကို ခိုင်းထားတဲ့ တာဝန် ငါလုပ်တာပဲ၊ ပြီးမှ မပြီးသေးဘဲ'

'ဘာဖြစ်နေတာလဲ'

ဦးအောင်ခိုင် ညှိခန်းထဲ ရောက်လာသည်။

'ညှိသည်ရှိလို့ ဖုန်သုတ်နေတာ၊ မလုပ်ဖို့ ပြောတာမရဘူး အဖေ ဒီအခန်းထဲမှာ အတင်းပေကပ်နေတယ်'

စိုးမြတ်မင်းက ဦးအောင် တိုင်သည်။

'ခု ထွက်သွားစမ်း'

ဦးအောင်ခိုင်၏ လေသံက ပို၍ တင်းမာသည်။



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းထဲမှ ထွက်သွားသော မိစိမ်းကို ကြည့်ပြီး ထူးစံ စိတ်မကောင်းဖြစ်မိသည်။

ဦးအောင်ခိုင်တို့သားအဖ၏ အနိုင်ကျင့်လိုသည့် စိတ်ထားကိုလည်း သဘောမကျဖြစ်ရသည်။

ဦးအောင်ခိုင်က ထိပ်ဖက်မှ နှစ်ယောက်ထိုင် ဆိုဖာကြီးမှာ ဝင်ထိုင်လိုက်သည်။

စိုးမြတ်မင်း ညှော်ခန်းထဲမှ ထွက်သွားသည်။

'ပြောပါ ဘာပြောစရာရှိလို့လဲ'

ဦးအောင်ခိုင်မေးပုံက အထက်စီး လေသံနှင့်ဖြစ်သည်။ ရင်းနှီးခင်မင်မှုမပါသော အလုပ်သဘောမေးပုံမျိုးလည်း ဖြစ်သည်။

'ဦးအောင်ခိုင် လိုချင်တဲ့ပုံမျိုးဆိုရင် လုပ်ငန်းက အရင်ညှိထားခဲ့တာထက် အများကြီး ပိုနေပါတယ်'

ဦးအောင်ခိုင်က ထူးစံကို ကြည့်နေသည်။

'ကျွန်တော် အသေအချာတွက်ကြည့်တော့ အရင်သဘောတူထားတဲ့ ဈေးနဲ့ဆိုရင် အေးရိပ်ကုမ္ပဏီအတွက် အခက်အခဲရှိပါတယ်'

ထူးစံက တတ်နိုင်သမျှ စကားကို ယဉ်ကျေးပြေပြစ်အောင် ကြိုးစားပြောပါသည်။

'အဲဒီတော့ မင်းဆိုလိုတာက'

အဆောက်အဦးကိုဖြစ်ဖြစ်၊ ဈေးနှုန်းကိုဖြစ်ဖြစ် တစ်ခုခုတော့ ပြင်ရမယ့်အနေအထားရှိပါတယ်'

'တစ်ခုမှ မပြင်နိုင်ဘူး'

ဦးအောင်ခိုင်က အပြတ်ပြောလိုက်သည်။

ထူးစံ စိတ်ရှည်ရှည်ထားလိုက်သည်။





'ကျွန်တော်က ဦးနဲ့ ညှိနှိုင်းကြည့်တာပါ'

တောင်းပန်သော လေသံနှင့်ပြောခြင်းဖြစ်သည်။

'ဘာမှ မညှိနိုင်ဘူး'

'ကျွန်တော့်ဆန္ဒက. .'

'မင်း ဆန္ဒကို ငါစိတ်မဝင်စားဘူး'

ထူးစံပြုံးလိုက်သည်။

'မင်းက အေးရိပ်ကုမ္ပဏီရဲ့ အကြီးအကဲလား၊ အလုပ်သမားလား'

'အလုပ်သမားပါ'

ထူးစံက နှိမ့်ချပြောလိုက်သည်။

'ငါက မင်းတို့ကုမ္ပဏီရဲ့ ဥက္ကဋ္ဌနဲ့ပြောပြီး သဘောတူထားတာ၊ အလုပ်သမားရဲ့ ဆန္ဒတွေ၊ အလုပ်သမားနဲ့ ညှိတာတွေ ဘာမှ မလုပ်နိုင်ဘူး'

ဦးအောင်ခိုင်၏ မောက်မာသောပြောဆိုပုံကို ထူးစံမကျေနပ်ပါ။

'ကျွန်တော်က အလုပ်သမားပေမယ့် ဗိသုကာပညာရှင်ပါ၊ အရင်က ဦးအောင်ခိုင်ပြောခဲ့တဲ့ ပုံစံနဲ့တုန်းက ကုန်ကျစရိတ်ကိုလဲ ကျွန်တော်တွက်ပေးတာ ကုမ္ပဏီက လက်ခံတာပါ'

'ဒါဆိုရင် ဘာဖြစ်လို့ ညှိတာ ပြင်တာလုပ်ရဦးမှာလဲ'

ဦးအောင်ခိုင် မေးပုံက မာသည်။

'အခုဟာက အရင်ပြောတာထက် ပိုနေလို့ပါ'

'အပိုအလိုနည်းနည်းတော့ ရှိမယ်လို့ သဘောတူခဲ့တာပဲ'

'အခုဟာက များနေလို့ပါ'

'ဒါဖြင့် မင်းနဲ့ ငါ စကားမပြောဘူး။ မင်းတို့ဥက္ကဋ္ဌနဲ့ပဲ ပြောမယ်'

'ဥက္ကဋ္ဌက ကျွန်တော့်ကို ကွင်းဆင်းတွက်ချက်ပြီး ဦးအောင်ခိုင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ညီ့ဖို့ တာဝန်ပေးလိုက်တာပါ၊ ကျွန်တော်တွက်ချက်ပြီး ညှိနှိုင်းတဲ့ အတိုင်းပဲ ဖြစ်မှာပါ'

'ဒါဆိုရင် ဒီအတိုင်းပဲ မင်းသဘောတူလိုက်ပေါ့'

'မဖြစ်နိုင်လို့ပါ ပုံစံကိုလဲ ဦးအောင်ခိုင် စိတ်ကြိုက်ဖြစ်အောင် ထူးထူးခြားခြားထုတ်ပေးမှာပါ။ ဆောက်လုပ်တာလဲ အကောင်းဆုံးလုပ်မှာပါ။ အမြတ်ရဖို့ မရည်ရွယ်ပါဘူး။ ဒီဘက်နယ်မှာ နာမည်ကောင်းရချင်တာပါ'

'အမြတ်ရဖို့ မရည်ရွယ်ဘူးဆိုရင် ဘာထပ်ပြောစရာလိုသေးလဲ၊ ဒီအတိုင်းပဲ လုပ်ပေါ့၊ ဈေးလဲ နည်းတယ်၊ အကောင်းဆုံးလဲ ဆောက်ပေးတယ်ဆိုရင် ပိုပြီး နာမည်ကောင်းရမှာပေါ့'

ထူးစံ ပြုံးလိုက်သည်။

'အမြတ်ရဖို့ မရည်ရွယ်ပေမယ့် အရှုံးတော့ မခံနိုင်လို့ပါ'

'ဟာ. . မင်းဟာက ရှေ့စကားနောက်စကား မညီဘူး၊ စိတ်ပျက်စရာပဲ၊ တော်ပြီကွာ၊ မင်းနဲ့ ငါ ဘာမှ ဆက်ပြောစရာ မရှိတော့ဘူး'

ဧည့်သည်ကို ထားပစ်ခဲ့ပြီး ဦးအောင်ခိုင် ဧည့်ခန်းထဲမှ ထွက်သွားသည်။ ထူးစံ ပန်းနှစ်ဖက်ကို တွန့်လိုက်သည်။





## အခန်း(၁၀)

မိစိမ်းညစာစားနေစဉ် ဘေးနားမှာ စိုးမြတ်မင်းရောက်လာသည်။

'မနက်က ငါရောက်မလာခင် ဧည့်ခန်းထဲမှာ နင် ဟိုကောင်နဲ့ ဘာတွေပြောနေတာလဲ'

စိုးမြတ်မင်း မေးပုံက မကျေမနပ်။

'ဘာမှ မပြောပါဘူး'

'ပြောပါတယ်၊ ငါလာတဲ့အထိ နင်တို့ပြောနေကြတာပဲ'

'သူက ငါ့နာမည်မေးလို့'

'နင်က ပြောလား'

'မေးတော့ ပြောတာပေါ့'

မိစိမ်းက ခပ်ပေါ့ပေါ့ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'နင် ဒီကောင့်ကို အထင်ကြီးနေတာမဟုတ်လား'

'အထင်ကြီး စရာရှိရင် ကြီးမှာပေါ့'

မိစိမ်းက တမင်ရွဲ့လိုက်ခြင်းဖြစ်သည်။

'ဘာမှ အထင်ကြီးစရာမရှိဘူး'

'သူက စက်မှုတက္ကသိုလ်က ဗိသုကာဘွဲ့ရထားတာ၊ ဒါက ဆယ်တန်းတောင် အောင်သေးတာမဟုတ်ဘူး၊ အထင်ကြီးစရာရှိတာပေါ့'

'ဘွဲ့ရပေမယ့် ဒီကောင် အဖေဆီက အလုပ်ရချင်လို့လာတာ အခု အဖေက အလုပ်မပေးဘဲနဲ့ သူ့ကို နှင်ထုတ်လိုက်လို့ အိမ်ထဲ ထွက်သွားရတာ နင်သိလား။ အဲဒါ ဘာများ အထင်ကြီးစရာရှိလဲ'

'ဘယ်လိုပဲဖြစ်ဖြစ် နင့်ထက် အများကြီးသာတယ်၊ နင်လဲ သူ့ အထင်ကြီးရမှာပဲ'

မိစိမ်းက စိုးမြတ်မင်းနားလည်အောင် ပြောလိုက်သည်။

'ငါက အထင်မကြီးဘူး။ ဒီကောင်မျိုးကို ပိုက်ဆံရှိရင် ကြိုက်သ နိုင်းလို့ရတယ်၊ ငါစီးတဲ့ကားက သူစီးတဲ့ကားထက် အများကြီးပိုကော တယ်'

မိစိမ်းပြုံးလိုက်သည်။

'အဲဒါ နင်ချမ်းသာတာမှ မဟုတ်ဘဲ၊ ဦးလေးဦးအောင်နိုင်ပိုက် နဲ့ ဝယ်တာပဲ'

မိစိမ်းက စားလက်စထမင်းကို လက်စသိမ်းလိုက်သည်။

'အတူတူပေါ့၊ ငါ့အဖေ ပိုက်ဆံ ငါ့ပိုက်ဆံပေါ့'

မိစိမ်း ဘာမျှ ဆက်မပြောချင်တော့၍ ထမင်းစားပွဲမှ ထလို သည်။

'နင့်ကို ငါတစ်ခုမေးမယ်၊ နင်ဆယ်တန်းဆက်နေချင်တာ





မဟုတ်လား'

မိစိမ်း ဘာမျှမဖြေ။

'ငါသိပါတယ်၊ နင်ဆယ်တန်းဖြေဖို့ ကျောင်းဆက်နေချင်လို့ ဒီအိမ်လာတာ'

'နင်သိရင် ဘာလို့မေးနေသေးလဲ'

'နင့်ကို အဲဒီကောင်က ကျောင်းထားပေးနိုင်မလား'

'သူနဲ့ ငါနဲ့ ဘာဆိုင်လို့ ကျောင်းထားပေးရမှာလဲ'

'အေး . . ဟုတ်တယ်၊ ဘာမှ မဆိုင်ဘူး။ ကျောင်းလဲ ထားမပေး နိုင်ဘူး၊ ငါက နင့်ကို ကျောင်းထားပေးနိုင်တယ်'

'ဟင်း . . ဟင်း ရယ်ရတယ်၊ နင်က ငါ့ကို ဘယ့်လိုလုပ် ကျောင်းထားပေးနိုင်မှာလဲ'

'အေး ထားပေးနိုင်တယ်၊ နင်ကျောင်းဆက်နေချင်ရင် အဖေ့ကို ငါပြောပေးမှ နင်ကျောင်းနေရမှာ၊ ငါပြောမပေးရင် နင်နေရမှာ မဟုတ်ဘူး။ ငါက မထားပေးနဲ့လို့ ပြောကြည့် နင်ကျောင်းနေရဖို့ လုံးဝ မဖြစ်တော့ဘူး' ... ဗိတ်မကူးနဲ့တော့'

'ဟင်း . . ယုတ်မာလိုက်တဲ့ကောင်'

မိစိမ်းရင်ထဲမှာတင် မကျေမနပ်ပြောလိုက်ခြင်းဖြစ်သည်။

'နင် . . ငါသဘောကျအောင်နေ . . အဲဒါဆိုရင် နင့်ကို ငါပြော ပေးမယ်'

စိုးမြတ်မင်း ထမင်းစားခန်းထဲမှ ထွက်သွားသည်။

'လူးပါးဝလိုက်တဲ့ကောင်'

မိစိမ်း မကျေမနပ်ဖြစ် ကျန်ရစ်သည်။

ညသည် တိတ်ဆိတ်နေသော်လည်း အိပ်၍မပျော်။ ပြင်းပြသော

www.burmeseclassic.com


ဆန္ဒက ရင်ထဲမှာ လှုပ်ခတ်နေ၏။

မနက်ဖြန်ကာ ကျောင်းဖွင့်တော့မည်။

ယခုချိန်ထိ မိစိမ်းကျောင်းနေရန် ဘာမျှမသိရသေး။

'ထားမှ ထားပါ့မလား'

မိစိမ်းစိတ်မောရသည်။

'ဟိုကောင်ကမှား မထားဖို့ ပြောထားသလား'

စိုးမြတ်မင်းကို သံသယဖြစ်မိသည်။ ယခုရက်ပိုင်းတွင် စိုးမြတ်မင်း ကြည့်ပုံက ပြုံးစိစိ။

ဦးအောင်ခိုင်နှင့် မိစိမ်းတွေ့ရခဲသည်။ တွေ့ပြန်တော့လည် ဦးအောင်ခိုင်မျက်နှာက တင်းမာလွန်းသည်။ မည်သူ့ကိုမျှလည်း စကာ အပြောအဆိုမရှိ။

'ဘာကြောင့်များ ဒီလောက်တောင် ကိန်းကြီးခန်းကြီးဖြစ်နေရတ လဲ'

မိစိမ်းအံ့သြမိသည်။

'အမေ့ကို မုန်းတဲ့စိတ်နဲ့ အမေ့ဆန္ဒကို ဆန့်ကျင်ပြီး ငါ့ ကျောင်းမထားဖို့ ဆုံးဖြတ်ထားသလား'

မိစိမ်း စိုးရိမ်စိတ်ဖြစ်ရသည်။

'ဒါဆို ဘာလို့ ငါ့ကို လက်ခံထားသေးလဲ'

မိစိမ်း နားမလည်နိုင်ဖြစ်နေသည်။

'မနက်ဖြန်ကာမှ ငါ့ကို ကျောင်းထားဖို့ ကိစ္စမပြောရင် ငါ မေ တော့မယ်'

ဦးအောင်ခိုင်၏ တင်းမာလွန်းသော မျက်နှာကို မြင်ယော မိသည်။



'တင်းချင်တင်း၊ မာချင်မာ၊ သူက စမပြောရင်တော့ မေးရမှာပဲ'

မိစိမ်းဆုံးဖြတ်ထားလိုက်သည်။

'ဟိုကောင့်မျက်နှာကတော့ သူ့ကို အောက်ကျို့ပြီး ကျောင်းနေဖို့ ပြောပေးပါနိုင်းရင် ပြောပေးမယ့်ပုံ'

ခုမှ စိုးမြတ်မင်း၏ ပြုံးစိစိအဓိပ္ပာယ်ကို မိစိမ်းနားလည်လိုက်သည်။

သို့သော် သူ့အကူအညီ ဘာမျှမယူချင်။

သူပြောပေး၍ ကျောင်းနေရသည်ဟု ကျေးဇူးခံကျေးဇူးစား မဖြစ်ချင်။

'ထူးစံ'

မစိမ်းဟု ခေါ်ချင်သည်ဆိုသော ထူးစံမျက်နှာကို မြင်ယောင်မိ သည်။

ထူးစံအိမ်ကို လုံးဝမလာတော့ပါ။

ဦးအောင်ခိုင်နှင့် အလုပ်ကိစ္စအဆင်မပြေကြောင်း စိုးမြတ်မင်း ပြော၍ သိရသည်။

'ဘာတွေ အဆင်မပြေကြတာလဲ၊ ဘာဖြစ်လို့လဲ'

ထိုနေ့က မိစိမ်းနားထောင်ခွင့်မရ၍ ဘာမျှ မသိ။

'အို... ငါနဲ့ ဘာဆိုင်လဲ၊ သူ့ဘာသာအဆင်မပြေလဲ နေပေါ့'

မိစိမ်း အိပ်နေသည်ကို တစ်ဖက်သို့ပြောင်း၍ စောင်းလိုက်သည်။

ဒေါက်... ဒေါက်... ဒေါက်... ဒေါက်

တံခါးခေါက်သံကြားရသည်။

'ဘယ်သူ့ပါလိမ့်'

မိစိမ်းအသံမပြုဘဲ နားစွင့်နေလိုက်သည်။

ဒေါက်... ဒေါက်... ဒေါက်... ဒေါက်


www.burmeseclassic.com

www.burmeseclassic.com


တံခါးခေါက်သံ ထွက်ပေါ်လာပြန်သည်။

ပြင်းပြင်းထန်ထန် မဟုတ်။ အသာအယာခေါက်သောအသံ။

မိစိမ်းအသံမပြု။

ထပ်ခေါက်နေပြန်ပြီ။

ဦးအောင်ခိုင်များ ငါ့ကို ကျောင်းထားဖို့ ကိစ္စပြောမလို့လား။

မိစိမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'မိစိမ်း'

ခေါ်သံက ခပ်တိုးတိုးဖြစ်သည်။

'ဟင်း . . စိုးမြတ်မင်းအသံ'

မိစိမ်း စိတ်ပျက်သွားသည်။

'မိစိမ်း တံခါးဖွင့်'

မိစိမ်းက အသံမပြုဘဲနေသည်။

'မိစိမ်း တံခါးဖွင့်စမ်း၊ နင် ကျောင်းနေဖို့ ကိစ္စပြောမလို့'

'ဟင် . . '

မိစိမ်း အလိုလိုထိုင်မိလျက်သား ဖြစ်သွားသည်။

'မိစိမ်း'

စိုးမြတ်မင်းက ထပ်ခေါ်နေသည်။

'လာပြီ'

မိစိမ်း အိပ်ရာပေါ်မှ ထသွားသည်။

'တံခါးဖွင့်'

တံခါးနားရောက်ပြီးမှ မိစိမ်းမဖွင့်သေးဘဲ ရပ်နေသည်။

'ဒီကောင့်ကို ယုံရပါ့မလား'

'မိစိမ်းတံခါးဖွင့်လို့ ပြောနေတာ မကြားဘူးလား'

သတ္တိရှိရှိ ရင်ဆိုင်ရန် ဆုံးဖြတ်ပြီး မိစိမ်းတံခါးဖွင့်ပေးလိုက်သည်။

တံခါးဝတွင် စိုးမြတ်မင်းကို ဘောင်းဘီတိုနှင့် စွပ်ကျယ်လက်ပြတ်နှင့် တွေ့ရသည်။

စိုးမြတ်မင်းပြောမည့်စကားကို မိစိမ်းနားထောင်နေသည်။

'ငါ့ဖို့ ဟိုတစ်ခါလို လစ်ပတာန်တီးဖျော်ပြီး အခန်းလာပို့လည်း ဒီတစ်ခါ အထုပ်မဖောက်နဲ့'

စိုးမြတ်မင်းက လှည့်ထွက်သွားသည်။

'နေဦး နင် ခုန ငါကျောင်းနေဖို့ ကိစ္စပြောမယ်ဆိုတာ . . '

'ငါ့အခန်းကို လက်ဖက်ရည်လာပို့မှ ပြောမယ်'

ဦးလေးဦးအောင်ခိုင်က သူ့အခန်းနဲ့ နင့်အခန်းကို ငါမလာရဘူး ပြောထားတာပဲ'

'ဒါက သန့်ရှင်းရေးလုပ်တာ ပြောတာပါ၊ လက်ဖက်ရည်လာပို့တာ ရပါတယ်'

'ငါ မပို့ချင်ဘူး'

'နင့်သဘောပဲလေ နင်ကျောင်းနေရဖို့ ကိစ္စ စိတ်မဝင်စားရင် မလာနဲ့ပေါ့'

စိုးမြတ်မင်း ထွက်သွားသည်။

မိစိမ်း ဘာလုပ်ရမည်မသိ။ မတ်တတ်ရပ်လျက်

'ဒီကောင် ပြောတာ ဟုတ်ရဲ့လား၊ ငါ့ကို သူ့အခန်းညာခေါ်တာ လား'

သွားသင့် မသွားသင့် မိစိမ်းချင့်ချိန်နေသည်။

'ဦးလေး ဦးအောင်ခိုင်က ငါကျောင်းနေဖို့ကိစ္စ သူ့ကိုပြောထား ပြီလား'

www.burmeseclassic.com

တစ်ခါတည်းပြောမသွားသော စိုးမြတ်မင်းကို မကျေမနပ်ဖြစ်ရသည်။

ရင်ထဲမှာ သိချင်စိတ်က ပြင်းပြလျက်

'သူနိုင်းတဲ့အတိုင်း လုပ်ပေးမယ်၊ ဟုတ်ရင်ဟုတ်ပေါ့'

မိစိမ်း ကြောက်စိတ်မရှိ၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်။

မီးဖိုဘက်သို့ သွား၍ လက်ဖက်ရည်ဖျော်သည်။ လစ်ပတန်တီးကို အထုပ်လိုက် ထည့်လိုက်ရင်း ပြုံးမိသည်။ ယခင်တစ်ခါက ဖောက်ပြီး ဖျော်ခဲ့မိ၍ဖြစ်သည်။

'ကိုယ်မှ မသိဘဲ'

ရှက်စိတ်မဖြစ်မိပါ။

ကော်ဖီဖျော်ပြီးသည်နှင့် အပေါ်ထပ်မှ စိုးမြတ်မင်းအခန်းသို့ ယူသွားသည်။

အခန်းထဲမှာ ဗွီဒီယိုဖွင့်ထား၍ ဆူဆူညံညံအသံများ ကြားနေရသည်။

'ဘာအခွေ ဖွင့်နေတာလဲ'

ခဏရပ်နေမိသည်။

'အခန်းထဲ မဝင်တော့ဘူး၊ ဒီနားမှာပဲ ပေးမယ်'

ဆုံးဖြတ်မိခြင်းနှင့်အတူ တံခါးကို ခေါက်လိုက်သည်။

'ဖွင့်ထားတယ် ဝင်ခဲ့'

စိုးမြတ်မင်းက အတွင်းမှ လှမ်းပြောသည်။

'မဝင်တော့ဘူး၊ နင် ဒီမှာ ထွက်ယူ'

မိစိမ်းမဝင်ချင်။

'ဟ..ငါက ဘာလို့ထွက်ယူရမှာလဲ၊ နင်လာပို့ ငါက နင်အတွက်





သတင်းကောင်းပြောရမှာပဲ'

မိစိမ်းစိတ်ထဲမှာ မကျေနပ်။ သို့သော် အခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်သည်။

ဗွီဒီယိုဘက်သို့ မကြည့်မိအောင် ကျောပေးထားသည်။

စိုးမြတ်မင်းက ဒရင်ဘက်ပေါ်မှာ ခြေဆင်း၍ အခန့်သား ထိုင်ရင်း သူ့ဘေးမှ ခုံငယ်ပေါ်မှာ လက်ဖက်ရည်ခွက်တင်ရန် ညွှန်ပြသည်။

သူ့ဘယ်ဘက်ဘေးမှာ ကတ္တီပါစွပ် ဆိုဖာထိုင်ခုံတစ်လုံးရှိသည်။

'ထိုင်ပါဦး'

မိစိမ်းကို အထိုင်ခိုင်းသည်။

'ငါမထိုင်ဘူး၊ ငါ ကျောင်းနေဖို့ကိစ္စ သိချင်တယ်၊ ဦးလေး ဦးအောင်နိုင် ဘာပြောလဲ'

စိုးမြတ်မင်း ပြုံးသည်။

'ပြောမှာပေါ့ဟ အေးအေးဆေးဆေးပေါ့၊ ထိုင်ပါဦး'

'ငါမထိုင်ဘူးလို့ ပြောပြီးသားပဲ'

မိစိမ်း လေသံတင်းသလို မျက်နှာကလည်း တင်းသည်။

'ဟား..ဟား..နင်ကလဲ ဒီအိမ်မှာ ငါတို့သုံးယောက်ပဲ ရှိတာ၊ ငါ့မှာလဲ စကားပြောဖော်မရှိဘူး၊ နင့်မှာလဲ စကားပြောဖော်မရှိဘူး၊ ပျင်းစရာကြီး'

"ငါ မပျင်းတတ်ဘူး'

မိစိမ်းက ခပ်မာမာပြန်ပြောလိုက်သည်။

'နင် မပျင်းပေမယ့် ငါပျင်းလို့ပါဟ ခဏထိုင်ပါဦး'

'ဒိုင်း..'

စိုးမြတ်မင်းက အခန်းတံခါးကို ခြေထောက်ဖြင့် လှမ်းကန်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ပိတ်လိုက်သည်။

'နင် အဲဒါ ဘာလုပ်တာလဲ'

မိစိမ်း ဒေါသနှင့်မေးသည်။

'ဘာမှ မဟုတ်ပါဘူး။ ဖေဖေအပြင်ထွက်လာလို့ တံခါးပွင့်နေရင် နင်နဲ့ငါ အခန်းထဲမှာ နှစ်ယောက်ထဲနေတာတွေ့မှာစိုးလို့'

'ဒါဆို လွယ်လွယ်လေးပဲ ငါပြန်ထွက်မယ်'

မိစိမ်းက တံခါးဆီသို့ သွားသည်။

'နေဦးလေဟာ နင့်အတွက် သတင်းကောင်းကို ငါမပြောရသေးဘူး'

စိုးမြတ်မင်း ဒရင်းဘက်ပေါ်မှ ဆင်းပြီး မိစိမ်းရှေ့မှာ ရပ်လိုက်သည်။

'ဒါဖြင့် နင် မြန်မြန်ပြော'

'ပြောချင်လို့ နင့်ကို ခဏထိုင်ပါဦးလို့ ငါပြောနေတာပေါ့'

စိုးမြတ်မင်းက အတင်း အထိုင်ခိုင်းနေသည်။

ထိုင်လိုက်လျှင် ဗွီဒီယိုဖက်သို့ မျက်နှာလှည့်ပြီးသား ဖြစ်မည်။

'ငါ မထိုင်ဘူးလို့ နင့်ကို ဘယ်နှစ်ခါပြောရမှာလဲ'

စိုးမြတ်မင်းက မိစိမ်းကို သေသေချာချာကြည့်နေသည်။

'သိပ်လှတဲ့ ကောင်မလေး'ဟူ၍လည်း စိတ်ထဲမှာ ချီးကျူးနေမိသည်။

'နင် ကျောင်းသိပ်နေချင်သလား'

စိုးမြတ်မင်းမေးပုံကို မိစိမ်း သဘောမကျ၍ ဘာမျှ မဖြေ။

'တော်ပြီ၊ နင် မပြောချင်နေ၊ ငါသွားတော့မယ်'

မိစိမ်းက စိုးမြတ်မင်းကို ရှောင်ပြီး အခန်းထဲမှ ထွက်ရန် ကြိုးစား





သည်။

'နေပါဦး. . . ငါမေးတာ ဖြေပါဦး'

စိုးမြတ်မင်းက ရှေ့မှ ကာဆီးထားသည်။

စိုးမြတ်မင်းအရပ်က မိစိမ်းထက် ခေါင်းတစ်လုံး ပိုမြင့်နေသည်။ အသက်ကလည်း သုံးနှစ်ခန့် ပိုကြီးသည်။ ပြီးတော့ စိုးမြတ်မင်းက ယောကျ်ားတစ်ယောက်၏ သန်မာထွားကျိုင်းမှုနှင့်။

'ငါ ဘာမှဖြေစရာမလိုဘူး၊ နင်ပြောစရာရှိတာ ပြောရုံပဲ'

မိစိမ်း စိတ်ထဲမှ ဦးအောင်ခိုင်က ကျောင်းထားရန် ပြောပြီးပြီဟု ထင်သည်။

'ကဲ၊ ဒါဖြင့် ငါပြောမယ်၊ နင် ကျောင်းဆက်နေချင်တယ်ဆိုရင် ဖေဖေ့ကို ငါပြောပေးမယ်'

'ဒါဖြင့် ဦးလေးက ငါ ကျောင်းနေဖို့ ကိစ္စဘာမှ မပြောသေးဘူးလား'

'ငါ ပြောပေးရင် ဖေဖေက နင့်ကို ထားပေးမှာပေါ့'

'တော်ပြီ ဒါဆို ငါသွားမယ်'

'နေပါဦး၊ နင်က ဒေါသချည်းပဲ၊ ငါက နင့်ကို စေတနာနဲ့ ပြောပေးမယ်လို့ ပြောနေတာ၊ နင်က ဘာလို့ ဒီလောက်တင်းနေရတာလဲ'

စိုးမြတ်မင်းက မိစိမ်းကို နားမလည်သလို ကြည့်နေသည်။

'မလိုဘူး၊ ငါ့ဘာသာပြောမယ်'

'နင် ပြောလို့ ဘယ်ရမလဲ'

'မရရင် ငါ ဒီအိမ်မှာ မနေတော့ဘူး'

စိုးမြတ်မင်းက ရှေ့မှ ကာဆီးထားဆဲ

'ဖယ်ပါ'


www.burmeseclassic.com

www.burmeseclassic.com



မိစိမ်း စိတ်မရှည်တော့ပါ။ မျက်လုံးများ ကျားသစ်မတစ်ကောင်လို အရောင်တောက်လာကြသည်ကို စိုးမြတ်မင်းသတိထားမိသည်။

'ဖယ်မှာပါ၊ မဖယ်ခင် နင်စိတ်ချမ်းသာအောင် ပြောလိုက်မယ်၊ ငါ ဒီနေ့ပဲ ဖေဖေ့ကို ပြောပြီးပြီ၊ သူ့ဒီလောက် ကျောင်းနေချင်တာ ထားပေးလိုက်ပါဆိုတော့ ဖေဖေက မင်းသဘောအတိုင်းပဲတဲ့'

စိုးမြတ်မင်းပြောပေး၍ ကျောင်းနေခွင့်ရသည်ကို မိစိမ်း သဘောမကျပါ။ သို့သော် ဘာမျှ မပြောဘဲ နေလိုက်သည်။

'မနက်ဖြန်ကာ နင့်ကို ငါကျောင်းအပ်ပေးမယ်၊ ဒါပေမယ့် ဖေဖေက ကျောင်းအပ်ဖို့ ပိုက်ဆံတစ်ပြားမှ ထုတ်မပေးဘူး။ ငါ့ပိုက်ဆံနဲ့ပဲ အားလုံးပေးရမှာ'

'သူပြောသမျှပဲ'ဟု မိစိမ်း သဘောထားလိုက်သည်။ ဦးအောင်နိုင်နှင့် ကိုယ်တိုင် မေးခွင့်ပြောခွင့်ရသည်မဟုတ်။

သို့သော် ဦးအောင်နိုင်၏ ခွင့်ပြုချက်ကြောင့် ကျောင်းနေရခြင်းဖြစ်သည်။ သူ့ပိုက်ဆံဆိုသည်မှာလည်း ဦးအောင်နိုင်၏ ပိုက်ဆံသာဖြစ်သည်ဟု မိစိမ်းသဘောထားလိုက်သည်။

'ဖေဖေက တစ်ခုတော့ ပြောတယ်'

မိစိမ်း နားစွင့်လိုက်သည်။

'သူ ကျောင်းနေပေမယ့် လုပ်နေကျ အလုပ်တွေတော့ မပျက်ရဘူးတဲ့'

'ငါ နားလည်ပါတယ်'

'မနက်ဖြန်ကာ ရှစ်နာရီခွဲသွားမယ်၊ နင်အဆင်သင့်ဖြစ်အောင် လုပ်ထား'

စိုးမြတ်မင်း လမ်းဖယ်ပေး၍ မိစိမ်းတံခါးဆီသို့ သွားသည်။





'ဟေ့ ငါ့ကို ကျေးဇူးတင်ပါတယ်လို့တောင် မပြောတော့ဘူးလား'

မိစိမ်း ဘာမျှ ပြန်မပြောတော့ဘဲ တံခါးဖွင့်ပြီး ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

မိစိမ်း မနက်(၅)နာရီထပြီး အိမ်တွင်း အိမ်ပြင် သန့်ရှင်းရေး လုပ်သည်။ မိစိမ်းလုပ်ပုံက မြန်သည်။ သပ်ယပ်သည်။

'ဘာပဲလုပ်လုပ် ကိုယ်လုပ်တဲ့လုပ်ငန်းကို အကောင်းဆုံးဖြစ်အောင်လုပ်'

အမေပြောနေကျ စကားဖြစ်သည်။ အမေ့စကားကို စွဲစွဲမြဲမြဲ မှတ်မိနေရုံမက အမေပြောသည့်အတိုင်းဖြစ်အောင်လည်း လိုက်နာသည်။

သန့်ရှင်းရေးပြီးတော့ မိစိမ်းနဖူးမှာ ချွေးများ စို့နေပြီ။

အလုပ်က မပြီးသေး။ အိမ်နောက်ဖေးသို့ ထွက်ခဲ့သည်။ နှင်းဆီခင်းကို ရေလောင်းသည်။

'နှင်းဆီပင်လေးတွေရေ ငါကျောင်းနေရတော့မယ်'

နှင်းဆီပင်လေးများ ကြားအောင် အသံထွက်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့ကို ငါ ရေအဝ တိုက်မယ်၊ မင်းတို့က အပွင့်လှလှလေး တွေ အများကြီးပွင့်ပေးကြနော်'

တစ်တန်းမှာ နှင်းဆီပင်ခြောက်ဆယ်ရှိ၍ အတန်းငါးဆယ် ... အောင် လောင်းပြီးသောအခါ မိစိမ်း အကျီမှာလည်း ချွေးများ တ... စိုနေသည်။

ခုနစ်နာရီခွဲမှာ အလုပ်များအားလုံးပြီးသွားပြီ။

ရေချိုးလိုက်တော့ မိစိမ်းတစ်ကိုယ်လုံး အေးမြလန်းဆ... သွားသည်။

'နှစ်စကတည်းက နေ့တိုင်း သင်တဲ့စာတွေ နေ့တိုင်းအရ ကျ... သွားမယ်'

'ငါဆရာဝန်ဖြစ်ချင်တယ်၊ ငါကြိုးစားမယ်'

မိစိမ်းတစ်ကိုယ်လုံးမှာ အားမာန်များ ပျံ့နှံ့သွားသလို ခံစားရသည်...

အမေ့ကို သတိရသည်။ ကျောင်းဆက်နေရသည်ကို သိ... အမေဝမ်းသာလိမ့်မည်။

အိတ်ကြီးထဲမှ ကျောင်းဝတ်စုံကို ထုတ်ယူလိုက်သည်။ လုံ... စိမ်းနှင့် အကျီဖြူ။ ကျောင်းစိမ်းလုံချည်မှာ ဟောင်းနွမ်း၍ အရောင်... လည်း ဖျော့တော့နေပြီ။ နောက်တစ်ထည်က ပို၍ ဆိုးသည်။

ယနေ့ကျောင်းစအပ်မည့်နေ့မို့ ပို၍ကောင်းသော လုံချည်... ဝတ်လိုက်သည်။

မိစိမ်းစိတ်ထဲမှာ သိမ်ငယ်ခြင်းမဖြစ်မိ။

အဝတ်အဆင် သစ်လွင်တောက်ပခြင်းက အဓိကမဟု... စာတော်အောင် ကြိုးစားဖို့က အဓိက။

မိစိမ်းမှာ အားမန်အပြည့်။





အကျီက လုံချည်နှင့် လိုက်ဖက်စွာ ဟောင်းနွမ်းနေသည်။

'တော်သေးတာပေါ့'

အကျီကသစ်နေလျှင် လုံချည်ဟောင်းက ပိုသိသာမည်ဟု စဉ်းစားမိ၍ ဖြစ်သည်။

အကျီရော လုံချည်ပါ တစ်ခုခုက ပိုသစ်မနေသည့်အတွက် ဝမ်းသာလိုက်မိသည်။

ကျောင်းလွယ်အိတ်ကို ထုတ်ယူလိုက်တော့ နောက်တစ်ကြိမ် ပြုံးရပြန်သည်။ လွယ်အိတ်ကလည်း အကျီလုံချည်နှင့် လိုက်ဖက်နေသည်။

'စာအုပ်ဖိုး'

မိစိမ်းမှာ ပိုက်ဆံမရှိ။

'စိုးမြတ်မင်း'

သူ့ဆီမှာ ပါလာမည်ဟု ယူဆလိုက်သည်။

'မပါဘူးဆိုရင်ရော. . '

မိစိမ်းဘာလုပ်ရမှန်းမသိသေး။

'ကျောင်းနေခွင့်ပြုပြီဆိုရင်တော့ ကျောင်းစာအုပ်ဖိုးတော့ ပေးမှာပေါ့'

ဦးအောင်နိုင်ကို ပြောမည်ဟု ဆုံးဖြတ်လိုက်သည်။

အားလုံးပြင်ဆင်ပြီးတော့ ထမင်းစားခန်းဘက်သို့ ထွက်ခဲ့သည်။ မီးဖိုဆောင်နှင့် ကပ်လျက်အခန်းဖြစ်သည်။ ထိုအခန်းတွင် မိစိမ်းအပါအဝင် အိမ်မှာ ခိုင်းသူများစားရသည်။

ဦးအောင်နိုင်နှင့် စိုးမြတ်မင်းအတွက် အပေါ်ထပ်တွင် စားသောက်ခန်းရှိသည်။ ဦးမောင်ကြီးက ပို့ပေးရသည်။ တခါတရံ အခန်းထဲသို့ ပို့ပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းသို့ မိစိမ်းရောက်သွားတော့ စားချိန်မဟုတ်၍ စားစရာဘာမျှမရှိသေး။

မီးဖိုဘက်သို့ ပြေးပြီး ဒေါ်မြထွေးကို ပြောရသည်။

ဒေါ်မြထွေး ဟင်းချက်စရာဝယ်ရန် ဈေးကိုပင် မသွားရသေး ထမင်းကတော့ ချက်ထားပြီ။

မတတ်နိုင်။ ထမင်းကို ဆီစမ်းပြီး ကြက်သွန်နီတစ်ဥနှင့် စားလို ရသည်။

'ဟင်း . . ဆင်းရဲတဲ့အမေနဲ့ နေတုန်းကမှ အကြော်နဲ့ စားရသေး တယ်'

အမေ့ကို တမ်းတမိသည်။

နေ့ခင်းမှာ ဘာမျှစားရမည်မဟုတ်၍ ထမင်းကိုပင် ဗိုက်တ အောင် စားထားလိုက်ရသည်။

စားပြီးသည်နှင့် အခန်းပြန်ပြီး ဗလာစာအုပ်အဟောင်းများ ပြန်ကြည့်လိုက်သည်။

အိမ်မှ ထွက်လာကတည်းက ယူလာခဲ့သော စာအုပ်အဟော များဖြစ်သည်။ မရေးရသေးသော စာရွက်လွတ်ကျန်လျှင် ကျောင်းယူ ရမည်။ တစ်အုပ်ပြီးတစ်အုပ် စာရွက်များ လှန်ကြည့်သည်။ ၁၀ ရွက် အလွတ်ကျန်သော တစ်အုပ်ရသည်။ ဆက်ရှာသောအခါ တစ်ဝက် ကျော်အလွတ်ကျသော ဗလာစာအုပ်ကို တွေ့၍ ဝမ်းသာအားရဖြစ်ရသ

'ဒီနေ့သင်သမျှတော့ ရေးမှတ်လို့ရပြီ'

နောက်တစ်အုပ်ကို ဆက်ကြည့်သည်။ နောက်ပိုင်းစာရွက်အလွ ကျန်သည်များကို အမေ့အကြွေးစာရင်းများ ရေးမှတ်ထားတာ သည်။





'သြော် . . အမေရယ်'

အမေ့လက်ရေးမလှမပများကို ကြည့်ပြီး မလှပခဲ့သော အမေ့ဘဝကို သနားမိသည်။

တီ . . တီ

အိမ်ရှေ့မှ ကားဟွန်းတီးသံကြားရသည်။

'ဟင် . . စိုးမြတ်မင်း . . သွားတော့မှာလား'

မိစိမ်းလွယ်အိတ်ကို ကောက်လွယ်ပြီး အိမ်ရှေ့သို့ အမြန်ထွက်ခဲ့သည်။

စိုးမြတ်မင်းကားပေါ်ရောက်နေပြီ။

'ဟဲ့ . နင့်လုံချည်အင်္ကျီကလဲ ဒီထက်ညံ့တာမရှိတော့ဘူးလား'

'ဒါ အကောင်းဆုံး ဝတ်လာတာပဲ'

မိစိမ်းကို ကြည့်ပြီး စိုးမြတ်မင်း စိတ်ပျက်သွားသည်။

သူ့ကားနှင့်ပင် ခေါ်သွားချင်စိတ်မရှိ။

မိစိမ်းကားဘေးမှာရပ်လျက်။

'တက်လေဟာ . .'

မတတ်သာသည့်အဆုံးမှာ စိုးမြတ်မင်း ခေါ်သွားရသည်။

ကျောင်းရောက်တော့ စိုးမြတ်မင်းက လူကြီးလုပ်ပြီး ကျောင်းအပ်ပေးသည်။

အခြားကျောင်းအပ်နေသူများမှာ လူကြီးမိဘပါကြသည်။ အဝတ်အဆင်ကလည်း သစ်သစ်လွင်လွင် ရှိကြသည်။

မိစိမ်းအတွက် ကျောင်းဝင်ကြေးနှင့် ကျသင့်ငွေအားလုံးကို စိုးမြတ်မင်းက ထုတ်ပေးသည်။

စာအုပ်ဖိုးပါ ငွေသွင်းပေးသည်ကိုလည်း မိစိမ်းတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရော့... ဒီဖြတ်ပိုင်း နင့်ဘာသာယူထားပြီး နင့်ဘာသာထုတ်တော့'

စိုးမြတ်မင်းပေးသည့် ပြေစာဖြတ်ပိုင်းကို မိစိမ်းယူထားလိုက်သည်။

စိုးမြတ်မင်းက တွေ့သမျှ ကျောင်းသူ ကျောင်းသားများကို မိစိမ်းနှင့် ယှဉ်ကြည့်သည်။ အားလုံးမှာ အဝတ်အဆင်မိစိမ်းထက် သစ်လွင်ကြသည်။

ကျောင်းဖွင့်စနေ့မှာ အဝတ်ဟောင်းနေတာ မိစိမ်းတစ်ယောက်သာ တွေ့ရသည်။

မိစိမ်းကတော့ စိတ်ပျက်ခြင်းမရှိ။ မနှစ်ကတည်းက နှစ်စုံတည်းသော ကျောင်းဝတ်စုံကိုသာ အလဲအလှယ်ဝတ်ခဲ့ရသည်။

မိစိမ်း ရှိရှိသေသေဝတ်ခဲ့၍သာ ဤဝတ်စုံမှာ ဤမျှကောင်းခြင်းဖြစ်သည်။

ဘီလူးရွာ အထက်တန်းကျောင်းမှာဆိုလျှင် စာတော်သော မိစိမ်းကို ဘယ်သူမှ အထင်မသေးကြ။

'ဒီကျောင်းမှာလဲ စာအတော်ဆုံးဖြစ်အောင် ကြိုးစားပြမယ်'

မိစိမ်းမှာ အားမာန်အပြည့်။

ကျောင်းအုပ်ဆရာမကြီးက လူသစ်ဖြစ်သော မိစိမ်းကို ဆယ်တန်းစီမှာ သတ်မှတ်ပေးသည်။

စာအုပ်က နောက်မှ ထုတ်ရမည်။ ကျောင်းအပ်ပြီး၍ ရုံးခန်းထဲမှ ထွက်ခဲ့ကြသည်။

'ငါတို့က အေတန်း။ နင်နဲ့ အတန်းမတူဘူး။ ကိုယ့်အတန်းကို သွားတော့'

စိုးမြတ်မင်းက မိစိမ်းကို ဝရံတာမှာ ထားပစ်ခဲ့သည်။





ပင်ကိုယ်လှသော မိစိမ်းမှာ အဝတ်ဟောင်းနေ၍ အလှနွမ်းသလိုဖြစ်နေသည်။

စိုးမြတ်မင်း၏ ကျောင်းစိမ်းလုံချည်မှာ အသစ်ဖြစ်၍ တောက်ပနေသည်။ အင်္ကျီကလည်း ဖွေးဖွေးလှုလှု ဖြူနေ၏။

စိုးမြတ်မင်းနှင့် ယှဉ်လိုက်မှ မိစိမ်းလုံချည်အင်္ကျီက ဟောင်းနွမ်းသည်မှာ သိသာလွန်းနေသည်။

မိစိမ်းဝရံတာမှာ လျှောက်သွားရင်း ဆယ်တန်း စီအခန်းကို ဆိုက်ရာသည်။

'ငါ ကျောင်းနေခွင့်ရပြီ'

မိစိမ်းရင်ထဲမှာလည်း ဝမ်းသာနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

ကျောင်းဖွင့်စရက်မို့ ကျောင်းသူကျောင်းသားတော်တော်များများမှာ ခပ်ပျော်ပျော် ခပ်ပေါ့ပေါ့ ဖြစ်နေကြသည်။ အချို့ဆရာ၊ ဆရာမကလည်း ခပ်ပေါ့ပေါ့သာ သင်သည်။ အချို့ဆရာ၊ ဆရာမကတော့ အသေအချာသင်သည်။

စာသင်ချင်သော မိစိမ်းက ဆရာ၊ ဆရာမတို့ပြောသမျှ သင်သမျှကို အသေအချာ နားထောင်သည်။ စာတော်ခဲ့သူဖြစ်၍ သင်သမျှကိုလည်း နားလည်သည်။ အရအမိလည်း လိုက်မှတ်သည်။ အလွတ်ကျက်သင့်သည်တို့ကို အလွတ်ရအောင် အကြိမ်ကြိမ်အထပ်ထပ် ရေရွတ်ပစ်လိုက်သည်။

အားလုံးကို လိုက်ရေးထားချင်သည်။ ရေးလည်း ရေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တစ်ချောင်းတည်းသော ဘောပင်လေး မင်ကုန်သွားမှာကို စိုးနေမိသည်။ မိစိမ်းတွင် ပိုက်ဆံတစ်ပြားမျှမရှိ။ ဘောပင်မင်ကုန်သွားလျှင် ဝယ်စရာမရှိ။ ခုမှ ကျပျောက်ခဲ့သော ပိုက်ဆံများကို သတိရမိသည်။

နေ့ခင်း ထမင်းစားကျောင်းဆင်းချိန်တွင် ထမင်းဘူးပါသူများ ထမင်းစားကြသည်။ ထမင်းနံ့ဟင်းနံ့များကြောင့် မိစိမ်းဗိုက်ထဲမှာ အသံမြည်အောင် ဆာလောင်လာသည်။

မနက် အဝစားခဲ့သည်များ ဗိုက်ထဲမှာ ကုန်သွားကြပြီ ထင်သည် ပိုက်ဆံပါသူများက အပြင်ထွက်၍ ကျောင်းဈေးဆိုင်တန်းမှာ မုန့်စားကြသည်။

ထမင်းဆာသည့် စိတ်ပျောက်သွားအောင် မနက်ပိုင်း သင်သမျှအားလုံးကို မိစိမ်းအလွတ်ကျက်ပစ်လိုက်သည်။ အားလုံးကျက်၍ ရသွားတော့။ ရှေ့သင်မည့် စာများကို ကြိုဖတ်ထားသည်။ ကျက်၍ရသည်တို့ကို ကျက်ထားလိုက်သည်။

ဘေးမှ ထမင်းစားနေသော ကျောင်းသူအချို့က မိစိမ်းကို ကြည့်ပြီး အံ့သြနေကြသည်။

'ဟေ့.. ဒီနေ့မှ ကျောင်းစဖွင့်တာ စာတွေ တအားကျက်နေပြီလား'

မေးသံကြား၍ ကြည့်လိုက်တော့ စိုးမြတ်မင်းဖြစ်သည်။ ဘယ်အချိန်က ရောက်လာသည်မသိ။ မိစိမ်းဘာမျှ ပြန်မဖြေဘဲ စာကို ဆက်ကျက်နေသည်။

'နင် မုန့်သွားမစားဘူးလား'

စိုးမြတ်မင်းက ထပ်မေးနေသေးသည်။

ဘာမှမသိသော အခြားကျောင်းသူများက ဟန်ကြီးပန်ကြီး





နိုင်သည်ထင်မှာ စိုး၍ စိုးမြတ်မင်းကို ခေါင်းရမ်းပြလိုက်သည်။

စိုးမြတ်မင်းအတန်းထဲဝင်လာပြီး မိစိမ်းခုံဘေးမှာ ရပ်လိုက်သည်။

'မေမေက နင့်အတွက် ကျောင်းဝင်ကြေးနဲ့ စာအုပ်ဖိုးပေးလိုက်ပေမယ့် မုန့်ဖိုးတော့ တစ်ပြားမှ မပေးလိုက်ဘူး။ ရော့.. ဒါ.. ငါပေးတာ'

စိုးမြတ်မင်းက တစ်ရာတန်တစ်ရွက် စာရေးခုံပေါ်တင်ပေးသည်။

မိစိမ်း ငြင်းမည်ပြုပြီးမှ

'ဘောပင် ကုန်သွားရင်..' ဟု စဉ်းစားမိ၍ ဘာမျှမပြောဘဲ နေလိုက်သည်။

စိုးမြတ်မင်း စာသင်ခန်းထဲမှ ပြန်ထွက်သွားသည်။

သူ့ကျောင်းဝင်ကြေးနှင့် စာအုပ်ဖိုးများကို ဦးအောင်နိုင်ပေးလိုက်မှန်း ခုမှ မိစိမ်း အသေအချာသိရသည်။

မုန့်ဖိုး မပေးသော်လည်း ကျောင်းထားပေးသော ဦးအောင်နိုင်ကို စိတ်ထဲမှ ရှိခိုးဦးခိုက်လိုက်ပါသည်။

'ကျောင်းသူအသစ်လား'

အသားညိုညိုမျက်လုံးလှလှနှင့် မိန်းကလေးတစ်ယောက် မိစိမ်းဘေးမှာ လာထိုင်သည်။

မိစိမ်းက စာကျက်မျက်မည်စိုး၍ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

'နာမည် ဘယ်လိုခေါ်လဲ'

'မိစိမ်း'

'မစိမ်းလို့ ခေါ်မယ်နော်'

မိန်းကလေးက မိစိမ်းဟု ခေါ်ရမည်ကို အားနာနေသည်။

'နာမည်ကိုက မိစိမ်းပါ'

'ဒါဆို မမိစိမ်းလို့ ခေါ်မယ်နော်'



www.burmeseclassic.com

www.burmeseclassic.com

'မိစိမ်းလို့ပဲ ခေါ်ပါ'

မိတ်ဆက်သော မိန်းကလေးက ပြုံးလိုက်သည်။

'ကျွန်မနာမည်က စောရှုပါ'

မိစိမ်းက မိန်းကလေးကို လှည့်ကြည့်ပြီး ခေါင်းညိတ်ပြသည်။

မိန်းကလေးက ရင်းနှီးခင်မင်စွာ ပြုံးပြသည်။ ဖြူဖွေးသော သွားလေးများနှင့် အဆင်ပြေစွာ လိုက်လျောညီသော နှုတ်ခမ်းလေးများကြောင့် အပြုံးလှလှလေးကို မိစိမ်းတွေ့လိုက်ရသည်။ ခင်မင်စိတ်လည်း ဖြစ်လိုက်မိသည်။

'စာတော်မှာပဲနော် နှစ်စကတည်းက ဒီလောက် ကြိုးစားနေတာ'

'စာမေးပွဲ အောင်ချင်လို့ပါ'

မိစိမ်းက သူ့ဆန္ဒကို ပြောလိုက်သည်။

'အသားက ဖြူဝင်းနေတာပဲနော်'

အသားညိုသော မိန်းကလေးက မိစိမ်းအသားဖြူသည်ကို သဘောကျနေသည်။

'မစောရှုပါရဲ့ မျက်လုံးတွေကလဲ လှပါတယ်'

မိန်းကလေး ပြုံးသည်။

'ရှုပါလို့ပဲ ခေါ်ပါ၊ မိစိမ်းကတော့ အသားလှတယ်'

မိစိမ်းပြုံးသည်။

တစ်ယောက်နှင့်တစ်ယောက် ခင်မင်သွားကြပြီဟုလည်း မိစိမ်း နားလည်လိုက်သည်။

'မုန့်သွားစားကြမယ်လေ'

မိန်းကလေးက မိစိမ်းကို အဖော်ခေါ်သည်။

စိုးမြတ်မင်း ပေးထားခဲ့သော တစ်ရာတန်ကို မိစိမ်း လှမ်းကိုင်





ခဲ့လိုက်သည်။

'ကျွန်မ ကျွေးမှာပါ'

မိစိမ်းမလိုက်ချင်ပါ။ သူကျွေးသည်ကို စားပြီး ကိုယ်ပြန်မကျွေးနိုင်မှာ စိုးသည်။

'မစားတော့ပါဘူး၊ စာကျက်ချင်လို့'

'ထမင်းဘူးလဲ မပါဘူး ဆာမှာပေါ့'

'မဆာပါဘူး၊ မနက်က အဝစားလာခဲ့လို့ပါ'

စာကျက်ချင်သော မိစိမ်းကို အနှောင့်အယှက်မဖြစ်စေချင်၍ စာရှုပါနေရာမှ ထလိုက်သည်။

'ကျွန်မ သွားစားဦးမယ်နော်'

မိစိမ်းက ခေါင်းညိတ်ပြပြီးမှ သတိရ၍

'ဘောပင် ဝယ်လို့ရလား' ဟု မေးလိုက်သည်။

'ရပါတယ်'

'ရေးနေကျ ဘောပင်နှစ်ချောင်းဝယ်ခဲ့ပေးပါနော်'

မိစိမ်းလှမ်းပေးသော တစ်ရာတန်ကို ယူပြီး မိန်းကလေးထွက်သွားသည်။

မိစိမ်း ဆက်ပြီး စာကျက်နေလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

ညနေကျောင်းအပြန်တွင် မိစိမ်း ခြေကျင်ပြန်ရသည်။

စိုးမြတ်မင်းက သူငယ်ချင်းများကို ကားပေါ်တင်၍ ထွက်သွားသည်။ မိစိမ်းကို နှုတ်ဆက်ခြင်းပင် မရှိ။

မိစိမ်းနေ့ခင်းက ကျက်ထားသော စာများကို အလွတ်ဆိုကြည့်ရင်း ပြန်လာခဲ့သည်။

'ကောင်းတယ်၊ ခြေကျင်ပြန်ရတာ ဟန်တောင်ကျသေးတယ်'

ရပြီးသား စာပြန်ရသည်ကို မိစိမ်းသဘောကျနေသည်။ ကျောင်းနှင့် အိမ်က တော်တော်ဝေးသည်။

မိစိမ်း ခပ်မြန်မြန်လျှောက်သည်ပင် နာရီဝက်နီးပါးလျှောက်ရသည်။ သို့သော် မိစိမ်းအိမ်ပြန်ရောက်သည်အထိ စိုးမြတ်မင်း ပြန်မရောက်သေး။



www.burmeseclassic.com

www.burmeseclassic.com



ဝိုက်နိမ်းအိမ်ပြန်ရောက်သည်နှင့် နှင်းဆီခင်းကို ပေါင်းသင်းမြေဆွရေလောင်းသည်။ ကိုယ့်တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်သည်။

ကားသံကြား၍ အိမ်ရှေ့ကို လှမ်းကြည့်လိုက်သည်။ စိုးမြတ်မင်းခုမှ ပြန်လာသည်ဟု ထင်သော်လည်းမဟုတ်။

ဦးအောင်နိုင် ပြန်လာခြင်းဖြစ်သည်။

ကျောင်းထားပေး၍ ဦးအောင်နိုင်ကို မိစိမ်းကျေးဇူးတင်မိသည်။

ပြောခွင့်ရှိလျှင် ကျေးဇူးတင်ကြောင်း ပြောချင်သည်။

သို့သော် ဦးအောင်နိုင်က မိစိမ်းရှိနေသော နှင်းဆီခင်းဘက်ကိုလှမ်း၍ပင်မကြည့်။ အိမ်ပေါ်တက်သွားသည်။

မိစိမ်းစိတ်ထဲမှာ ပြုံးလိုက်သည်။

'အရေးမစိုက်ချင်လဲ နေပေါ့ဦးလေးရယ်'ဟုတွေးလိုက်မိ၍ဖြစ်သည်။

× × × × ×

ဒေါက် . . ဒေါက် . . ဒေါက် . . ဒေါက်

တံခါးခေါက်သံကြား၍ ထူးစံ တံခါးဖွင့်ပေးလိုက်သည်။

တည်းခိုခန်းမန်နေဂျာဖြစ်သည်။

'သူဌေးက တွေ့ချင်တယ်ပြောလို့ပါ'

မန်နေဂျာ ပြောပုံက လေးလေးစားစား

'ဗျာ . . ဦးအောင်နိုင်လား'

ထူးစံ အံ့ဩသွားသည်။

'မဟုတ်ပါဘူး၊ ဦးသီဟပါ၊ ဒါကလဲ သူ့တည်းခိုခန်းပါ'





ထူးစံပို၍ အံ့ဩသွားသည်။ ဦးသီဟကို သူမသိပါ။

'အောက်ထပ်က ဧည့်ခန်းမှာ စောင့်နေပါတယ်'

မန်နေဂျာက တောင်းပန်သောအသံနှင့် ပြောခြင်းဖြစ်သည်။

'ကောင်းပြီလေ . . ကျွန်တော်ဆင်းတွေ့ပါ့မယ်'

ဘာကြောင့် လာတွေ့သည်ကို ထူးစံစဉ်းစား၍ မရ။ အမှန်ဆိုလျှင် အောင်နိုင်နှင့် လုပ်ငန်းအဆင်မပြေ၍ မနက်ဖြန် ထူးစံ ရန်ကုန်ပြန်တော့မည်။ မော်တော်ကားအောက်ပိုင်း ပြင်စရာများကို ပြင်ရင်း ရန်ကုန်မှ န်ကြားချက်ကို စောင့်နေခြင်းဖြစ်သည်။

ဦးအောင်နိုင်နှင့် လုပ်ငန်းအဆင်မပြေကြောင်း ကုမ္ပဏီကို ဖုန်းနှင့် ပြောပြီးဖြစ်သည်။

ကုမ္ပဏီက ထူးစံကို ယုံ၍ ထူးစံ၏တင်ပြချက်ကို အတည်ပြုသည်။ အောင်နိုင်ပြောသော'ဈေးနှုန်းကို လက်မခံနိုင်။

ထူးစံ ဧည့်ခန်းသို့ရောက်သောအခါ အသက်ငါးဆယ်ကျော်အရွယ် သန့်သန့်လူကြီးတစ်ယောက်ကို တွေ့ရသည်။

'ထိုင်ပါ မောင်ထူးစံ'

လူကြီးက ထူးစံကို ဆီးကြိုနှုတ်ဆက်သည်။

ထူးစံ ထိုင်လိုက်သည်။

လူကြီး၏ ဥပဓိရုပ်သန့်ပြန့်ပုံကို ထူးစံသတိထားမိသည်။ ဖော်ရွေသာအပြုံးကိုလည်း သဘောကျသည်၊ သို့သော် လာရောက်တွေ့ဆုံသောကြောင်းကို ခုထိထူးစံမသိရသေး။

'မောင်ထူးစံက ရန်ကုန်အေးရိပ်ဆောက်လုပ်ရေးက ဗိသုကာ တ်ပါတယ်နော်'

'ဟုတ်ပါတယ် ဦး'



www.burmeseclassic.com

www.burmeseclassic.com



'ဦးက ဦးသီဟပါ၊ ဦးတို့ကုမ္ပဏီ အေးလေ ကုမ္ပဏီဆိုတာကြီးက ကြီးကျယ်ပါတယ်၊ သုံးဦးအစုစပ်လို့ပဲ ပြောပါ့မယ်၊ အဲဒီမှာလဲ ဦးက တာဝန်ယူလုပ်ရမှာပါ၊ ကျန်တာက ဦးညီတစ်ယောက်နဲ့ ယောက်ဖပါ ခေတ်မှီမိုတယ် တစ်ခုဆောက်ချင်တယ်၊ အစားအသောက်ပါ တွဲရက်ပေ့ ကားတွေလဲ ညအိပ်ရပ်နားဖို့ အပါအဝင်ပေ့ါ၊ အဲဒါ ပုံစံထုတ်ပေးရုံတာ မကဘူး၊ မောင်ထူးစံတို့ကုမ္ပဏီကပဲ ပြီးတဲ့အထိ တာဝန်ယူဆောင်ပေ စေချင်တာပါ'

'မြေအကျယ်က ဘယ်လောက်ရှိလဲ ဦး'

'ဆယ့်ငါးဧက ကျယ်တယ်၊ တောင်ခြေတောင်စောင်းပါတယ် ခြံထဲမှာ တောင်ကုန်းလေးလဲ ရှိတယ်၊ တစ်နှစ်လုံး ရေစီးတဲ့ စမ်းချောင်း လေးရှိတယ်'

ထူးစံမျက်စိထဲမှာ မြင်ကြည့်ရင်း စိတ်ဝင်စားမိသည်။

'ဦးက ဘယ်လောက်အထိ သုံးဖို့ မှန်းထားလဲ'

'သုံးတာက ရပါတယ်၊ မောင်ထူးစံ စိတ်ကြိုက်သာ လုပ်ပါ အတွင်းပိုင်း ပြင်ဆင်မှုပါ လှပခေတ်မီချင်ပါတယ်၊ အဲဒါတွေ အားလုံး အပါအဝင် မောင်ထူးစံတို့ကုမ္ပဏီက လုပ်ပေးနိုင်တယ် မဟုတ်လား'

'ဟုတ်ကဲ့ လုပ်ပေးနိုင်ပါတယ်၊ ဒါပေမယ့် အိမ်ခန်းနဲ့ စားသောက် ဆိုင်မှာ သုံးတဲ့ ပရိဘောဂတွေကတော့ ဦးတို့ဘာသာ ကြိုက်တဲ့ပစ္စည်း ထည့်ပေ့ါ၊ ကျွန်တော်တို့က အကြံပြုပါဆိုရင် အကြံပြုပေးနိုင်ပါတယ်'

'အကြံပြုရုံမကဘူး၊ အပြီးအစီးထည့်ပေးပါ၊ ကျတဲ့အတိုင်း ပေးမှာပေ့ါ'

ဦးသီဟက လိုလားစွာ တောင်းဆိုသည်။

'အတွင်းသုံးတဲ့ ပစ္စည်းမပါ၊ အပြည့်အစုံအချောပြင်ဆင်ပြီးတဲ့





အထိ ဦးဘယ်လောက်သုံးဖို့ မှန်းထားလဲ'

'ငါးထောင်ကျော် ခြောက်ထောင်လောက်ထိ မှန်းထားပါတယ်၊ ပိုသွားရင်လဲ ကိစ္စမရှိပါဘူး'

ဦးသီဟပြောနေပုံမှာ အေးဆေးသက်သာရှိသည်။ ယုံကြည်စိတ်ချမှု ပါသည်။ မောက်မာသော လေသံမပါ။ ဦးအောင်ခိုင်နှင့်တော့ တခြားစီ ဖြစ်သည်။

သို့သော် ထူးစံအလွယ်တကူ မယုံဝံ့။

တစ်ခါတရံတွင် ချိုချိုလေး ဆက်ဆံသူများကို ပိုကြောက်ရသည်။ ဦးသီလမျက်နှာကို လှမ်းကြည့်ပြီး အကဲခတ်လိုက်သည်။ ဦးသီဟက လည်း ထူးစံကို ပြန်ကြည့်ပြီး အကဲခတ်နေသည်။

'မယုံကြည့်ရသောမျက်နှာမျိုးမဟုတ်'ဟု ထူးစံကတော့ ဦးသီဟကို သုံးသပ်မိသည်။

'အင်း.. အလုပ်ကြီးတစ်ခုကို စွန့်လွှတ်ရပြီးမှ ပိုကောင်းသော အလုပ်ကို မမျှော်လင့်ဘဲ ရဦးမှာလား'

ကိုယ့်ကုမ္ပဏီက အသစ်မို့ လုပ်ငန်းများများမရှိသေး။ ဤကဲ့သို့ ကြီးကြီးကောင်းကောင်းလည်း တစ်ခုမျှ မရသေး။

ဦးအောင်ခိုင်နှင့် ပြောထားသော အလုပ်မှာ သိန်းသုံးထောင်ခန့် သာဖြစ်သည်။ ယခုလုပ်ရမည်က ပို၍ စိတ်ဝင်စားသည်။

'ကျွန်တော်နဲ့ ဦးနဲ့ အဲဒီနေရာကို ခုသွားကြည့်လို့ရမလား'

ထူးစံ စိတ်ဝင်စားနေပြီ။

'ရပါတယ်၊ အဆင်သင့်ပါပဲ၊ ဦးကားနဲ့ပဲ သွားကြတာပေ့ါ'

'ကောင်းပါတယ်ဦး ခဏစောင့်နော်၊ ကျွန်တော် လိုတာလေးတွေ ယူလိုက်ဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ထူးစံ ထိုင်နေရာမှ ထလိုက်သည်။

'သြော်.. မောင်ထူးစံကို တလက်စတည်း ဦးက ခွင့်တောင်းရဦးမယ်၊ အဲဒီက သွားကြည့်ပြီးရင် ဒီမနက်စာကို ဦးကပဲ ကျွေးပါရစေ၊ အဆင်ပြေရင်လဲ စားရင်းသောက်ရင်းပဲ လုပ်ငန်းကိစ္စပြောတာပေါ့၊ မပြေရင်လဲ မိတ်ဆွေအဖြစ် ဦးနဲ့အတူ တစ်နပ်လောက်စားပါလို့'

'ဟုတ်ကဲ့ ကောင်းပါတယ် ဦး'

ထူးစံ လှေခါးပေါ်သို့ ပေါ့ပါးစွာ ပြေးတက်သွားသည်။





## အခန်း(၁၄)

ညနေခင်းတွင် ကျောင်းမှ အိမ်ပြန်ရောက်သည်နှင့် မိစိမ်းအဝတ်အစားလဲသည်။

အသစ်မှ အဟောင်းသို့ လဲရခြင်းမဟုတ်။ အဟောင်းမှ အဟောင်းသို့ ပြောင်းခြင်းဖြစ်သည်။ မလဲ၍လည်း မဖြစ်၊ ကျောင်းဝတ်စုံများက ယခုထက်ပိုဟောင်းလျှင် ကောင်းမည်မဟုတ်။

မိစိမ်းလှချင်၍မဟုတ်သော်လည်း ကျောင်းဝတ်စုံအသစ်တစ်စုံတော့ လိုချင်သည်၊ အများအလယ်မှာ ကိုယ့်အဝတ်များက သိသာအောင်နွမ်းလွန်းနေ၍ အများကို အားနာသည်။

အမေနှင့်သာအတူဆိုလျှင် အမေခေါက်ချင်ခေါက် ဝတ်စုံတစ်စုံတော့ ဝယ်နိုင်းမိမည်။ ခုတော့ ဘယ်သူ့မျှ ဝယ်နိုင်းစရာမရှိ။



www.burmeseclassic.com

www.burmeseclassic.com



'အေးလေ . . ဟောင်းလဲ ဘာဖြစ်လဲ စာမေးပွဲမှာ အမှတ်ကောင်းကောင်းနဲ့ အောင်ဖို့က အဓိကပဲ'

မိစိမ်းစိတ်အားတင်းလိုက်သည်။

သို့သော် စာကျက်၍မဖြစ်သေး။ အိမ်သန့်ရှင်းရေး လုပ်ရဦးမည်။

ညနေခန်းသို့ သန့်ရှင်းရေးလုပ်၍ ဆင်းလာစဉ် လှေခါးရင်းမှ ဘိနပ်စင်ကို သတိထားမိသည်။

စိုးမြတ်မင်းအကြံပေးကောင်း၍ ဘိနပ်များကိုပါ တိုက်ရန် ဦးအောင်ခိုင်က ခိုင်းထားသည်။

ဘိနပ်မတိုက်သည်မှာ ၂-ရက်ရှိသွားပြီ။

ဘိနပ်စင်မှ ဘိနပ်များကို ဘရပ်ရှ်နှင့် ပွတ်တိုက်ရသည်။ ရှူးဘိနပ်များကိုတော့ ဆေးပါတိုက်ပေးရသည်။

ဦးအောင်ခိုင်၏ ဘိနပ်များကို တိုက်ရသည်မှာ ဘာမျှမဖြစ်သော်လည်း စိုးမြတ်မင်းဘိနပ်ကို တိုက်ရင်း စေတနာပျက်မိသည်။ လုပ်ပေးချင်စိတ်မရှိ။ သို့သော် မတတ်နိုင်၊ မလုပ်ချင်၍ မလုပ်လျှင် ပြဿနာကလာဦးမည်။

စိုးမြတ်မင်းဘိနပ်များကို တိုက်ရင်း နေ့ခင်းကသင်သော အင်္ဂလိပ်စာမှ မီးနှင်းများကို အလွတ်ရအောင် ပြန်ကျက်နေလိုက်သည်။

အိမ်ပေါ်မှ ဆင်းလာသောခြေသံများကို ကြားရသည်။ ဦးအောင်ခိုင်ထင်၍ မော့မကြည့် ခြေသံက မိစိမ်းဘေးမှာ ရပ်သွားသည်။

'ဪ . . နင်က ငါ့ဘိနပ်ကို တိုက်ပေးနေတာကိုး'

စိုးမြတ်မင်းအသံဖြစ်သည်။ သူ့ကို အညှံ့ခံ အရှုံးမပေးချင်သော်လည်း ကိုယ့်ဘဝက ရှုံးနေသည်။

'နင် နေ့ခင်းတုန်းက ငါပေးတဲ့ ပိုက်ဆံမုန့်မစားဘဲနဲ့ ဘောပင်





…န်ချောင်းဝယ်တယ်ဆိုတာ ဟုတ်လား'

'ဖေဖေက နင့်ကို ကျောင်းသာထားပေးတာ မုန့်ဖိုးတော့ တစ်ပြား…မပေးဘူး။ အဲဒါ ငါ့မုန့်ဖိုးထဲက ခွဲပေးတာ၊ ရော့ . . ဒါ နင်ဘောပင်တို့…အုပ်တို့ ဝယ်ဖို့'

စိုးမြတ်မင်းက ငါးရာတန်တစ်ချပ် ဘိနပ်စင်ပေါ်တင်လိုက်သည်။

'မလိုချင်ဘူး'

'မလိုချင်နေပေါ့ . . အဲဒါ ငါပေးတာမဟုတ်ဘူး။ အဖေပေးတာ'

မိစိမ်း ဘာမျှပြန်မပြောတော့ပါ။

'ဒါပေမယ့် ငါမပေးရင် နင်မရဘူး၊ ငါက သနားလို့ ပေးတာ'

ဦးလေးဦးအောင်ခိုင်ပေးသည်ကိုပင် သူက ဝင်ပြီး ကျေးဇူးတင်…ချင်သည်ကို မိစိမ်းမကျေနပ်။

သို့သော် ပြန်မပြောတော့ပါ။ သူပြောသည်ကလည်း မှန်နေသည်။ …မပေးလျှင် ရမည်မဟုတ်။ ကိုယ့်ဘဝက သူ့မှတဆင့်ခံဖြစ်နေသည်။

'နင့်မှာ ကျောင်းဝတ်စုံရော အသစ်မရှိဘူးမဟုတ်လား'

'မရှိလဲ ရတယ်၊ ကိစ္စမရှိဘူး'

စိုးမြတ်မင်း ပြုံးသည်။

'ဒီအိမ်မှာနေရင်တော့ နင့်မှာနတွေ ချမှရမယ်၊ နင် ငါ့ကို…င်းရင် ကျောင်းဝတ်စုံအသစ်တစ်စုံ ဝယ်ပေးမယ်'

'အဟောင်းနဲ့တက်လဲ ဘာမှမဖြစ်ပါဘူး။ ငါမလိုချင်ဘူး'

မိစိမ်းက ခပ်တင်းတင်းငြင်းလိုက်သည်။

'အေး . . ဒါဖြင့်လဲ နေပေါ့၊ တစ်ကျောင်းလုံးမှာ နင့်အဝတ်…ာက် ညံ့တာ ဘယ်သူမှမရှိဘူး'

စိုးမြတ်မင်းက ပြောပြောဆိုဆိုထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'အဝတ်ဘယ်လောက်ညှံ့ညှံ့ စာတော်ဖို့ပဲ လိုတယ်'

မိစိမ်း စိတ်ထဲမှာတင် ပြောလိုက်ပြီး မှတ်ထားသော မိ
စာရွက်ကလေးကို ထုတ်ယူ၍ မီးနင်းများကျက်နေလိုက်သည်။ မိ
အားလုံးရသောအခါ နေ့ခင်းက ဆရာမသင်လိုက်သော ဂရမ်မာ
ရထားသော မီးနင်းများကို အသုံးပြု၍ စိတ်ထဲမှာပင် ဝါကျ
လုပ်ကြည့်နေသည်။

အိမ်ရှေ့မှ ကားသံကြားရသည်။

ဦးအောင်နိုင်ပြန်လာခြင်းဖြစ်သည်။

မီးနင်းစာရွက်ကလေးကို အင်္ကျီရင်ဘတ်ထဲမှာ ထည့်သွင်း
လိုက်သည်။ ဦးအောင်နိုင် အိမ်ပေါ်ဘက်မှာ လှေခါးရင်းတွင် ဘိနပ်
နေသော မိစိမ်းကို တွေ့သည်။ နှုတ်ဆက်ခေါ်ပြောလုံးဝမပြု။ လှ
ပင်မကြည့်၊ အိမ်ပေါ်တက်သည်။

မိစိမ်းလည်း ဘိနပ်အားလုံးတိုက်ပြီး ညှော်ခန်းဘက်သို့ ကူးခဲ့
ညှော်ခန်းသန့်ရှင်းရေးပြီးလျှင် နှင်းဆီခင်း ရေလောင်းပေါင်းသင်
လုပ်ရဦးမည်။





## အခန်း(၁၅)

ထမင်းတစ်ဝိုင်းအတူ စားရုံနှင့် ဦးသီဟကို ထူးစံလေးစားစွာ
ရင်းနှီးသွားသည်။

ဦးသီဟသည် လူကြီးလို တည်ငြိမ်ရင့်ကျက်သော်လည်း လူငယ်
တစ်ယောက်နှင့်လည်း ထိုက်သင့်လိုက်လျောစွာ ရောနှောနိုင်သည်။

'နေရာကိုတော့ ကျွန်တော်သဘောကျသွားပြီ။ တော်တော်လှတဲ့
နေရာလေးပဲ'

'အေး.. ဟိုရောက်ပြီး မောင်ထူးစံရှင်းပြမှပဲ ကိုယ့်နေရာကိုယ်
အဖိုးတန်မှန်း ဦးကသိတာ၊ အစတုန်းကတော့ လမ်းနဲ့ဝေးလို့ မဆောက်
သင့်ဘူးတောင် ထင်နေတာ'

'လမ်းနဲ့ဝေးလို့ ပိုကောင်းတာဦး။ လမ်းဘေးဆိုတာက သဘာဝ



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်တို့ တည်းခိုခန်းတို့လောက်သာ ကောင်းတာ ဒါက တမင်လာတည်းရမယ့် နေရာ၊ တစ်မိုင်လောက်တော့ လမ်းဖောက်တဲ့ ကုန်ကျစရိတ်တိုးလာမှာပေါ့'

'တိုးချင်တိုးပါစေကွာ၊ မောင်ထူးစံပြောတာနဲ့တင် ဦးက သဘောကျနေပြီ'

'လမ်းကိုက လှနေဦးမှာ ဦး၊ တောင်ကုန်းလေးနှစ်ခုကို ကွေ့ပိုက်ပြီး ဖောက်ရမှာ၊ ရေကူးကန်တစ်ခုလဲ ကျွန်တော်ထည့်ပေးမယ်၊ မိုတယ်မလုပ်နဲ့တော့ ဟိုတယ်ပဲ လုပ်လိုက်'

'မောင်ထူးစံ ပြောတဲ့အတိုင်း လုပ်ပါ့မယ်'

'အဆောက်အဦးကလဲ တောင်နံရံကို ကပ်ဆောက်ရင်လှတော့ လှတယ်၊ ဒါပေမယ့် တောင်ဆိုတာ ပြောလို့မရဘူးဦး မိုးသိပ်များလွန်းတဲ့နှစ်မှာ ကျောက်ချပ်ကျောက်ဆောင်တွေ ကြားကနေ ရေစိမ့်ဝင်တာများပြီး မြေနုသွားရင် ပြိုတတ်တယ်၊ အဲဒီလို ပြိုလိုက်ရင် အဆောက်အဦး ဘယ်လောက်ကြီးကြီး ရောပါပြီး ပျက်စီးတာပဲ၊ အကုန်အကျအများကြီးနဲ့ လုပ်ထားတာတွေ တစ်ခါတည်း ပျက်စီးရော'

ဦးသီဟ ခေါင်းညိတ်ပြသည်။

'တောင်ကုန်းလေးကို ဟိုတယ်ရဲ့ ရှေ့မျက်နှာစာထားမယ်၊ အဲဒီ တောင်ကုန်းလေးပေါ်မှာ စားသောက်ဆောင်လေးတွေ ဆောက်ပြီး ပန်းဥယျာဉ်လုပ်ပေးမယ်'

'မောင်ထူးစံ ရေကူးကန်လဲ ထည့်ပေးဦးမယ်ပြောထားတယ်နော်'

'ဟုတ်ကဲ့ ထည့်ပေးမယ်၊ ဟိုတယ်မျက်နှာစာရဲ့ ညာဘက်က တောင်ကြီးရှိနေမယ်၊ စမ်းချောင်းလေးက တောင်စောင်းအတိုင်းစီးလာတာဆိုတော့ သိပ်ဟန်ကျတာပဲ ရေကြောင်းပြင်ပြီး ရေတံခွန်လုပ်ပေး





မယ်၊ အောက်ဘက်မှာ ရေကူးကန်ရှိမှာ၊ ရေလဲ့ ကူးလို့ရမယ်၊ ရေတံခွန်က ကျတဲ့ ရေကိုလဲ ချိုးလို့ရမယ်၊ ရေကူးကန်ကိုလဲ ကျွန်တော် အကွေးအဝိုက်ပုံလေးချိုးပြီး လှအောင်လုပ်ပေးမယ်'

'လမ်းရယ်၊ ရေတံခွန်ရယ်၊ ရေကူးကန်ရယ် တိုးလာတော့ ကုန်ကျစရိတ်ဘယ်လောက်တိုးသွားမလဲ'

ထူးစံ တစ်ချက်တွေးလိုက်သည်။

'ဦးကို ကျွန်တော် အမှန်အတိုင်းပြောမယ်နော်'

ဦးသီဟ ခေါင်းညိတ်ပြသည်။ အများကြီး တိုးသွားသည့် ကုန်ကျစရိတ်ကိုလည်း နားစွင့်ထားလိုက်သည်။

'ကျွန်တော်က အကုန်အကျအနည်းဆုံးနဲ့ အကောင်းဆုံးဖြစ်အောင် ကြိုးစားမှာ၊ သူ့သဘာဝအတိုင်းရှိနေတာတွေကို အခြေခံပြီး လှအောင် လုပ်မှာ၊ ကျွန်တော်ထင်တယ်၊ ဦးသုံးမယ်လို့ မှန်းထားတဲ့ ငွေနဲ့တောင် ဖြစ်သွားနိုင်တယ်၊ ပိုရင် နည်းနည်းပါပဲ'

'ဟာ. . ဒါဆိုရင်တော့ သိပ်ကောင်းတာပေါ့မောင်ထူးစံရာ. . ဦးက တစ်ခုတော့ ထပ်ပြီး တောင်းဆိုပါရစေဦး၊ ဦးတို့မိသားစုလာပြီး နားနေဖို့ နှစ်ထပ်တိုက်တစ်လုံးလဲ ဆောက်ပေးပါ၊ အဲဒါကတော့ ကုန်ကျစရိတ်သီးသန့်တွက်ပါ ထပ်ပေးပါ့မယ်'

ထူးစံ ပြုံးလိုက်သည်။

'အဲဒါအတွက်ပါ ကျွန်တော် ထည့်တွက်ပြီးသားပါ'

'ဩော်. . မောင်ထူးစံက ဘယ်လိုတွက်ထားတာလဲ'

ဦးသီဟ အံ့ဩသွားသည်။

'ဒီကွန်ပေါင်းအတွင်းမှာ အဆောက်အဦးတွေ သီးခြားထပ်တိုးရင်ကြည့်လို့မကောင်းတော့ဘူး၊ ပင်မ ဟိုတယ်ကြီးမှာပဲ ဦးတို့မိသား



www.burmeseclassic.com

www.burmeseclassic.com



လာနေနိုင်တဲ့ အပိုင်းတစ်ပိုင်းထည့်ပေးမယ်၊ သုံးထပ်ရှိမယ်၊ အဆောက် အဦးကြီးနဲ့ တွဲရက်ရှိပေမယ့် သီးခြားနေလို့ရမယ်၊ အဆောက်အဦးကြီ နဲ့ တစ်ဆက်တစ်စပ်တည်း ဆက်သွယ်ချင်ရင်လဲ ရတဲ့ နံရံတံခါးထည့်ပေ ထားမယ်'

'ဟာ. . . သိပ်ကောင်းတဲ့စိတ်ကူးပဲကွ၊ ခွဲချင်ရင်လဲ ခွဲလို့ရမယ် တွဲချင်ရင်လဲ တွဲလို့ရမယ်'

BURMESE CLASSIC

ထူးစံ ခေါင်းညိတ်ပြသည်။

'ပြီးတော့ ဗွီအိုင်ပီခန်းပေါ့၊ မိသားစုတည်းနိုင်တဲ့ ခန်းကျယ်ကြီ (၄)ခုလဲ ထည့်ပေးထားမယ်၊ အဲဒါကတော့ တတ်နိုင်တဲ့သူဌေးတွေတည် ဖို့ ဈေးနှုန်းသီးခြားဖြစ်မယ်၊ ကျန်တဲ့အခန်းတွေကတော့ သူ့အဆင့်နဲ့သူ ပုံမှန်ပဲ ရှိမယ်'

'ဟာ. . . သိပ်ကောင်းပေါ့ကွာ. . . ဒါဆို ဦးတို့မိသားစုအတွက် သီးခြားဆောက်မယ့် ကုန်ကျစရိတ်လဲ မလိုဘူးလား'

'ကျွန်တော်တွက်ထားတဲ့အထဲမှာ ပါပြီးနေပြီ ဦး'

'တတ်နိုင်သမျှ အပြည့်စုံဆုံးနဲ့ အသက်သာဆုံးဖြစ်အောင် ကျွန်တော်စဉ်းစားထားပါတယ် ဦး'

'ကျေးဇူးတင်ပါတယ်ကွာ၊ ဦးကလဲ လူတစ်ယောက်ကို လွယ်လွယ် နဲ့ ယုံတတ်တဲ့လူမဟုတ်ဘူး၊ ဒါပေမယ့် ဘာလို့လဲ မသိဘူး၊ ငါ့တူကိုတော့ ယုံတယ်၊ ဦးတို့အရပ်မှာ အိမ်ဆောက်ရင် ကျွန်တော်တော့ ဘာ နားမလည်ဘူးဗျာ၊ ကျွန်တော့်ကို အကောင်းဆုံးလုပ်ပေးပါလို့ ပြောရ လက်သမားက သူ့မှာ လုံးဝတာဝန်ရှိသွားတယ်တဲ့ အကောင်းဆုံးလုပ် ပေးရတယ်တဲ့'

'မှန်တာပေါ့ဦး'





'တချို့ကတော့ နည်းနည်းပါးပါးနားလည်တယ်၊ ပညာရှင်လိုတော့ ဘယ်တတ်ပါ့မလဲ၊ ဒါပေမယ့် သူသိသလောက်နဲ့ နေရာတိုင်း ဝင်ပြော နေတော့ လုပ်ရတဲ့ ပညာရှင်စိတ်ပျက်တယ်တဲ့'

'သိပ်မှန်တယ် ဦး'

ထူးစံက အားတတ်သရော ထောက်ခံ၍ ဦးသီဟပြုံးသည်။

'ဦးက နားလည်ပါတယ်၊ ဒီလောက် အလုပ်ကြီးတစ်ခု လုပ်တဲ့ နေရာမှာ မျှော်လင့်ထားတဲ့အလေအလွင့်အဆုံးအရှုံးတွေရှိသလို မမျှော်လင့်တဲ့ အလေအလွင့်အဆုံးအရှုံးလဲ ရှိနိုင်တာပေါ့'

'သင့်တော်တဲ့ ရာခိုင်နှုန်းထက်တော့ မပိုသင့်ဘူးပေါ့'

ဦးသီဟ ခေါင်းညိတ်သည်။

'မောင်ထူးစံ စိတ်ကြိုက်သာလုပ်ပါ'

'စိတ်ချပါ ဦး ကျွန်တော် ဦးရဲ့သဘောထားကို လေးစားပါတယ်။ ဦးပြောတာကိုလဲ သဘောကျတယ်။ ကျွန်တော်အကောင်းဆုံးစေတနာ ထားပြီး လုပ်ပါ့မယ်။ ကျွန်တော့်ကုမ္ပဏီကို ဒီနေ့ဖုန်းဆက်ပါ့မယ်၊ ကုမ္ပဏီ အတွင်းရေးမှူးကိုယ်တိုင်လာပြီး စာချုပ်ပါ့မယ်'

ဦးသီဟနှင့်ထူးစံတို့ လက်ဆွဲနှုတ်ဆက်ကြသည်။

လုပ်ငန်းသဘောတူညီချက်ရရှိသွားကြပြီ ဖြစ်သည်။

ပြန်တော့မည်ဟု ဆုံးဖြတ်ထားသော ဒေသတွင် ကာလအတော် ကြာကြာနေရဦးမည်ကို ထူးစံနားလည်လိုက်သည်။

'ငါ့တူက လူပျိုဆိုတော့ ဒီအရပ်မှာ မြသွားရင်လဲ ကောင်းသား'

ဦးသီဟ၏ စကားကြောင့် မဆီမဆိုင် မစိမ်း၏မျက်နှာလေးကို မြင်ယောင်မိသည်။

'ဒါပေမယ့် သူနဲ့ငါနဲ့က တွေ့စရာမှ မရှိတော့တာ၊ သူ့ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်နိုင်နဲ့ လုပ်ရမယ့်အလုပ်က ပျက်သွားပြီ'

ဦးအောင်နိုင်နှင့်သူ့သားတို့၏ မိစိမ်းအပေါ်ဆက်ဆံပုံကို မြင်ယောင်၍ တူမဆိုသော်လည်း အိမ်ဖော်အဆင့်လောက်နဲ့ နေရတာပါ ဆိုသော မိစိမ်းကို သနားစိတ်ဖြစ်ပါသည်။

'မလွယ်ပါဘူး ဦးရော၊ အလုပ်စပြီဆိုတာနဲ့ အလုပ်ထဲ မြုပ်သွားမှာပါ၊ အခုဆိုရင် ပုံစံမထုတ်ခင် ဒီနေရာကို ကျွန်တော်ခဏခဏသွားရမှာ ကျွန်တော်တို့ ဗိသုကာအလုပ်ကလဲ ပန်းချီဆရာ၊ ပန်းပုဆရာတွေလိုပါပဲ မရှိသေးတဲ့ အဆောက်အဦးနဲ့ နေ့ခင်းတွေကို စိတ်ထဲမှာ အရင်ပုံဖော်ရဦးမှာ၊ အဲဒီပုံကိုမှ တကယ့်လက်တွေ့ပေါ်လာအောင် ဖော်ရမှာ'

'ဦးကတော့ ငါ့တူ ဆောက်လုပ်ပြီး ပုံပေါ်လာမှာကို အမြန်ဆုံး မြင်ချင်တာပါပဲ'

'မကြာခင် နမူနာပုံစံထုတ်ပြတာကို ဦးမြင်ရမှာပါ'

ထူးစံ၏ မျက်စိထဲမှာတော့ သူတည်ဆောက်မည့်ပုံကြမ်းကို မြင်ယောင်လျက်။





အခန်း(၁၆)

'တောက် လွဲပါးဝလို့ကွာ၊ ကိုယ့်အတွက် လာတာ၊ သူ့အတွက် ဖြစ်ရမယ်လို့'

ဦးအောင်နိုင် မကျေမနပ်ဖြစ်နေသည်ကို ကြည့်ပြီး စိုးမြတ်မင်း သဘောကျနေသည်။

'မင်းက ဒါကို ဘယ်လိုသိလာတာလဲ၊ သေရော သေချာရဲ့လား'

'သေချာတာပေါ့အဖေရာ၊ ဦးသီလ တူ ဝင်းနိုင်ဦးက ကျွန်တော်နဲ့ တစ်တန်းတည်းပဲ၊ ကျွန်တော့်ကို ပြောတာမဟုတ်ပါဘူး၊ သူ့သူငယ်ချင်းတွေကို ပြောနေတာပါ၊ သိန်းငါးထောင်ကျော်တန်ဆောက်မှာတဲ့ ဆောက်မယ့်ဗိသုကာက ရန်ကုန်က ထူးစံတဲ့၊ ကုမ္ပဏီနဲ့ စာချုပ်ဖို့ ရန်ကုန်က ကုမ္ပဏီဥက္ကဋ္ဌကိုယ်တိုင်လာမှာတဲ့'



www.burmeseclassic.com

www.burmeseclassic.com



စိုးမြတ်မင်းက အနိုင်အမာပြောသည်။

'သိကြသေးတာပေါ့ကွာ၊ ဟင်း . . ပျက်အောင်ကို ဖျက်ပြမယ်'

ဦးအောင်နိုင် ဒေါသတကြီးကျုံးဝါးလိုက်သည်။

'အဖေ ပျက်အောင်ဖျက်နိုင်လို့လား'

စိုးမြတ်မင်းက ဦးအောင်နိုင်မခံချင်အောင် မေးလိုက်ခြင်းဖြစ်သည်။

'ဘာလို့ မဖျက်နိုင်ရမှာလဲကွ'

'အဖေနဲ့ ဆောက်ဖို့ကိစ္စက ပျက်သွားပြီမဟုတ်လား'

'ဟင်း . . ဟင်း . . ကုမ္ပဏီဥက္ကဋ္ဌလာရင် ပွဲကြီးပွဲကောင်းပေါ့ကွာ၊ ကြည့်ထား၊ ထူးစံဆိုတဲ့ကောင် သူ့ကုမ္ပဏီက အလုပ်ပြုတ်ပြီး ပြန်ပြေးရအောင် လုပ်ပြမယ်၊ မနေ့တနေ့ကမှ လူဖြစ်တဲ့ကောင်က အောင်နိုင်ကို ဒီလိုလုပ်လို့ ဘယ်ရမလဲ'

'ဘယ်လိုလုပ်မှာလဲ အဖေ'

ဦးအောင်နိုင်က စိုးမြတ်မင်းကို လှမ်းကြည့်လိုက်သည်။ သို့သော် ဘာမျှ မပြောတော့ဘဲ အိမ်ပေါ်သို့ တက်သွားသည်။

'ဟင်း . . ဟင်း . .'

စိုးမြတ်မင်းပခုံးနှစ်ဖက် တွန့်ရင်း ဧည့်ခန်းထဲမှာ ကျန်ခဲ့သည်။

× × × × ×

ထူးစံသိချင်းလေးတအေးအေးနှင့် ပုံဆွဲရသည်ကို စိတ်ပါလက်ပါ ဖြစ်နေ၏။ ဦးသီဟနှင့် ဆက်ဆံရသည်မှာ မေတ္တာအေးရိပ်ကို ခံစားရ၍ ထူးစံရင်ထဲမှာ စေတနာများ ဖြစ်ပေါ်ရသည်။





'ညာဘက်မှာ တောင်ရှိတယ်၊ စမ်းချောင်းလေးက ဒီနေရာမှာ'

မျက်စိထဲမှ ပုံရိပ်များသည် စာရွက်ပေါ်မှာ မျဉ်းကြောင်းများ ဖြစ်ပေါ်လာ၏။

'ကိုထူးစံ ဦးအောင်နိုင်က သူ့အိမ်ကို ခု အမြန်လာခဲ့ပါတဲ့၊ ဖုန်းဆက်တယ်'

'ဗျာ'

ဧည့်ရိပ်သာမန်နေဂျာလာပြောသည်ကို ထူးစံ အံ့အားသင့်သည်။

ထူးစံ စိတ်ထဲမှာ ထင့်သွားသည်။

'ငါနဲ့သူနဲ့ဘာပြောစရာရှိလို့လဲ၊ သူနဲ့ကိစ္စက ပြတ်သွားပြီပဲ'

ထူးစံ နားမလည်နိုင်ဖြစ်ရသည်။

'ဘာကိစ္စလို့ ပြောသေးလဲ'

မန်နေဂျာကို ထူးစံပြန်မေးမိသည်။

'ဘာကိစ္စမှ မပြောဘူး၊ သူ့အိမ်ကို အမြန်လာပါလို့ ပြောလိုက်၊ သူ အခုအိမ်က စောင့်နေမယ်တဲ့'

ပြောပုံက ရှင့်သည်ဟု ထင်သည်။ ထူးစံ စိတ်ထဲမှာ မကျေနပ်။

'ကျွန်တော်က ကိုထူးစံနဲ့ ပြောမလား၊ ခေါ်ပေးပါ့မယ်လို့ ပြောသေးတယ်၊ မပြောတော့ဘူး၊ အိမ်လွှတ်လိုက်ပါ၊ ပြောစရာတွေက အများကြီးတဲ့'

'အများကြီး . . ဘာတွေလဲ'

ထူးစံ၏ ကြည်နေသော စိတ်ကလေး နောက်သွားသည်။

ဆွဲနေသည့် ပုံပေါ်တွင် အာရုံဝင်စားနေသည်များ ပျောက်သွားသည်။

'ကောင်းပါပြီဗျာ'



www.burmeseclassic.com

www.burmeseclassic.com



အခန်းပေါက်မှ ရပ်စောင့်နေသော မန်နေဂျာကို စကားပြန်လိုက်ရသည်။ မန်နေဂျာ ခေါင်းညိတ်ပြီး ပြန်ထွက်သွားသည်။

'သွားဖို့ လိုမလား'

ကိုယ့်ဟာသာ စဉ်းစားရသည်။

ဦးသီဟက သူတွေ့ချင်သော ကိစ္စအတွက် ချိန်းဆိုထားသည့်ကိုယ်တိုင်လာသည်။ လုပ်ငန်းကိစ္စကို မနက်စာကျွေးပြီး ရင်းရင်းနှီးနှီးဆွေးနွေးသည်။ ဆက်ဆံပုံက နွေးထွေးသည်။

ဦးအောင်ခိုင်က သူ့အိမ်ကို လာခဲ့ပါဟု ဖုန်းနှင့် တစ်ဆင့်ပြောသည်။ ဆက်ဆံပုံက မောက်မာသည်။ အပေါ်စီးယူလွန်းသည်။ ငွေကြေးရှင်၏ အလုပ်သဘောဆန်သော ဆက်ဆံမှုဖြစ်သည်။

ဦးသီဟနှင့် ဦးအောင်ခိုင်၏ ဆက်ဆံမှု ကွာခြားလွန်းသည်ကိုနှိုင်းယှဉ်စဉ်းစားမိရပြန်၏။

အမှန်အတိုင်း ပြောရလျှင် ထူးစံမှာလည်း လူငယ်မာန်၊ ပညာမာန်ရှိသည်။ သွားတွေ့ချင်စိတ် မရှိ။

'ဘာပဲဖြစ်ဖြစ် သွားတွေ့လိုက်ရင်တော့ ဘာအကြောင်းဆိုတာသိရမှာပေါ့'

အလုပ်ကြီး အကိုင်ကြီးလုပ်သူ၏ စိတ်သဘောထားကို ထူးစံမေ့မြှုလိုက်ရသည်။

ရုပ်ကလေးလှသော်လည်း ဦးအောင်ခိုင်နှင့် သူ့သား၏ဆက်ဆံမှုကြောင့် ညှိုးနွမ်းနေသည့် မိစိမ်းဆိုသော မိန်းကလေးကိုလည်းမြင်ယောင်လာမိရသည်။

ဤမိန်းကလေးကို တွေ့စတွင် မကျေမနပ်ဖြစ်ခဲ့ရသည်။ သို့သော်မကျေနပ်သည့်ကြားမှပင် ထူးထူးခြားခြားလှသည်ကို သတိထားမိရသည်။





နောက်တော့ သူ့ဘဝအမှန်ကို သိ၍ သနားစိတ်ဖြစ်ရသည်။ နုငယ်တစ်ယောက်နှယ် ကြင်နာမိရသည်။

'ဦးအောင်ခိုင်ဆီသွားရင် သူ့ကိုရော တွေ့ရမလား'

သံယောဇဉ်စိတ်ကလေးနှင့် တွေးမိသည်။

'ဘာပဲဖြစ်ဖြစ် သွားတော့ တွေ့ကြည့်ရမှာပဲ'

ပုံဆွဲစားပွဲမှ ထလိုက်ခြင်းနှင့်အတူ သက်ပြင်းတစ်ချက်ကိုခပ်မျှင်မျှင်လေး ထုတ်ပစ်လိုက်မိသည်။

× × × × ×

ထူးစံ၏ ကားလေးဦးအောင်ခိုင်ခြံရောက်တော့ တံခါးဖွင့်ပေးသူဦးမောင်ကြီး။ မိစိမ်း၏ အရိပ်အယောင်ကိုပင် ထူးစံမမြင်ရ။

ညှိခန်းမှာ ဦးအောင်ခိုင် စောင့်နေသည်။

မျက်နှာက ပြုံးရယ်ခြင်းမရှိ။ တည်တည်တင်းတင်းဖြစ်သည်။

'မင်္ဂလာပါ ဦးအောင်ခိုင်'

ထူးစံ၏ မင်္ဂလာနှုတ်ခွန်းဆက်ကို တုန့်ပြန်ခြင်းမရှိ။

'ထိုင်ပါ'

နေရာပေးရုံမျှသာ တုန့်ပြန်သည်။

ထူးစံ ထိုင်လိုက်သည်။

'မင်းတို့ အေးရိပ်ကုမ္ပဏီနဲ့ ဟိုတယ်ဆောက်ဖို့ ပြောထားတဲ့ကိစ္စမင်းတို့ပြောတဲ့ဈေးနဲ့ပဲ ဆောက်မယ်'

'ခင်ဗျာ'

ထူးစံအံ့အားသင့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်သော စကား။

'ဟိုနေ့က 'ဦးပဲ မဆောက်တော့ဘူး ဆိုလို့ . .'

'ငါမဆောက်တော့ဘူးလို့ မပြောပါဘူး၊ မင်းကို ဈေးလျှော့ဖို့ ပြောတာ'

'မှန်ပါတယ်၊ ကျွန်တော်က မလျှော့နိုင်ဘူးဆိုတော့ . .'

'မလျှော့နိုင်ရင်လဲ အခု မင်းတို့ပြောတဲ့ ဈေးအတိုင်းပဲ လုပ်မယ်'

'ဒါဆိုရင် ကျွန်တော် ကုမ္ပဏီကို ပြန်ပြောရဦးမယ်'

'ဟဲ . . ဒါ . . မင်း ပြောတဲ့အတိုင်းပေးတာပဲ၊ ဘာပြန်ပြောစရ လိုလဲ'

'ဟုတ်ပါတယ်၊ ဒါပေမယ့် ဦးက အဲဒီဈေးမပေးနိုင်ဘူးဆိုတေ ကျွန်တော်က ကုမ္ပဏီကို ပြန်ပြောပြီးပြီ၊ ကုမ္ပဏီက မလုပ်နိုင်တော့ဘူ'

'ဟ . . ဘာလို့ မလုပ်နိုင်ရမှာလဲကွ၊ အခု မင်းတို့ပြောတဲ့ ဈေး ပေးပြီပဲ လုပ်ရမှာပေါ့'

'ကျွန်တော် ကုမ္ပဏီကိုတော့ ပြန်တင်ပြ . .'

'ဟ . . ကုမ္ပဏီက မင်းကို လွှဲထားတယ်၊ မင်းက ပညာရှင်

ဦးအောင်နိုင်က ထူးစံပြောသမျှ ဖြတ်ပြောနေသည်။

'ပညာရှင်က တွက်ချက်တင်ပြရုံပဲ ဦး၊ အဆုံးအဖြတ်ပေးရမှာ ကုမ္ပဏီ'

'မင်းစကားတွေက ရှေ့နောက်မညီဘူး၊ မင်းတွက်ချက်တင်ပြ အတိုင်း ကုမ္ပဏီက လက်ခံတယ်လို့ မင်းပြောခဲ့တာပဲ၊ အခု မင်းတွ တဲ့အတိုင်း ပေးပြီပဲ၊ ကုမ္ပဏီက လက်ခံရုံရှိတာပေါ့'

ဦးအောင်နိုင် တစ်ဖက်သတ် အနိုင်ကျင့်ပြောနေသည်ကို ထူ မကျေနပ်။





'မှန်ပါတယ် ဦးအောင်နိုင်၊ အဲဒီအချိန်တုန်းကဆိုရင် ဒီဈေးနဲ့ ကျွန်တော်တင်ပြတဲ့အတိုင်း လုပ်မှာပါ၊ ခုဟာကတော့ ကျွန်တော် မလုပ်နိုင်တော့ဘူး'

ထူးစံလေသံကလည်း ပြတ်သားသွားသည်။

'ဘာကွ၊ ဘာလို့ မလုပ်နိုင်ရမှာလဲ၊ ဒီအလုပ်ကိစ္စအတွက် မင်းကို ကုမ္ပဏီက ဒီကို လွှတ်လိုက်တာ၊ အခု ငါက အလုပ်အပ်ပြီ၊ မင်းတောင်း တဲ့ ဈေးလဲ ပေးပြီး မင်းမလုပ်လို့ ဘယ်ရမလဲ'

ဦးအောင်နိုင်က အပိုင်ချည်ပြောနေသည်။

'အပ်ပေမယ့် နောက်ကျသွားပြီ ဦးအောင်နိုင်၊ ကျွန်တော် တခြား အလုပ်တစ်ခု လက်ခံလိုက်ပြီ'

ထူးစံက အမှန်အတိုင်း ပြောလိုက်သည်။

'ဘာကွ . . ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ ငါနဲ့ အလုပ်ကိစ္စအတွက် မင်းကို ကုမ္ပဏီက လွှတ်လိုက်တာပဲ'

'လွှတ်လိုက်တာ မှန်ပေမယ့် ဦးက ကျွန်တော်နဲ့ ဘာမှ ဆက်ပြော စရာမရှိတော့ဘူးလို့ အပြတ်ငြင်းခဲ့တာပဲ'

'မှန်တယ်၊ အဲဒါက မင်းကိုပြောတာပဲ အခုပြောတာက ကုမ္ပဏီ ကို ပြောတာ'

'ကုမ္ပဏီက ကျွန်တော့်တာဝန်ပေးထားတာပဲ'

'ဒါဆိုလဲ အခု မင်းပြောတဲ့ဈေးပေးပြီ၊ မင်းလုပ်ရမှာပေါ့'

'ဦးအောင်နိုင်နဲ့ ကျွန်တော် ဘာမှ စာချုပ်ထားတာမှမရှိဘဲ ကျွန်တော်မလုပ်နိုင်ဘူး'

ထူးစံက အပြတ်ငြင်းလိုက်သည်။ ဦးအောင်နိုင်ပြောပုံကိုလည်း သည်းခံချင်စိတ်မရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



'ဟ အရောင်းအဝယ်စကားနဲ့ပြောရင် ဈေးဆစ်ပြီးရင် ဆစ်တဲ့ ဈေးပေးပြီဆိုတာနဲ့ မဝယ်လို့ ဘယ်ရမလဲ'

'ဒါဖြင့်လဲ ဦးအောင်ခိုင်ပြောတဲ့ အရောင်းအဝယ်နဲ့ပဲ ပြောပါ့မယ်၊ ပစ္စည်းတစ်ခုကို ကျွန်တော်ပြောတဲ့ဈေးနဲ့ ဦးအောင်ခိုင်က မဝယ်နိုင်ဘူး၊ သုံးလေးရက်ကြာသွားပြီ၊ ဒီပြင်တစ်ယောက်လာဝယ်တယ်၊ ကျွန်တော်တို့ပြောတဲ့ ဈေးလဲပေးတယ်၊ ရောင်းမှာပေါ့၊ မသေချာတဲ့လူကို ဘယ်စောင့်နေနိုင်ပါ့မလဲ'

'ဒါက ရောင်းလိုက်တဲ့ ပစ္စည်းမှမဟုတ်ဘဲ အလုပ်ကွ၊ မင်းတို့ပြောတဲ့ဈေးအတိုင်းပေးတာ၊ မင်းတို့ကုမ္ပဏီမလုပ်လို့ မရဘူး'

'ကျွန်တော်တို့မှာ ဦးအောင်ခိုင်နဲ့ ပြောတာထက်ပိုကြီးတဲ့ အလုပ်ကို ရနေပြီ၊ တာဝန်ခံလုပ်ရမှာကလဲ ကျွန်တော်ပဲဆိုတော့ ဦးအောင်ခိုင်အလုပ်ကို ကျွန်တော်မလုပ်နိုင်တော့ပါဘူး'

ထူးစံ ထိုင်နေရာမှ ထလိုက်သည်။

ဦးအောင်ခိုင်မှာ စာချုပ်လဲ မရှိ၍ ထူးစံကို အကျပ်ကိုင်၍ ရမည် ထင်ထားရာမှ မရသောကြောင့် ဒေါသတကြီးဖြစ်နေသည်။

'ဒါဆိုရင်. . . မင်းတို့ကုမ္ပဏီက ကတိမတည်တဲ့ကုမ္ပဏီ၊ သိက္ခာ မရှိတဲ့ ကုမ္ပဏီအဖြစ် အရှုက်တကွဲဖြစ်အောင် ငါလုပ်မယ်၊ မင်းကိုလဲ ကုမ္ပဏီ ဂုဏ်သိက္ခာမရှိအောင် ကတိပျက်တဲ့လူအဖြစ် မင်းတို့ကုမ္ပဏီ ကို ငါတိုင်မယ်'

'တိုင်ပါဦး၊ ဒီကိစ္စ ကျွန်တော်လဲ ကတိဖျက်တာမဟုတ်ဘူး ကုမ္ပဏီလဲ သိက္ခာကျစရာ မရှိဘူး'

ထူးစံ ဧည့်ခန်းထဲမှာ ထွက်လာခဲ့သည်။

'မင်း အဲဒီအလုပ်ကရော စာချုပ်ပြီးလို့လား'



ဦးအောင်ခိုင်က မတ်တတ်ရပ်လျက် မေးသည်။

'မချုပ်ရသေးဘူး၊ ဒါပေမယ့် ကျွန်တော်တို့ပြောတဲ့ ဈေးနဲ့ သဘောတူလို့ ကုမ္ပဏီကို ဖုန်းဆက်ပြီးပြီ၊ ကုမ္ပဏီကလဲ သဘောတူလို့ စာချုပ်ဖို့ တစ်ပတ်အတွင်းရောက်လာမှာပါ'

'ဟ သူလဲ စာမချုပ်ရသေးဘူး၊ ငါလဲ မချုပ်ရသေးဘူး၊ သူကလဲ မင်းတို့ပြောတဲ့ဈေးပေးတယ်၊ ငါလဲ မင်းတို့ပြောတဲ့ ဈေးပေးတယ်၊ ဒါပေမယ့် ငါက အရင်ပြောတဲ့လူ ငါနဲ့ အလုပ်ကိစ္စအတွက် မင်းဒီကို ရောက်လာတာ ဈေးပေးတာချင်းတူရင် ငါ့အလုပ်ကိုပဲ မင်းတို့ စာချုပ်ရမယ်'

ထူးစံ ဘယ်လိုပြန်ပြောရမှန်းမသိအောင် ဖြစ်သွားသည်။

'ဒါကတော့ ကုမ္ပဏီဥက္ကဋ္ဌ စာချုပ်ဖို့ လာတဲ့အခါမှာ ဦးပြောပေါ့'

'ဟာ စာချုပ်ဖို့လာတဲ့အထိ ဘယ်စောင့်မလဲ၊ ခုပဲ ဖုန်းနဲ့ ပြောမယ်၊ မင်းကိုလဲ အလုပ်ဖြုတ်ပစ်အောင် လုပ်မယ်၊ မင်းကြည့်ထား'

'လုပ်ပါဦး ကျွန်တော် သွားပါဦးမယ်'

ထူးစံ ဧည့်ခန်းထဲမှ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

မိုးကလေးဖွဲဖွဲကျလာသည်။

မိစိမ်းသစ်ပင်အရိပ်များဘက်သို့ ကပ်၍ ခပ်မြန်မြန်လျှောက်ရင်း မိုးကိုမော့ကြည့်လိုက်သည်။

မိုးစက်ကလေး အချို့မိစိမ်းမျက်နှာကို လာရောက်ထိမှန်သည်။

မိတ်ကပ်၊ သနပ်ခါးဘာမျှ လိမ်းချယ်မထားသော မိစိမ်း၏ မျက်နှာလေးမှာ မိုးစက်အေးအေးလေးများထိတွေ့သည့်အရသာကို ခံစားရသည်။

မိစိမ်းပြုံးလိုက်သည်။ သနပ်ခါးပျက်မှာ မပူရဟု တွေးလိုက်မိ၍ ဖြစ်သည်။

အိမ်မှ မထွက်မီ မိုးအုံ့နေသည်ကို သတိထားမိ၍ စာအုပ်များကို



www.burmeseclassic.com

www.burmeseclassic.com



ပလက်စတစ်အိတ်နှင့် လုံအောင်ထုပ်ပြီးမှ လွယ်အိတ်ထဲမှ ထည့်ခဲ့သည်။

မိစိမ်းမှာ ထီးမရှိ။ စာအုပ်များကို မိုးစိုမှာ စိုးရိမ်သည်။ လူကတော့ ကိစ္စမရှိ။

လမ်းဘေးမှ ထီးသဖွယ် ပြန့်မိုးနေသော ကုက္ကိုပင်ကြီးများကို ကျေးဇူးတင်စွာကြည့်ရင်း..

'ငါ့မှာ ထီးတွေ အများကြီး'ဟု တွေးလိုက်မိသည်။

မိုးသိပ်သည်းလာလျှင် ကုက္ကိုပင်တစ်ပင်မှာ ကပ်၍ မိုးခိုရမည်။

'တီ..တီ..'

နောက်မှ ကားဟွန်းသံကြားသည်။

'ငါလမ်းကြားက လျှောက်နေတာ အလွတ်ကြီးပဲ'

မိစိမ်းလှည့်မကြည့်။

'တီ..တီ..'

နောက်ဘက်မှ ကားဟွန်းသံကြားရသဲ။ မိစိမ်းဘေးဘက်သို့ ပိုကပ်ပေးလိုက်သည်။

'တီ..တီ'

မိစိမ်းဘေးမှာ ရောက်လာသော ကားကို လှည့်ကြည့်လိုက်သည်။

'ကားပေါ်တက်'

စိုးမြတ်မင်း၏ အမိန့်ပေးသံ။

'ငါ့ဘာသာငါပဲ လမ်းလျှောက်သွားမယ်'

မိစိမ်းခြေလှမ်းများ မြန်မြန်လှမ်းနေသဲ။ စိုးမြတ်မင်းက မိစိမ်းဘေးမှ လိုမ့်လျက်။

'မိုးရွာနေတာ မတွေ့ဘူးလား'

'မိုးက မသည်းပါဘူး'





'သည်းလာရင် ဘယ်လိုလုပ်မလဲ၊ နင့်မှာ ထီးလဲရှိတာ မဟုတ်ဘူး'

'ရပါတယ်၊ မြန်မြန်လျှောက်ရင် မိုးမသည်းခင် ရောက်သွားမှာပဲ'

'ကားပေါ်တက်လို့ ငါ့ပြောနေတာ နင်မကြားဘူးလား။ ကပ်တီးကပ်တပ်နဲ့'

စိုးမြတ်မင်းက စိတ်မရှည်သံနှင့် မာန်ဝေါက်လိုက်သည်။ မိစိမ်းပြုံးချင်သော်လည်း မပြုံးဘဲ နေလိုက်သည်။

စိုးမြတ်မင်း ကားနှင့်မလိုက်ချင်၍ ခြေလှမ်းကို ပို၍ မြန်မြန်လျှောက်လိုက်သည်။

စိုးမြတ်မင်းကားကို အမြန်မောင်းပြီး ထွက်သွားသည်။ မိစိမ်းပြုံးလိုက်သည်။ စိုးမြတ်မင်းနှင့် မရင်းနှီးချင်။

စိုးမြတ်မင်းက ကျောင်းဝတ်စုံဝယ်ပေးမည်ပြောသည်ကို မိစိမ်းငြင်း၍ စိုးမြတ်မင်း မကျေနပ်ဖြစ်နေသည်။

'ကောင်းတယ်'

စိုးမြတ်မင်းပေးသော အကူအညီနှင့် အခွင့်အရေးများကို မယူရန် မိစိမ်းဆုံးဖြတ်ထားသည်။

'ဟင်း..အခွင့်အရေးပေးပြီး အခွင့်အရေး ပြန်ယူမယ့်လူ'

စိုးမြတ်မင်းပြန်ယူမည့် အခွင့်အရေးကို မိစိမ်းမတွေးချင်။ စက်ဆုပ်ရွံမုန်းသည်။

မိုးကလေးက ပိုသည်းလာသည်။

သစ်ကိုင်းသစ်ရွက်များကြားမှ ထိုးဖောက်၍ မိစိမ်းကို ထိမှန်သည့် မိုးပေါက်ကလေးများ ပိုများလာသည်။

ဟောင်းနွမ်းနေသည့် ကျောင်းဝတ်စုံပေါ်သို့လည်း မိုးစက်မိုးပေါက်ကလေးများ ကျရောက်နေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com

'အင်း . . ရှေ့လျှောက် မိုးတွင်းရောက်လို့ မိုးသည်းသည်းရွာတဲ့ နေ့တွေဆိုရင်'

မိစိမ်းတွေးရပြီ။

'ကျောင်းပျက်တော့ မခံနိုင်ဘူးလေ၊ ပလပ်စတစ်အိတ်ကို ခြုံသွားရမှာပဲ'

နောက်ဘက်ဂိုဒေါင်ထဲမှာ မြေသြဇာထည့်သည့် ပလပ်စတစ်အိတ် အခွံများ မြွေရေခွံအိတ် အခွံများကို မိစိမ်း သတိရ၍ ဝမ်းသာသွားသည်။

'ကောင်းတယ်၊ မိုးလုံရင် ပြီးတာပဲ'

ရှေ့မှာ ကျောင်းကို လှမ်းမြင်ရပြီ။

ထီးကိုယ်စီနှင့် ကျောင်းဆီသို့ သွားနေသူများ မိုးကာအင်္ကျီလှလှလေးများဝတ်၍ စက်ဘီးစီးပြီး ကျောင်းထဲဝင်ကြသူများကို လှမ်းမြင်ရသည်။

'ဟင်း . . ဟင်း . . ဆရာဝန်ဖြစ်မှ ထီးကောင်းကောင်း တစ်ချောင်းဝယ်ဆောင်းရမယ်'

ကိုယ့်အတွေးနဲ့ ကိုယ်နှစ်သိမ့်၍ စိတ်ထဲမှာတင် ပြုံးလိုက်သည်။

ခြေလှမ်းများကို ပို၍ သွက်သွက်လှမ်းလိုက်သည်။





## အခန်း(၁၈)

အေးရိပ်ကုမ္ပဏီမှ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌဦးစိုးဝင်း မိုးညှင်းသို့ ရောက်လာသည်။ ထူးစံတည်းခိုသော နမ့်ယင်းငြိမ်ရိပ်သာမှာပင် တည်းသည်။ ထူးစံက ဦးအောင်ခိုင်နှင့် ဖြစ်သည့်ကိစ္စ၊ ဦးသီဟ၏ ဟိုတယ် ဆောက်လုပ်ရေးကိစ္စများ တယ်လီဖုန်းနှင့်ပြောပြီး ဖြစ်သည်ကို ပို၍ ပြည့်စုံအောင် ရှင်းလင်းပြောပြသည်။

'ဘယ်လိုပဲဖြစ်ဖြစ် . . ငါ . . ဦးအောင်ခိုင်နဲ့ တွေ့ရမယ်'

ဦးစိုးဝင်း၏ ဆန္ဒကို ထူးစံ သဘောတူပါသည်။

'တွေ့သင့်တာပေါ့ . . တွေ့ရမှာပေါ့'

ဦးစိုးဝင်းက ထူးစံကို လှမ်းကြည့်လိုက်သည်။

'ဘာလဲ ကျွန်တော့်ဆက်ဆံရေးကို သံသယရှိလို့လား'

ထူးစံက ပွင့်ပွင့်လင်းလင်းသိချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မရှိပါဘူး။ ဒါပေမယ့် ဦးအောင်နိုင်ဖုန်းဆက်တာကတော့ မင်းကို တော်တော်မကျေမနပ်ဖြစ်နေတယ်၊ ဦးအောင်နိုင်နဲ့လဲ မပြေမလည်တော့ မဖြစ်ချင်ဘူး။ တို့က သူ့ကို အကြောင်းပြုပြီး ဒီဘက်နယ်မြေမှာ အစပျိုးရတာ'

'ဟုတ်တာပေါ့၊ ကျွန်တော်ကလဲ ပြေလည်ချင်ပါတယ်'

'သူ့အလုပ်ကိုပါ လက်ခံမယ်ဆိုရင်ရော'

'လက်ခံနိုင်ရင် ကောင်းတာပေါ့၊ ဒါပေမယ့် ကျွန်တော်ကတော့ မလုပ်နိုင်ဘူး။ ဦးသီဟရဲ့ ဟိုတယ်ကိုက အနည်းဆုံး နှစ်နှစ်လောက် လုပ်ရမှာ၊ ဒါတောင် တော်တော်ပြင်းပြင်းထန်ထန်လုပ်ရမှာ၊ နှစ်ခုဆိုရင် ကျွန်တော် မနိုင်ဘူး။ ပြီးတော့ အဲဒီလူကြီးနဲ့လဲ ကျွန်တော်မဆက်ဆံချင်ဘူး'

ဦးစိုးဝင်းက ထူးစံကို လှမ်းကြည့်လိုက်သည်။

'မဆက်ဆံချင်ပေမယ့် ငါသူနဲ့ သွားတွေ့ရင်တော့ မင်းလိုက်ခဲ့မှ ဖြစ်မှာ'

'လိုက်မှာပါ၊ အဲဒီလိုတော့ မလိုက်ဘဲမနေပါဘူး'

'ဒါဆိုရင် ဒီနေ့ညနေပဲ သူ့အိမ်သွားတွေ့ကြမယ်၊ သူနဲ့လဲ ငါ ဖုန်းအဆက်အသွယ်ရပြီးသား'

'ကောင်းပါတယ်၊ မသွားခင်လဲ သူ့ကို ဖုန်းဆက်ပြီး အဆင်ပြေသည့်အချိန်ချိန်းတာပေါ့၊ ညှိနိုင်သာမန်နေဂျာက တစ်ဆင့် ကျွန်တော် ချိန်းပေးပါ့မယ်'

ဦးစိုးဝင်း ခေါင်းညိတ်သည်။

× × × × ×





ညနေပိုင်းတွင် ဦးစိုးဝင်းနှင့် ထူးစံတို့ ဦးအောင်နိုင်အိမ်သွားကြသည်။

ဦးအောင်နိုင်စည့်ခန်းမှာ အသင့်စောင့်နေသည်။ မျက်နှာက တည်တည်တင်းတင်းဖြစ်သည်။

'ဒါ ကျွန်တော်တို့ ကုမ္ပဏီရဲ့ ဥက္ကဋ္ဌဦးစိုးဝင်းပါ'

ထူးစံက မိတ်ဆက်ပေးသည်။ ဦးအောင်နိုင်က လှမ်းကြည့်သည်။ မျက်နှာအမူအရာက ရွှင်ပြုံးခြင်းမရှိ။

'ဦးစိုးဝင်း ဒါ ဦးအောင်နိုင်ပါ'

'ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်'

ဦးစိုးဝင်းက ခေါင်းညိတ်ပြပြီး ကြည်လင်သော အပြုံးနှင့် နှုတ်ဆက်သည်။

'ကုမ္ပဏီဥက္ကဋ္ဌဆိုတော့ အသက်ကြီးပြီထင်နေတာ၊ မောင်ရင်က ခပ်ငယ်ငယ်ရှိသေးတာပဲ'

ဦးအောင်နိုင်ပြောသည့်လေသံမှာ ဦးစိုးဝင်းအသက်ငယ်သည်ကို အထင်သေးသော သဘောပါသည်ဟု ထူးစံသုံးသပ်မိသည်။

'ဟုတ်ပါတယ် ဦး။ အေးနိုင်ကုမ္ပဏီက ကျွန်တော်တို့ ဇီသုကာဘွဲ့ရလူငယ်တွေ စုပြီး တည်ထောင်ထားတာပါ၊ ကိုထူးစံလဲ ဒီအထဲမှာပါတာပေါ့၊ ကျွန်တော်တို့အားလုံးထဲမှာ ကျွန်တော်က အသက်အကြီးဆုံးပါ'

'ကုမ္ပဏီဥက္ကဋ္ဌက အသက်အရွယ်ကြီးတဲ့ လူကြီးတစ်ယောက်ဆိုရင် လုပ်ငန်းရှင်တွေအတွက် ပိုပြီး လေးစားစရာမကောင်းဘူးလား'

ဦးအောင်နိုင်ပြောပုံမှာ ပြောင်ချလိုက်သည့် အဓိကပ်ဖြစ်သည်ဟု ထူးစံသုံးသပ်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးဝင်းက ပြုံးလိုက်သည်။

'ဒီနေ့ကမ္ဘာ့ တိုးတက်တဲ့နိုင်ငံကြီးတွေမှာလဲ လုပ်ငန်းကြီးတွေကို လူငယ်တွေ ဦးဆောင်လုပ်နေကြတာများပါတယ်ဦး'

သူ၏ ဥက္ကဋ္ဌရာထူးအတွက် ကိုစိုးဝင်းကကွယ်နေရပြီဟု တွေးမိ၍ ထူးစံ ပြုံးချင်စိတ်ဖြစ်ရသည်။

'လူကြီးက အတွေ့အကြုံများတော့ ဆက်ဆံရတာ ပိုလေးစားရတာပေါ့'

ဦးအောင်နိုင်က ဆက်နေဆဲ။

'လူငယ်က အတွေးအခေါ်သစ်နဲ့ထက်မြက်သွက်လက်တော့ တချို့က လူငယ်တွေကို ပိုသဘောကျတာလဲ ရှိပါတယ်ဦး'

လူကြီးလူငယ်စကားရည်လုပွဲတစ်ခုကို ထူးစံနားထောင်နေရသည်။

'အသက်ကြီးတော့ ရင့်ကျက်မှု ပိုတာပေါ့'

'အသက်ကြီးပြီး မရင့်ကျက်တဲ့ လူတွေလဲ ရှိပါတယ်ဦး'

ထူးစံ လက်ခုပ်တီးချင်စိတ် ဖြစ်မိပြီးမှ လုပ်ငန်းနှင့်မဆိုင်သည့်အတွက် အချိန်ကုန်နေသည်ဟု စိတ်ပျက်မိသည်။

'မောင်ရင်တို့ ကုမ္ပဏီထောင်တာ မကြာသေးဘူးထင်တယ်'

ဦးအောင်နိုင် စကားပြောင်းသွားသည်။

'ဟုတ်ကဲ့ မကြာသေးပါဘူး ဦး'

'အလုပ်လဲ သိပ်မရသေးဘူး ထင်ပါတယ်'

'အသင့်အတင့်တော့ ရပါတယ်၊ အများကြီးတော့ မဟုတ်သေးပါဘူး'

ဦးစိုးဝင်းက နှိမ့်ချစွာနှင့် အမှန်အတိုင်း ပြောခြင်းဖြစ်သည်။





'မောင်ရင်တို့ ကုမ္ပဏီအနေနဲ့ အလုပ်လုပ်ရာမှာ ကတိသစ္စာရှိစေ့လိုတယ်'

ဦးအောင်နိုင်က အပေါ်စီးလေသံနှင့် ဆက်ဆံနေသည်။

'ကျေးဇူးတင်ပါတယ်ဦး၊ ကျွန်တော်တို့ လူငယ်တွေဖြစ်ပေမယ့် အလုပ်ကြီးအကိုင်ကြီးလုပ်တဲ့နေရာမှာ ကတိသစ္စာမှန်ကန်ဖို့ အလေးအနက်ခံယူထားကြပါတယ်'

'မောင်ရင်က အလေးအနက်ခံယူတယ်ဆိုပေမယ့် မောင်ရင့်လူက ကတိသစ္စာမရှိတဲ့လူ ဖြစ်နေတယ်'

ဦးအောင်နိုင် ထူးစံကို စတင်တိုက်ခိုက်လိုက်သည်။

ထူးစံ ဘာမျှဝင် မပြောပါ။

'ဟုတ်ကဲ့ ပြောပါဦး'

'မောင်ရင်တို့ ကုမ္ပဏီက ကျုပ်နဲ့ညှိနှိုင်းသဘောတူပြီး ကျုပ်တွက် ဟိုတယ်ဆောက်ဖို့ကိစ္စ သူ့ကို လွှတ်လိုက်တယ်၊ ကျုပ်နဲ့ နှစ်ခါတွေ့ပါတယ်၊ အလုပ်ကိစ္စပြောပါတယ်၊ ဈေးနှုန်းညှိနှိုင်းကြတော့ မောင်ရင့်လူ ဆက်ဆံပုံက မပြေလည်ဘူး'

ထူးစံ စိတ်ထဲမှာတင် ပြုံး၍ 'မပြေလည်တာက သူ'ဟု ရင်ထဲမှာပင် ပြောလိုက်သည်။

'မောင်ရင်ကသာ ပြောနေတာ မောင့်ရင့်လူက ကတိသစ္စာကို လေးအနက်ထားဖို့ ဝေးရော နားတောင်လည်မယ့်လူမဟုတ်ဘူး'

ဦးအောင်နိုင်က ပြင်းပြင်းထန်ထန် တိုက်ခိုက်ဝေဖန်လိုက်သည်။

'ဦး ကျွန်တော့်ကို ဖုန်းနဲ့ ပြောတဲ့ကိစ္စပဲလား'

'ဟုတ်ပါတယ်၊ ကျုပ်က ဈေးနှုန်းညှိပါတယ်၊ သူက လုံးဝလျှော့အတင်းမရှိဘူး၊ သူဖြစ်ချင်တာကိုပဲ တရားသေဆုပ်ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျုပ် သူနဲ့ ဆက်မပြောချင်တော့ဘူး။ ပြောရင်လဲ လေကျိ ဒါနဲ့ ကုမ္ပဏီဥက္ကဋ္ဌနဲ့ပဲ ပြောမယ်ဆိုတော့ သူက ပညာရှင်တဲ့ ကု ဥက္ကဋ္ဌက သူပြောရာ ပြီးရတဲ့သူတဲ့ ဟုတ်သလား။ ကျုပ်က ရှင်းရှင်းသ သူ့ရှေ့တင်ပြောတာ၊ နောက်ကွယ်မှာ ခြေပုန်းခုတ်တာမျိုး။ ကောက် တဲ့လူ မဟုတ်ဘူး'

ထူးစံရင်ထဲမှာ တင်းသွားသည်။ မမှန်သူက မတရားပြော သည်။ သို့သော် ဦးစိုးဝင်းက အကြည့်တစ်ချက်နှင့် ဟန့်တားထ စိတ်ကို ထိန်းချုပ်လိုက်ရသည်။

'သူ့ကို ဒီကိစ္စအတွက် တာဝန်ပေးထားတာဆိုတော့ ပုံစံခွဲ ရော၊ ကုန်ကျစရိတ်တွက်ချက်တင်ပြတာရော၊ ပညာရှင်တစ်ယေ အနေနဲ့ တင်ပြထားတာ ကျွန်တော်တို့ ပြန်တွက်ကြည့်တော ဟုတ်ပါတယ်။ သူတွက်တာဟာ ကျွန်တော်တို့ဘက်က လျှော့ အနည်းဆုံးဈေးနှုန်းဖြစ်နေတယ်'

'ကောင်းပြီ အဲဒီလို စကားပြောနေတာ မပြတ်သေးခင် မော လူက တခြားတစ်ယောက်နဲ့ အလုပ်လက်ခံတယ်၊ ကျုပ်ဘာမှ မသိ ကျုပ်နဲ့ကိစ္စက စကားပြောနေတာ မပြတ်သေးခင် ဒီလိုလုပ်သင့်သ ကျုပ်က ရိုးရိုးသားသားပါပဲ၊ နောက်ဆုံးသူ့ဘက်က မလျှော့တော့ ဘက်ကပဲ လျှော့ပြီး သူပြောတဲ့ ဈေးနဲ့ပဲ လုပ်ဖို့ သူ့ကို ခေါ်ပြောပါ သူက တခြားလူနဲ့ အလုပ်လက်ခံပြီး ဖြစ်လို့ ကျုပ်အလုပ်ကို မ တော့ဘူး • တဲ့။ ဒါဟာ ကတိသစ္စာရှိတာလား၊ သူ လုပ်တာ မောင်ရင်တို့ ကုမ္ပဏီကို အများကြီး ထိခိုက်တယ်၊ မောင်ရင်တို့ က ကတိသစ္စာမရှိတဲ့ ကုမ္ပဏီဖြစ်သွားတယ်၊ အခုမှ စတဲ့ကုမ္ပ နာမည်ပျက်သတင်းထွက်ရင် ဘယ်အလုပ်ရှင်က ယုံတော





ဘယ်သူက အလုပ်အပ်ရဲမှာလဲ'

ဦးအောင်ခိုင်က ထူးစံကို အလဲထိုးရန် ကြိုးစားလိုက်ခြင်း ဖြစ်သည်။

ဦးစိုးဝင်းကို ထူးစံအပြည့်အစုံပြောထားပြီး ဖြစ်သည်။ ဦးစိုးဝင်း ဘာပြန်ပြောမည်ကိုလည်း သိချင်သည်။

'ဦးနဲ့ လုပ်ငန်းအဆင်မပြေဖြစ်တာကို ထူးစံ ကျွန်တော့်ဆီ ဖုန်းဆက်ပါတယ်၊ ဦးကလဲ တိုးမပေးနိုင်ဘူး၊ ညှိလဲ မညှိနိုင်ဘူး၊ မင်းနဲ့ ဘာမှ ဆက်ပြောစရာမရှိဘူးဆိုပြီး စကားပြောနေရာက ထွက်သွားတယ် တဲ့၊ ဦးဘက်က အပြတ်ငြင်းလိုက်တော့ အလုပ်မဖြစ်တော့ဘူးဆိုပြီး ကျွန်တော့်ကို ပြောပါတယ်။ ဒါနဲ့ ကျွန်တော်ကပဲ အလုပ်မဖြစ်တော့ရင် ရန်ကုန်ပြန်လာခဲ့ဖို့ ပြောပါတယ်။ ဒီအချိန်မှာပဲ သူ ကားပြင်နေတုန်း ဦးသီလနဲ့တွေ့တာပါ၊ အဲဒီအလုပ်ကိုလည်း သူ ကျွန်တော့်ဆီ ဖုန်းဆက် ပြောပြီးမှ ကျွန်တော်ကလဲ သဘောတူလို့ လက်ခံဖို့ ပြောလိုက်တာပါ'

'ဒါကတော့ မောင်ရင်က သူပြောတာတွေအားလုံးကို ယုံနေတာ ကိုး။ အေးလေ မောင်ရင်ကလဲ လူကြီးနေရာ တာဝန်ယူထားပေမယ့် သိပ်ကငယ်သေးတော့ အတွေ့အကြုံနည်းသေးတာကိုး'

'အဲဒီလို မဟုတ်ပါဘူးဦး၊ ထူးစံဟာ ကျွန်တော့်ထက် ငယ်ပေမယ့် ကျွန်တော်က သူ့ပညာကို သဘောကျတယ်၊ သူ့စိတ်နေစိတ်ထားကိုလဲ လေးစားတယ်၊ ကျွန်တော်နဲ့ ပေါင်းလာခဲ့တာ ကြာပါပြီ၊ သူဘယ်တော့မှ မမှန်မကန်မလုပ်တာ ကျွန်တော်သိတယ်'

'ဟ မင်းပြောသလိုဆိုရင် ငါကပဲ မမှန်မကန် ပြောသလို ဖြစ်နေတာလား'

'ကျွန်တော်က အဲဒီလိုမပြောပါဘူး၊ ဦးနဲ့ အလုပ်က မဖြစ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့ ကျွန်တော်တို့ နားလည်ပြီးမှ တခြားအလုပ်ကလဲ လာအပ်နေတာ နဲ့ လက်ခံတာပါ'

'ငါနဲ့ အလုပ်က ပြတ်သွားပြီ၊ မလုပ်တော့ဘူးလို့မှ ငါက မပြောသေးပဲ၊ မင်းတို့တာသာ တစ်ဖက်သက်ထင်ပြီး ခုံးဖြတ်လို့ ဘယ် မလဲ'

ဦးစိုးဝင်း ပြုံးလိုက်သည်။

'တစ်ဖက်သက်ထင်တာမဟုတ်ပါဘူး ဦး။ ကျွန်တော်နဲ့ ဖုန်းဆက် တော့လဲ ဈေးဆစ်တဲ့စကားကိုပဲ ပြောပါတယ်၊ ကျွန်တော်ကလဲ ဦးပြော ဈေးနဲ့ မလုပ်နိုင်တဲ့အကြောင်း ပြန်ပြောတော့ ကျုပ်ကတော့ ဒီထက် မပေးနိုင်ဘူး။ ဒါ အများဆုံးပေးတာပဲလို့ ပြောပြီး ဦးဖုန်းချသွားတာ

'ကဲ ဒါဆိုရင် အခု မောင်ရင်တို့ တောင်းတဲ့ ဈေးပေးနေ မောင်ရင်တို့ ဒီနေ့ပဲ စာချုပ်ပြီးလုပ်ရုံပဲပေါ့'

ဦးစိုးဝင်းကိုယ်တိုင် ဦးအောင်ခိုင်ပြောပုံများကို သဘောမ ဖြစ်လာသည်။ သို့သော် လူကြီးစိတ်ထား၍ သည်းခံလိုက်သည်။

'ကျွန်တော်တို့ အင်အားနဲ့ ဒီလုပ်ငန်းကြီးနှစ်ခုလုံးကို တစ်ပြိုင်န နိုင်မနိုင်စဉ်းစားနေတာပါ'

'မောင်ရင် ဘာမှ စဉ်းစားနေစရာမရှိဘူး၊ ဒါဟာ ရှင်းနေ ကိစ္စ၊ ကျုပ်ဟိုတယ်ဆောက်ဖို့ သူရောက်လာတယ်၊ ဒီရောက်ပေ ဆောက်မယ့် ပုံစံနဲ့မကိုက်လို့ဆိုပြီး သူက ဈေးပိုတောင်းတယ်၊ ကျု ဈေးလျှော့ခိုင်းတယ်၊ လုပ်ငန်းမပြတ်သေးဘူး။ အခုမောင်ရင်တို့ တော အတိုင်း ကျုပ်က ပေးတယ်၊ ပြတ်ပြီပေါ့။– ဒီနေ့ စာချုပ်ပြီး မနက် လုပ်ငန်းစရုံပဲ၊ နှစ်ခုစလုံး မလုပ်နိုင်ဘူးဆိုရင်လဲ ကျုပ်လုပ်ငန်း လုပ်ရမယ်၊ ကျုပ်က အရင်ပြောတဲ့လူ၊ နောက်မှ ပြောတဲ့လုပ်ငန်း





ဖျက်ပေါ့။ သူက စာချုပ်ရသေးတာလဲ မဟုတ်တော့ ဖျက်ရင်လဲ ဘာမှ မဖြစ်ဘူး'

ဦးအောင်ခိုင်တစ်ဖက်သတ်အနိုင်အထက်ပြောနေသည်ကို ထူးစံ သည်းမခံနိုင်ဖြစ်လာသည်။

'နောက်လုပ်ငန်းက အရင်သဘောတူတာပဲ၊ အဲဒီလို ဖျက်လို့ ဘယ်ရမလဲ'

ဦးအောင်ခိုင်က ထူးစံကို ဒေါသတကြီးလှမ်းကြည့်လိုက်သည်။

'ငါက အရင်ပြောတဲ့လူ ငါက မင်းပြောတဲ့ ဈေးအတိုင်းလဲ ပေးတယ်၊ မင်းမှာ ကတိသစ္စာရှိရင်၊ အရင်အပ်တဲ့လူအရင်လုပ်ရမှာပေါ့'

'ဦးအောင်ခိုင်ဖြစ်ချင်တဲ့အတိုင်းဆိုရင် ကုန်ကျစရိတ်ပိုမယ်၊ ကျွန်တော်အကောင်းဆုံးလုပ်ပေးပါမယ်လို့ ညှိတာပဲ၊ ဦးအောင်ခိုင်က ညှိလဲ မညှိနိုင်ဘူး၊ တိုးလဲ မပေးနိုင်ဘူး။ မင်းနဲ့ ဆက်မပြောဘူးဆိုပြီး ကျွန်တော့်ကို ဒီအခန်းထဲမှာ ဒီအတိုင်းထားပစ်ခဲ့ပြီး ထွက်သွားတာပဲ။ ပြတ်ပြီပေါ့။ ကုမ္ပဏီကို ကျွန်တော်ဖုန်းဆက်တော့ ဦးစိုးဝင်းကို ကျွန်တော် ဒီအတိုင်းပြောတာပဲ၊ ဦးစိုးဝင်းက ပြန်ခဲ့တော့ ပြောပြီးမှ ကားပြင်တာ စောင့်နေတဲ့ရက်မှာ ဦးသီလက အလုပ်လာအပ်တာ၊ ကျွန်တော်ပုံစံတွက် ပြီး ကုန်ကျစရိတ်တွက်ပြတဲ့အတိုင်း လုပ်ငန်းအပ်တာပဲ၊ ဘာမှ ဈေးမဆစ် ဘူး။ တကယ်လုပ်လို့ ပိုကုန်ကျရင် ပေးပါ့မယ်တောင် ပြောသေးတယ်၊ ကျွန်တော်ကုမ္ပဏီကို ဖုန်းဆက်တယ်၊ ဟိုဘက်ကို ကျွန်တော်တို့ လက်ခံပြီး ပြီ၊ ဘယ်ဖျက်လို့ ဖြစ်မလဲ'

'ဒါဖြင့် မင်းကို မင်းဆုတ္တဋ္ဌရေ့မှာပဲ ငါမေးမယ်၊ သူက ဒီလောက် ကပ်ရောနေတာ၊ မင်းကရော သူ့လုပ်ငန်းကို ဒီလောက်စိတ်ဝင်စား နေတာ၊ မင်းကို ဘယ်လောက်ပေးလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com

ထူးစံပြုံးလိုက်သည်။

'ကျွန်တော့် သိက္ခာ ကျွန်တော်ယုံပါတယ်'

'ဟင်း . . ဟင်း အပြင်မှာတော့ ငါးသိန်းပေးတယ်၊ ဆယ်သိန်းပေးတယ်ပြောနေကြတာပဲ၊ မောင်ရင့်လူက ဘယ်လောက်စိတ်ချရလဲ၊ နစ်နာတော့ မောင်ရင်တို့ကုမ္ပဏီက နစ်နာမှာ'

ဦးအောင်နိုင်က ဦးစိုးဝင်းဘက်သို့ လှည့်ပြောလိုက်သည်။

'ဦးမှာ အထောက်အထားရှိရင် အနိုင်အမာပြောပါ၊ ကျွန်တော့် ဘာသာနှုတ်ထွက်ပါ့မယ်'

'နေပါဦး နေပါဦး'

ဦးစိုးဝင်းက ထူးစံကို လက်ကာပြပြီး တားလိုက်သည်။

'ကိုထူးစံ ကျွန်တော်တို့ကို တွက်ချက်တင်ပြတာဟာ လုပ်ငန်းပမာဏနဲ့ ကာလပေါက်ဈေးနဲ့ အားလုံးတွက်ပြီး တင်ပြတာပါ၊ ကျွန်တော်တို့ကုမ္ပဏီကလဲ ပြန်တွက်ပြီးမှ လက်ခံတာပါ၊ ကုမ္ပဏီက နစ်နာမှုရှိရင် ကိုထူးစံလဲ နစ်နာမှာပါ၊ အဲဒီလိုတော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ အဲဒီလိုလဲ လုပ်လို့မရပါဘူး၊ ဒါကြောင့်မို့ အပြင်မှာ ပြောတာတွေဟာ မဖြစ်နိုင်ပါဘူး'

'မောင်ရင်ကလဲ မောင်ရင့်လူပြောတာ အရမ်းယုံနေတာကိုး'

ဦးစိုးဝင်းကိုပါ ဦးအောင်နိုင် မကျေနပ်။

'အရမ်းယုံတာမဟုတ်ပါဘူး ဦး၊ ကျွန်တော်ကိုထူးစံကို ကောင်းကောင်းသိပါတယ်၊ အဲဒီလိုမလုပ်ပါဘူး၊ သူတင်မဟုတ်ပါဘူး၊ ကျွန်တော်တို့ အချင်းချင်းဘယ်သူမှ အဲဒီလိုလဲ လုပ်လို့မရပါဘူး'

'ကျုပ်ကတော့ မောင်ရင့်လူကို မယုံဘူး၊ သဘောလဲမကျဘူး'

'ကောင်းပါတယ်၊ ကျွန်တော်ကလဲ ဦးအောင်နိုင်အလုပ်ကို လုံး၀





လုပ်နိုင်ဘူး၊ လုပ်ငန်းသဘောအရ စကားစပြောကတည်းက ...အောင်နိုင်ဆက်ဆံတာက သိပ်မောက်မာတယ်၊ ကျွန်တော်သည်းခံခဲ့ ...တယ်၊ အခုတော့ ကျွန်တော့်သိက္ခာကိုပါ စော်ကားတယ်၊ ကျွန်တော့် ...လဲ မာနရှိတယ်၊ တစ်ဖက်သတ်မတရားအနိုင်ကျင့်ပြောတာမျိုး လုံး၀ ...ခံနိုင်ဘူး၊ ဒါကြောင့်မို့ ကုမ္ပဏီကဦးအောင်နိုင်အလုပ်ကို လက်ခံမယ် ...ရင်လဲ ကျွန်တော်ကတော့ လုံး၀မလုပ်နိုင်တော့ဘူး'

ထူးစံထိုင်နေရာမှ ထမည်ပြု၍ ဦးစိုးဝင်းက လက်ကို ဆွဲထား ...ိုက်သည်။

'ခဏနေပါဦး'

ထူးစံပြန်ထိုင်လိုက်ရသည်။

'ကျုပ်ကလဲ ကုမ္ပဏီကို ပြောနေတာပါ၊ ကုမ္ပဏီနဲ့ပဲ လုပ်မှာပါ၊ ...ာင်ရင့်ကို ကျုပ်ကလဲ မယုံလို့ မအပ်ပါဘူး'

'အပ်လဲ ကျွန်တော် မလုပ်နိုင်ဘူး'

ထူးစံ ဒေါသကို မနည်းထိန်းချုပ်နေရသည်။

'မောင်ရင်တို့ကုမ္ပဏီကတော့ ကျုပ်အလုပ်ကို လက်ခံရမယ်၊ ...တော့ ကျုပ်ဟိုတယ်က နောက်လူထက်အရင်ပြီးရမယ်၊ အဲဒါပါ ...ချုပ်ထဲ ထည့်ချုပ်ရမှာ၊ သူက အရင်ပြီးလို့တော့ မောင်ရင်တို့ကုမ္ပဏီကို ...ုပ်က တရားစွဲမှာ'

ဦးစိုးဝင်းပြုံးလိုက်သည်။

'ကျွန်တော်တို့က ဦးအလုပ်ကို လက်ခံဖို့ဆိုတာကို အရင်စဉ်းစား ...မှာပါ'

'ဘာကွ'

ဦးစိုးဝင်းကိုယ်တိုင် ဦးအောင်နိုင်၏ ပြောပုံဆိုပုံ၊ ဆက်ဆံပုံကို



www.burmeseclassic.com

www.burmeseclassic.com

သဘောမကျဖြစ်လာသည်။

'အရင်အပ်တဲ့အလုပ်ကို ငြင်းလို့ရမလား'

ဦးအောင်နိုင် ဒေါသတကြီးဖြစ်နေသည်။

'ကျွန်တော်တို့မှာ ဗိသုကာလေးယောက်ပဲ ရှိပါတယ်၊ နှစ်ယောက်က ရန်ကုန်မှာ အလုပ်နှစ်ခုကို တာဝန်ယူလုပ်နေရပါတယ်၊ သူတို့က နယ်လဲ မသွားနိုင်ပါဘူး။ တခြားတာဝန်တွေ ရှိသေးတယ်၊ နယ်ထွက်ပြီး တာဝန်ယူနိုင်တာ ကိုထူးစံတစ်ယောက်ပဲ ရှိပါတယ်၊ နောက်ပြီး ဒီလောက်ကြီးတဲ့ လုပ်ငန်းတာဝန်ကို ဆောင်ရွက်နိုင်တဲ့ အတွေ့အကြုံကလဲ ကိုထူးစံပဲ ရှိပါတယ်၊ ကျွန်တော်ကလဲ နယ်မထွက်နိုင်ပါဘူး'

'ဒါဆိုရင် မောင်ရင်ဆိုလိုတာက'

'ခုနပြောတဲ့စကားတွေထဲမှာပဲ အဖြေက ပြတ်နေပါပြီ၊ ကိုထူးစံကလဲ ဦးအလုပ်ကို မလုပ်နိုင်ဘူး။ ဦးကလဲ သူနဲ့ဆိုရင် မလုပ်ဘူးဆိုတော့ ကျွန်တော်တို့မှာ တခြားလုပ်နိုင်တဲ့လူလဲ မရှိဘူး'

'ဟ ဒါဆိုရင်တော့ မောင်ရင်တို့ကုမ္ပဏီကို ကျုပ် တရားစွဲမယ်'

ဦးစိုးဝင်းပြုံးလိုက်သည်။

'ဦးနဲ့ ကျွန်တော်တို့ စာချုပ်ဘာမှ မလုပ်ရသေးဘဲ ဦးက ဘယ်လို တရားစွဲမလဲ'

'ဒါဆိုမောင်ရင် ဘာလို့ ကျုပ်နဲ့လာဆွေးနွေးတာလဲ'

'ဦးနဲ့ပြေပြေလည်လည်ဖြစ်အောင် ညှိရမယ်ထင်လို့ ဆွေးနွေးတာပါ၊ ဦးက ဦးအလုပ်ကို အရင်ပြီးအောင်လုပ်ရမယ်ဆိုတာ စာချုပ်မှာ ထည့်ချုပ်မယ်၊ မပြီးရင် တရားစွဲမယ်၊ ကိုထူးစံကိုလဲ မယုံဘူး၊ သူနဲ့ဆိုရင် မလုပ်ဘူးဆိုတော့ ကျွန်တော်တို့ အဆင်ပြေအောင် ဘယ်လိုမှ မလုပ်နိုင်ပါဘူး'





'မလုပ်နိုင်ရင် မောင်ရင်တို့ကို သစ္စာမရှိ ကတိမတည်တဲ့လူတွေဆိုတာ လူအားလုံးသိပြီး အရှက်ကွဲအောင် ကျုပ်လုပ်မယ်'

ဦးစိုးဝင်း ပြုံးရပြန်သည်။

'လူတစ်ယောက် သိက္ခာကျတယ်၊ အရှက်ကွဲတယ်ဆိုတာ ကိုယ်တိုင်က အမှားကို လုပ်မှပါ၊ သူများက အရှက်ကွဲအောင် လုပ်တိုင်း အရှက်ကွဲတာမဟုတ်ပါဘူး၊ မြတ်စွာဘုရားကို စိဉ္စမာနက တမင်သက်သက်အရှက်ကွဲအောင် စွပ်စွဲပေမယ့် ဘုရားမှာဘာမှ မဖြစ်ပါဘူး။ စိဉ္စမာနသာ အရှက်တကွဲဖြစ်ပြီး မြေမျိုခံရတာပါ'

'အံမာ မင်းက ရာရာစစ မင်းတို့ကိုယ်ကိုယ် ဘုရားနဲ့များ နှိုင်းလို့ မိုက်ရိုင်းလိုက်တာ'

'ဘုရားနဲ့ နှိုင်းတာမဟုတ်ပါဘူး၊ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကို စံပြုအတုယူတာပါ'

'သွားကြ၊ မင်းတို့ ငါ့အိမ်ထဲက ခုထွက်သွားကြ'

ဦးအောင်နိုင်ဒေါသတကြီး နှင်ထုတ်နေသည်။

'ကျွန်တော်တို့လဲ သွားချင်နေတာ ကြာပါပြီဦး'

ဦးစိုးဝင်းက ပြောဖြစ်အောင်ပြန်ပြောပြီး ထူးစံနှင့်အတူ ထွက်လာခဲ့ပါသည်။

ဦးစိုးဝင်းနှင့်ထူးစံ၏ ကားလေးခြံဝင်းမှ ထွက်လာချိန်တွင် အိမ်ထဲမှ ဆူဆူညံညံပေါက်ခွဲသံများ ထွက်ပေါ်လာပါသည်။

ဦးအောင်နိုင် ပေါက်ကွဲကျန်ရစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၁၉)

ညနေပိုင်းတွင် ကိုစိုးဝင်းနှင့်ထူးစံကို ဦးသီဟက နန့်ယင်းဟိုတယ်မှာပင် ညစာကျွေးသည်။

'အားနာစရာ ဦးရယ်၊ ဟင်းတွေက အများကြီး'

ဦးစိုးဝင်းက အားနာနေသည်။

'အားနာစရာမရှိပါဘူး။ ဟင်းတွေက ဒေသထွက်သီးနှံတွေပါ ဈေးပေါပါတယ်၊ အမယ်များတာကလဲ တွက်ကြည့်ရင် တစ်ယောက်သုံးချက်နှုန်းပဲ ရှိပါတယ်၊ ဒါက ဂေါ်ရခါးညွှန့်ကြော်၊ စားလို့ ကောင်းပေမယ့် ဒေသထွက်ဆိုတော့ ဈေးပေါပါတယ်၊ ဒါက အော်ဖွန်းသုပ်၊ ဒါက ပြောင်းဖူးကို နွားနို့နဲ့ကြော်ထားတာ၊ ဒါက ကောလင်းဘက်က ထွက်တဲ့ မှိုခြောက်ပန်းခြောက်ဟင်းချို၊ ဒါက နန့်ယင်းချောင်း ငါးကို ပေါင်းထား



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဒါက မှိုကြော်၊ ဒါက မုန့်ညှင်းပူးကြော်၊ ဒါက မြေတောင့်ပဲနှပ်ထားတာ၊ ဒါက ပန်းအာလူးကြော်၊ ဒါက ကြက်ဥအကာချဉ်းပေါင်းထားတာ၊ ဒါလေးက ကြက်ခွေးတောက်ဟင်းချိုပါ၊ တန်ဖိုးကြီးတဲ့ သားငါးပုဇွန်လဲ ဘာမှ မပါဘူး၊ ဦးကတောင် အားနာရဦးမယ်'

ဦးသီဟ၏လေသံက အေးအေးသာသာနှင့် ရင်းရင်းနှီးနှီးရှိသလောက် မျက်နှာကလည်း ပြုံးပြုံးချိုချိုရှိလှသည်။

'အားမနာပါနဲ့ ဦးရယ်၊ ကျွန်တော်တို့ကလဲ သားငါးပုဇွန်မကြိုက်ပါဘူး၊ ဒီလို ဒေသထွက်သီးနှံတွေ ပိုကြိုက်ပါတယ်'

ဦးစိုးဝင်းက ပန်းအာလူးကြော်ကို စားကြည့်ပြီး သဘောကျနေသည်။

'ဦး. . . ကျွန်တော် စိတ်ကူးတစ်ခုရတယ်'

'ပြောပါ မောင်ထူးစံ'

ထူးစံ ပြုံးလိုက်သည်။

'ဦး. . ဟိုတယ်ကြီးပြီးရင် အစားအသောက်အတွက် အခုလို ဒေသထွက်သီးနှံတွေကို အကြော်ဆရာကောင်းကောင်းနဲ့ တိုင်ပင်ပြီး စပါယ်ရှယ်အစားအစာဖြစ်အောင် လုပ်ရင် စားတဲ့လူတွေ သဘောကျမလားလို့'

'ဟ သိပ်ကောင်းတဲ့ စိတ်ကူးပဲ မောင်ထူးစံရာ၊ နေဦး အဲဒါဆိုရင် ဦးလဲ အကြံတစ်ခုရလာပြန်ပြီ'

'ပြောပါ ဦး'

'ဒီလို'

ဦးသီဟက တက်ကြွစိတ်ကြောင့် နေရာပြင်ထိုင်လိုက်သည်။

'ဦးမြေကွက်က နေရာလဲကျတယ်၊ မြေဆီသြဇာလဲ ကောင်းတယ်၊ ဟိုတယ်ဝင်းထဲမှာပဲ အကွက်လိုက်၊ အပိုင်းလိုက်ပေါ့၊ စားပင်သီးနှံတွေကို စိုက်ထားချင်တယ်၊ သူများနိုင်ငံမှာ ငါးအရှင်၊ မြွေအရှင်၊ ပုစွန်အရှင်တွေ လက်ညှိုးထိုး ချက်ကျွေးတာမျိုးတော့ မလုပ်ချင်ဘူး၊ ကျုပ်က ဗုဒ္ဓဘာသာဆိုတော့ အကုသိုလ်ကြောက်တယ်၊ သီးနှံတွေကတော့ ဟိုတယ်မှာတည်းတဲ့လူတွေ ကြိုက်ရာပြော လတ်လတ်ဆတ်ဆတ်ရမယ်၊ အခုဒီစားပွဲမှာ စားတဲ့ သီးနှံအားလုံး ဦးတို့ခြံဝင်းထဲမှာပဲ ရနိုင်ရမယ်၊ ဒီပြင်လဲ ပဲမျိုးစုံတို့ သဘောသီးတို့ အပါအဝင်ပေါ့၊ မောင်ထူးစံအမြင်မှာ ဟိုတယ်အတွက် ရှုပ်နေမယ်ထင်ရင်တော့ မလုပ်ပါဘူး'





'မရှုပ်ပါဘူး ဦး. . . သိပ်ကောင်းတဲ့စိတ်ကူးပဲ၊ ကောင်းတယ်၊ ကျွန်တော်ဆွဲနေတဲ့ပုံစံကလဲ မပြီးသေးတော့ အတော်ပဲ၊ ကျွန်တော်တစ်ခါတည်း ထည့်ဆွဲပေးမယ်၊ ဟိုတယ်ဝန်းကျင်မှာ စိမ်းစိမ်းစိုစိုနဲ့ လှလှပပဖြစ်အောင်ပေါ့၊ လွတ်တဲ့နေရာတွေ ရှိပါတယ်၊ စမ်းချောင်းကရေကို သုံးလို့ရအောင် ကျွန်တော်ပုံစံထုတ်ပေးမယ်'

'ကျွန်တော်လဲ မနက်ဖြန်ကာ မြေကွက်သွားကြည့်ပြီးရင် သင့်တော်မယ့်အကြံဉာဏ်ပေးပါ့မယ်၊ ဦးတို့နှစ်ယောက်စလုံး စိတ်ကူးကောင်းပါတယ်'

ဦးစိုးဝင်းပါ စိတ်ဝင်စားလာသည်။

'အေးဗျာ၊ ဦးကလဲ ငါ့တူတို့နဲ့ အလုပ်လုပ်မိတာ သိပ်ကံကောင်းတာပဲ၊ လူငယ်တွေက အကြံဉာဏ်ထက်မြက်တော့ ဦးလို အဘိုးကြီးပါ ရောနှောပြီး စိတ်ကူးတွေရလာတယ်'

ဦးသီဟ ဝမ်းသာပျော်ရွှင်နေသည်။

ထူးစံနှင့် ဦးစိုးဝင်းတစ်ယောက်ကို တစ်ယောက်လှမ်းကြည့်လိုက်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်နိုင်နှင့် ကွာခြားသော လူငယ်များအပေါ် သဘောထားကို သတိထားမိကြ၍ ဖြစ်သည်။

'စကားလဲ ပြော၊ စားလဲ စားကြပေါ့၊ ကြိုက်တယ် မဟုတ်လား'

ဦးသီဟက ဟင်းများ လိုက်ထည့်ပေးနေသည်။

'ကြိုက်ပါတယ် ဦး။ ဒီဟင်းမျိုးတွေဆိုရင် ရန်ကုန်က လူတွေရော မန္တလေးက လူတွေရော သိပ်သဘောကျမှာ'

ဦးစိုးဝင်းမှာ စားကောင်း၍ သဘောကျနေသည်။

'အိုး သဘောကျလို့ကတော့ သိပ်ဝမ်းသာစရာပေါ့ဗျာ၊ ဈေးနည်းနည်းနဲ့ ကောင်းကောင်း ကျွေးနိုင်အောင်ကို စီစဉ်မယ်'

စားသုံးသူအပေါ်မှာထားသော ဦးသီဟ၏ စေတနာကိုလည်း ထူးစံနှင့် ဦးစိုးဝင်းတို့ လေးစားလိုက်မိသည်။

'ဟိုတယ်ပြီးရင် မိသားစုနဲ့လာတည်းပြီး စားမယ်'

ဦးစိုးဝင်းက မိသားစုပါ ကျွေးချင်စိတ်ဖြစ်လာသည်။

'အိုး . . လာစမ်းပါ၊ ငါတူတို့ ဆောက်တဲ့ဟိုတယ်ပဲ ကြိုက်တဲ့အခန်းမှာ ကြိုက်သလိုနေ တစ်ပြားမှ မယူဘူး၊ စားတာလဲ ဦးက ကျွေးမှာ'

'မဟုတ်တာ ဦးကလဲ ဟိုတယ်ခရော စားတာရော ကျသင့်တာတော့ ယူရမှာပေါ့'

'မယူပါဘူးဗျာ၊ ငါတူများက ဦးကို အကြံကောင်းဉာဏ်ကောင်းတွေ အများကြီးပေးထားတာ၊ အဲဒါက ငွေနဲ့တန်ဖိုးဖြတ်လို့ မရဘူး'

'စိတ်ချပါဦး၊ ဦးက စိတ်သဘောထား သိပ်ကောင်းတယ်၊ ဦးရဲ့ဟိုတယ်ကို အကောင်းဆုံးဆောက်ပေးရုံတင်မကဘူး၊ နောက်ထပ် အကြံကောင်းဉာဏ်ကောင်းတွေရရင်လဲ ရသလောက် ထပ်ပေးမယ်'





'ဟုတ်တယ် ဦး၊ ထူးစံပြောတာမှန်တယ်၊ ကျွန်တော်လဲ ဦးနဲ့ ခုလိုခင်မင်ရင်းနှီးရတာ သိပ်ဝမ်းသာတယ်၊ ဦးကို လေးစားပါတယ်'

ဦးစိုးဝင်းကို ကြည့်ပြီး ဦးသီဟက ခေါင်းညိတ်ပြသည်။

'ဦးက ငါ့တူတို့နှစ်ယောက်ကို တွေ့ကတည်းက ခင်မင်တာရော ယုံကြည်စိတ်ရော ရှိပြီးသား၊ ငါ့တူတို့က လူငယ်တွေဖြစ်ပေမယ့် စိတ်သဘောထားပြည့်တယ်၊ ယုံကြည်စိတ်ချရတဲ့ လူတွေဆိုတာ မြင်ရုံနဲ့သိသာတယ်။ ဦးဘက်က ချွတ်ယွင်းမှာသာ ဦးက စိုးရိမ်တာ'

'မရှိပါဘူး ဦး၊ အလုပ်အတွက်လဲ မနက်ဖြန် ကျွန်တော်သွားကြည့်ပြီးတာနဲ့ စာချုပ်ပြီး အလုပ်မြန်မြန်စပါ့မယ်'

'ဝမ်းသာပါတယ်ဗျာ၊ အားရပါးရ စားကြပါဦး'



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၀)

မိုးဖြိုင်ဖြိုင်ရွာသော ရာသီရောက်ပြီမို့ နှင်းဆီပင်လေးများကို မိစိမ်းရေမလောင်းရတော့ပါ၊ ပေါင်းသာနိုင်အောင် သင်ပေးရသည်။

နှင်းဆီပင်တိုင်း အဖူးတွေ အပွင့်တွေနှင့်ဝေနေကြပြီ။

နှင်းဆီပွင့်များကို ကြည့်ပြီး မိစိမ်းသဘောကျသည်။

သို့သော် နှင်းဆီပွင့်များကို မိစိမ်းမခူးရ၊ ဦးမောင်ကြီးက ခူးပြီး ဈေးသွားရောင်းသည်။

နှင်းဆီပင်တိုင်းပွင့်၍ တစ်ပင်တစ်ပွင့်တော့ အနည်းဆုံးခူးရသည်။ တစ်ပွင့်ကို နှစ်ဆယ်နှင့် ဖောက်သည်သွင်းရသည်။ အပင်သုံးရာမှာ နေ့စဉ်တစ်ပင်တစ်ပွင့်ခန့်ပွင့်၍ ငွေခြောက်ထောင်ရနေသည်။

မိစိမ်း တစ်ပွင့်တလေမှ ခူးမပန်ရ။



www.burmeseclassic.com

www.burmeseclassic.com



မိစိမ်းကလည်း ပန်ချင်စိတ်မရှိပါ။ အလှသာကြည့်ချင်မြင်ချင်သည်။

ကိုယ့်ပုံက လှလှပပဝတ်နိုင်ဆင်နိုင်သည် မဟုတ်။ နှင်းဆီပွင့်များကို အားနာသည်။ ပန်းတခြားလူတခြားဖြစ်မှာ စိုးသည်။

ဦးအောင်ခိုင်က မိစိမ်းကို လုံချည်အင်္ကျီဝယ်ပေးရန် ထား၍ ခေါ်ပြောနှုတ်ဆက်ပင်မပြု။ တကယ်ကို တစိမ်းပြင်ပြင် ရေသွင်သွင်။

စိုးမြတ်မင်းက သူ့အနေနှင့်ဝယ်ပေးချင်သည်ကိုတော့ မိစိမ်းမလိုချင်၊ လုံးဝလက်မခံ။

စိုးမြတ်မင်း မကျေနပ်။

စိုးမြတ်မင်းဝယ်ပေးချင်သည့် ရည်ရွယ်ချက်ကို မိစိမ်းက ပို၍မကျေနပ်။

ယနေ့မိစိမ်းကျောင်းသွားမည့်အချိန်တွင် မိုးက သည်းသည်းမဲမဲရွာနေသည်။ မိစိမ်းမသွားသေးဘဲ စောင့်ကြည့်သည်။ မိုးက တိတ်မည့်ပုံမပေါ်။ ကျောင်းနောက်ကျမခံနိုင်။ သူများလို ကျူရှင်မှာသင်၍ရသည်မဟုတ်။ ကျောင်းမှာ သင်သည်ကိုသာ နားလည်အောင် နားထောင်ရသည်။

ပလပ်စတစ်အိတ်ကို ခေါင်းပါလုံအောင်ခေါင်းပြီး အိမ်မှ ထွက်သည်။ စာအုပ်များလုံအောင် ပို၍ သတိထားသည်။

မိုးများများရွာထား၍ သစ်ပင်အောက်မှ လျှောက်၍မရ။ သစ်ပင်မိုးပေါက်က ပို၍ ကြီးသည်။

တီ..တီ..

ခရီးတစ်ဝက်ခန့်တွင် ရှေ့တည့်တည့်မှလာသော ကားလေးတစ်စင်းသည် မိစိမ်းရှိရာ ကားလမ်းဘေးသို့ဆင်းလာပြီး မျက်နှာချင်း





မှာ ရပ်လိုက်သည်။

'ဘယ်သူပါလိမ့်..ဘာလုပ်တာပါလိမ့်'

မိစိမ်းနားမလည်နိုင်ဖြစ်၍ ကားဆီသို့ ခပ်တင်းတင်းလှမ်းကြည့်သည်။

'အို...'

'အင်ဂျင်နီယာ ထူးစံ'

'မစိမ်း ကျောင်းသွားမလို့လား။ ကားပေါ်တက်လေ၊ ကျွန်တော်မယ်'

'နေပါစေ ကျွန်မဘာသာသွားပါ့မယ်'

မိစိမ်းက ငြင်းသည်။

'ဟာ..မဟုတ်တာ၊ မိုးက ဒီလောက်ရွာနေတာ၊ ထီးလဲ ပါတာဘူး၊ ရွဲကုန်မှာပေါ့၊ လာပါ..တက်ပါ'

ထူးစံက ကားတံခါးဖွင့်ပေးလိုက်သည်။

မိုးက ရွာနေဆဲ။

မိစိမ်း မလိုက်ချင်သော်လည်း အားနာ၍ ကားပေါ်တက်ရသည်။

ထူးစံက ကားလေးကို ကျောင်းဘက်ဆီသို့ ပြန်ကွေ့လိုက်သည်။ ချိန်တွင် နောက်မှ ကားတစ်စင်း ထူးစံကားဘေးမှ ဖြတ်ကျော်တက်အရှိန်ပြင်းစွာ မောင်းနှင်သွားသည်။

ရေစက်ရေပေါက်များ ထူးစံကားဖက်သို့ လွင့်စင်လာကြသည်။

'ဟင်း ဟိုကောင့်ကား'

မိစိမ်းသတိထားလိုက်မိသည်။ စိုးမြတ်မင်း၏ ကားဖြစ်သည်။

'ပြဿနာကောင်'

ပြဿနာပေါ်ဦးမည်ဟု မိစိမ်းနားလည်လိုက်ပါသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



စိုးရွံ့စိတ်မရှိ။ ရင်ဆိုင်ရန် အဆင်သင့်။

မိစိမ်းက သူ့ခေါင်းမြီးခြုံလာသော ပလပ်စတစ်အိတ်ကို အသေ အချာခေါက်နေသည်။ ပလပ်စတစ်အိတ်မှ ရေများကြောင့် ထူးစံ၏ ကားထဲမှာ ရေစိုကုန်သည်ကို အားနာနေမိသည်။

'မစိမ်း ထီးမရှိဘူးလား'

ထူးစံ မေးမိမည်ပြုပြီးမှ မမေးရန် သတိထားလိုက်မိသည်။

'မရှိလို့ ပလပ်စတစ်အိတ်ကို ခွဲပြီး ခြုံလာတာဖြစ်မှာပေါ့'

သနားကြင်နာစိတ်ဖြစ်မိသည်။

အိမ်ဖော်လို သဘောထားပြီး နှိမ်ချဆက်ဆံသောမိန်းကလေး၏ ဦးအောင်နိုင်သားအဖ ထီးဝယ်မပေးသည်မှာ မဆန်းပါ။

'ကျွန်တော် ဦးအောင်နိုင်နဲ့တွေ့ဖို့ နှစ်ခေါက်အိမ်ရောက်သေးတယ် နှစ်ခေါက်လုံး မစိမ်းကို မတွေ့ရဘူး'

'ဟုတ်တယ်၊ မိစိမ်းကျောင်းသွားနေတဲ့အချိန်ဖြစ်မယ် ထင်တယ်'

မိစိမ်း၏ ကျောင်းဝတ်စုံများ ဟောင်းနွမ်းလွန်းလှသည်ကိုလည်း ထူးစံသတိထားမိပြန်သည်။

ဦးအောင်နိုင်သည် ကပ်စေးနှဲရုံသာမက အကြင်နာတရား နည်းပါး သောလူကြီးတစ်ယောက်ဖြစ်သည်ကိုပါ ထူးစံနားလည်လိုက်ရသည်။

'မစိမ်းက အခုဘယ်နှစ်တန်းလဲ'

'ဆယ်တန်းပါ'

'ဩော် ဟုတ်လား။ အောင် အောင်ကြိုးစားပါ'

ထူးစံက အားပေးသည်။

'ကျွန်မက အောင်အောင်ကြိုးစားရုံမဟုတ်ဘူးရှင့်၊ ဂုဏ်ထူးတွေ အများကြီးရအောင် ကြိုးစားမှာ'





မိစိမ်းစိတ်ထဲမှာပင် ပြောနေခြင်းဖြစ်ပါသည်။

ထူးစံ၏ ကားလေးကျောင်းနှင့်နီးလာသည်။ မိုးရွာသည်လည်း စဲသွားပြီ။

'ကျောင်းရှေ့မှာပဲ ရပ်ပေးပါရှင့်၊ ကျောင်းထဲမဝင်ပါနဲ့'

ထူးစံ သူ့ကားလေးကို ကျောင်းဝင်းတံခါးရှေ့မှာ ကွေ့ဝိုက်ရပ်လိုက်သည်။

'ကျေးဇူးတင်ပါတယ်ရှင်'

မိစိမ်းကားပေါ်မှ ဆင်းသည်။

ထူးစံ မိစိမ်းကို ပြုံးပြရင်း ခေါင်းညိတ်လိုက်သည်။

ကားလေးပြန်ထွက်သွားသည်။

မိစိမ်းကျောင်းဝင်းထဲ ဝင်လိုက်သည်နှင့် ခါးထောက်လျက် မျက်နှာပုတ်သိုးနေသော စိုးမြတ်မင်းကို တွေ့ရသည်။

'နင် ထူးစံကားနဲ့ လိုက်လာတာမဟုတ်လား'

စိုးမြတ်မင်းကို မိစိမ်းတင်းတင်းမာမာကြည့်လိုက်သည်။

'နင့်ထက် အသက်အများကြီးကြီးတယ်'

'ငါမေးတာ ဖြေပါ'

စိုးမြတ်မင်းလေသံကလည်း မာသည်။

မိစိမ်းဘာမျှ မဖြေတော့ဘဲ သူ့အခန်းဘက်သို့ ခြေလှမ်းလှည့်၍ ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၁)

ညနေ ကျောင်းဆင်း၍ မိစိမ်းအိမ်ပြန်ရောက်သောအခါ အိမ်ရှေ့မှ စိုးမြတ်မင်း၏ ကားကို တွေ့ရသည်။

အိမ်ထဲသို့ဝင်လိုက်သောအခါ လက်နှစ်ဖက်ခါးထောက်လျက် ပိတ်ရပ်ထားသော စိုးမြတ်မင်းကို တွေ့ရသည်။

မိစိမ်းက စိုးမြတ်မင်းကို ကွေ့ရှောင်သွားသည်။ စိုးမြတ်မင်းက မိစိမ်းရှေ့မှာ လိုက်ပိတ် ကာဆီးသည်။

'ဘာလဲ နင်က ငါ့ကို အံဖက်မတန်သလို ဆက်ဆံတာလား၊ ဒီအိမ်မှာ နေရင် ငါ့ကို ဒီလိုလုပ်လို့ မရဘူး'

'ငါ နင့်နဲ့ ဘာမှ ပြောစရာမရှိဘူး'

'မရှိလို့ ဘယ်ရမလဲ၊ နင်မနက်က ဟိုကောင့်ကားနဲ့ လိုက်သွား



www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်လား'

'ဟိုကောင်လို့ မပြောပါနဲ့ နင့်ထက် အသက်အများကြီးကြီးတယ်'

'ဘာလဲ နင်က သူ့ကို ပြောလို့ နာတာလား'

'သူ့ကို ပြောလို့ နာတာမဟုတ်ဘူး၊ နင့်ထက် အသက်ကြီးတဲ့ လူကို ဟိုကောင်လို့ ပြောတာကို ပြောတာ၊ နင်နားမလည်ဘူးလား'

'ငါမေးတာ ဖြေပါ၊ နင် သူ့ကားနဲ့ လိုက်သွားတယ်မဟုတ်လား'

'ဟုတ်တယ်'

မိစိမ်း ကြောက်ရွံ့ခြင်းမရှိ။

'နင်ဘာလို့ လိုက်ရတာလဲ'

'မိုးရွာနေတာ နင်မမြင်ဘူးလား'

'ဟိုတစ်ခါမိုးရွာနေလို့ ငါခေါ်တာတော့ မလိုက်ဘူးမဟုတ်လား'

'အဲဒီတုန်းက မိုးဖွဲဖွဲရွာနေတာ၊ ကျောင်းရောက်ခါနီးနေပြီ၊ ခုဟာက မိုးသည်းနေတာ ကျောင်းနဲ့လဲ အဝေးကြီး'

'ဒါပေမယ့် ငါ့ကားနဲ့ဆိုရင် လိုက်မှာမဟုတ်ဘူးမို့လား'

စိုးမြတ်မင်း မျက်နှာကို မိစိမ်းကြည့်လိုက်သည်။

'လိုက်ချင်လဲ လိုက်မယ်၊ မလိုက်ချင်လဲ မလိုက်ဘူး'

'အဲဒီလူနဲ့ အဖေနဲ့ အကြီးအကျယ်စကားများထားတာ နင်မသိဘူးလား'

'အဲဒါ ငါနဲ့ဘာဆိုင်လဲ'

'ဆိုင်တာပေါ့၊ အဖေနဲ့ စကားများထားတဲ့လူရဲ့ကားကို နင်မစီးရ ဘူး၊ အလကား သစ္စာမရှိ ကတိမတည်တဲ့လူတွေ၊ အဖေနဲ့အရင်စကား ပြောထားတာ မလုပ်ပဲနဲ့၊ နောက်မှ စကားပြောတဲ့လူနဲ့လုပ်တာ၊ အဖေ တအားစိတ်ဆိုးနေတာ နင်မသိဘူးလား'





'ငါမသိဘူး'

'ဘာလို့ မသိရမှာလဲ၊ တစ်အိမ်သားလုံး သိတာပဲ၊ နင့်ကိုလဲ ငါပြောထားတာပဲ'

'အဲဒီအချိန် နင်လဲ အိမ်မှာ ရှိတာမဟုတ်ဘူး'

'မရှိပေမယ့် ငါသိတယ်'

'နင်သိပေမယ့် ငါမသိဘူး၊ နင်ပြောတဲ့စကားလဲ မယုံဘူး'

မိစိမ်းက ရှေ့မှ ကာဆီးနေသော စိုးမြတ်မင်းကို တွန်းဖယ်ပြီး သူ့အခန်းဆီသို့သွားသည်။

စိုးမြတ်မင်း မိစိမ်းကို နောက်မှ ကြည့်ရင်း ကျန်ရစ်သည်။

'ငါသာ အဖေ့ကို တကယ်တိုင်လိုက်ရင် အဖေသူ့ကို အိမ်က နှင်ထုတ်လိမ့်မယ်'

'ဟင်း. . .'

ဖျန်း

စိုးမြတ်မင်း သူ့လက်ဝါးကို သူ့ဃက်သီးနှင့် ခပ်ဆတ်ဆတ် ထိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၂)

ကိုစိုးဝင်း လက်ဖျောက်တီးလိုက်သည်။

'သိပ်ကောင်းတဲ့နေရာပဲ၊ ထူးစံ မင်းဆိုက်ရွေးထားတာလဲ ကောင်းတယ်၊ ဟိုမှာကြည့်စမ်း'

အရှေ့ဘက်မှ တောင်ကြီးပေါ်မှာ နေမင်းကြီးအလင်းယက်တောင် ဖြန့်နေပြီ။

'ဟိုတယ်ပေါ်ကနေ ကြည့်ရင် နေထွက်တာကို လှလှပပမြင်ရမယ်'

ဦးသီဟ သဘောကျစွာ ပြုံးနေသည်။

'အမြင်လှတာတင်ပြောမနေနဲ့ ကိုစိုးဝင်းနားထောင်ကြည့်၊ အဲဒါ ဘာငှက်သံလဲ'

ကိုစိုးဝင်း နားစွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟ ယောက်ဖခွေးခေါ် ငှက်သံပဲကွ၊ သာယာလိုက်တာ၊ တကယ့်ကို ပီပီသသပဲ'

ကိုစိုးဝင်း အံ့ဩနေသည်။

'နောက်တစ်မျိုးကြားရသေးတယ်ကွ၊ အဲဒါ ဘာငှက်သံလဲ'

'ပန်းတိမ်ငှက်'

ဦးသီဟ၏ အဖြေဖြစ်သည်။

'ဟား. . .ဟုတ်တာပေါ့၊ ပန်တိမ်တူထုသံကျနေတာပဲ၊ သာယာလိုက်တာ'

မြို့ရပ်ဝန်းဒေသမှာ လုံးဝမကြားနိုင်တော့သော ငှက်သံများဖြစ်သည်။

ကိုစိုးဝင်း သိပ်သဘောကျနေသည်။

'ထူးစံ မင်းအဆောက်အဦးဆောက်ရင် သဘာဝပတ်ဝန်းကျင် မပျက်အောင်ဖဲ သတိထား'

'စိတ်ချ၊ ဟိုတယ် အပြင်ကို လှမ်းကြည့်လိုက်ရင် သဘာဝအတိုင်းတောနဲ့ တောင်နဲ့ ငှက်သံနဲ့ ဖြစ်နေအောင် လုပ်မှာ'

ထူးစံလည်း စဉ်းစားထားပြီးသားဖြစ်သည်။

'ကျွန်တော် စိတ်ကူးရတာတစ်ခုပြောချင်ပါတယ်'

ဦးသီဟပြောပုံက ခွင့်တောင်းသော လေသံနှင့်။

'ပြောပါဦး'

ထူးစံနှင့်ကိုစိုးဝင်းထံမှ ပြိုင်တူ ထွက်လာသောအသံ။

'မဲဇာဘက်မှာ ဒေါင်းပေါက်ကလေးတွေမှာလို့ရတယ်၊ ဒေါင်းအကောင်နှစ်ဆယ်လောက် လွှတ်ထားရင် လှလဲ လှတယ်၊ သူတို့အသံကလဲ သာယာတယ်'





'ကောင်းတာပေါ့ဦး'

ထူးစံ သဘောကျသည်။

'ဒါပေမယ့် ဦးရဲ့စိုက်ခင်းကို သူတို့ ဖျက်စီးပစ်မှာပဲ စိုးရတယ်'

ကိုစိုးဝင်း စိုးရိမ်သည်ကို ဦးသီဟက လက်ကာပြသည်။

'မစိုးရိမ်နဲ့၊ သူတို့က သီးနှံမဖျက်ဘူး။ ချတို့ ပိုးပရွတ်တို့ကိုပဲ စားတာ'

'ဟာ ဒါဆို ပိုကောင်းတယ်၊ စိုက်ခင်းနဲ့ ဒေါင်းတွေနဲ့ သိပ်လှတယ်'

ဟိုတယ် ဆောက်မည့်နေရာ စားသောက်ဆိုင်များ ထားမည့်နေရာ တောင်ကုန်းလမ်းဖောက်မည့် နေရာများကို သွားကြည့်ပြီး လိုအပ်သည်များကို ထူးစံက တိုင်းတာသည်။

လူငယ်နှစ်ယောက်၏ ပြောပုံဆိုပုံ လုပ်ပုံကိုင်ပုံကို ဦးသီဟ သဘောကျသလို ဦးသီဟကိုလည်း ကိုစိုးဝင်းရော ထူးစံပါ သဘောကျသည်။

ပတ်ဝန်းကျင်တွင် ပန်းတိမ်ငှက်၏ တူထုသံက အဆက်မပြတ်ထွက်ပေါ်လျက်. . .

တစ်ချက် တစ်ချက်မှာ ယောက်ဖခွေးခေါ် ငှက်ကလေး၏ အသံကိုလည်း ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၃)

မိစိမ်းကျောင်းမသွားမီ ထမင်းကို ခပ်မြန်မြန်စားရသည်။ နေ့ခင်း စားစရာထမင်းဘူးမပါ။ မုန့်စားစရာ ပိုက်ဆံမရှိ။ မနက်ထမင်းကို ဆာင်းအောင် ဖြည့်ရသည်။

မိစိမ်း စားရသည့်ဟင်းက မုန့်ညှင်းစောနှင့် ပဲပြုတ်ဟင်းသာ သည်။ မိစိမ်းစားနိုင်ပါသည်။

'သူ့ငွေက ညှော်ခန်းကို လာခဲ့ပါတဲ့ ..'

ဦးမောင်ကြီး လာခေါ်သည်။

စိုးမြတ်မင်း တိုင်ထားပြီဟု မိစိမ်းနားလည်လိုက်ပါသည်။

စားလက်စ ထမင်းကို ကပျာကယာလက်စသတ်လိုက်သည်။

မိစိမ်း ညှော်ခန်းကို ရောက်သည်နှင့် ဦးအောင်ခိုင် ထိုင်နေရာမှ



www.burmeseclassic.com

www.burmeseclassic.com



မတ်တပ် ရပ်လိုက်သည်။

'ဟိုကောင့် ကားနဲ့ လိုက်သွားတယ်ဆိုတာ ဟုတ်လား'

ဦးအောင်ခိုင်မေးပုံက ခက်ထန်၍ မျက်နှာပေါ်တွင် ဒေါသမီးလျှံများတက်နေသည်။

'မိုးကသည်းနေလို့'

'မိုးသည်းရင် စိုးမြတ်မင်းကားနဲ့လိုက်ပါလား'

ဦးအောင်ခိုင်က မိစိမ်းပြောနေစဉ်မှာပင် ဖြတ်အော်လိုက်သည်။

မိစိမ်းဘာမျှ ပြန်မပြောတော့ပါ။

စိုးမြတ်မင်းက အဝတ်များ ပေါင်း၍ မတင်လိုကြောင်း မပြော[illegible]ချင်။

'ငါ ပြောနေတာ မကြားဘူးလား၊ မိုးရွာရင် စိုးမြတ်မင်းကားနဲ့ ဘာလို့ မလိုက်လဲ'

ဦးအောင်ခိုင်၏ အသံမှာ ကျယ်လွန်းလှသည်။

မိစိမ်း ဘာမျှမဖြေ။ နံရံပေါ်မှာ ခါကာဘိုရာဇီပုံကားချပ်ဆီသို့ကြည့်နေသည်။

ခါကာဘိုရာဇီတောင်ကြီးမှာ နှင်းခဲများ ဖုံး၍ အေးနေသော်လည်း ဤအိမ်ထဲမှာ မီးတောင်ပေါက်၍ ပူလောင်နေသည့်ဟု မိစိမ်း စဉ်းစား[illegible]သည်။

'ဟေ့ ငါမေးနေတာမကြားဘူးလား၊ နင့်မှာ နားမပါဘူးလား'

ဦးအောင်ခိုင် မိစိမ်းရှေ့သို့ ရောက်လာသည်။

'သူက မတင်ချင်ဘူးထင်လို့'

'ဘာ'

'မဟုတ်ဘူး၊ အဖေ ဟိုတစ်ခါ မိုးရွာနေလို့ လိုက်ဖို့ခေါ်[illegible]မလိုက်ဘူး'

စိုးမြတ်မင်း၏ ချွန်တွန်းစကားကြောင့် ရိုက်တော့မည်ဟုပင် မိစိမ်းထင်လိုက်သည်။

ဒေါသမီးလျှံများ ဟပ်၍ ပူနေသည်ဟု မိစိမ်းခံစားရသည်။

'နင့်အမေနဲ့တူတာ . . ဟင်း . . အရှက်မရှိဘူး'

ဦးအောင်ခိုင်က မိစိမ်းမျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးလိုက်သည်။

အမေကို ထိ၍ မိစိမ်းရင်ထဲမှာ တင်းကနည်းဖြစ်လာပြီး ဦးအောင်ခိုင်မျက်နှာကို ကြည့်လိုက်သည်။

ဦးအောင်ခိုင်မျက်လုံးများမှာ ဒေါသမီးများ တောက်နေသည်။

'ငါနဲ့ ဒီကောင်နဲ့ လုံးဝမတည့်ဘူးဆိုတာ နင်မသိဘူးလား'

'မသိဘူး'

မိစိမ်း ပြေပုံက ပြတ်သည်။

'နင့်ကို စိုးမြတ်မင်း ပြောတာပဲ၊ ဘာလို့မသိရမှာလဲ'

'ကားစီးပြီးမှ ပြောတာ'

'နင့်ကို ငါနောက်ဆုံးပြောလိုက်မယ်၊ နောက်တစ်ခါဒီကောင်နဲ့ ဆက်ဆံရင် နင့်ကို ကျောင်းလဲမထားတော့ဘူး၊ ဒီအိမ်ကလဲ နှင်ချမယ်'

ဦးအောင်ခိုင် အိမ်ပေါ်သို့ တက်သွားသည်။

မိစိမ်း သူ့ကျောင်းလွယ်အိတ်ယူ၍ ဘာမျှမဖြစ်သလို ထွက်သွားသည်ကို လှမ်းကြည့်ပြီး ဦးမောင်ကြီးနှင့် ဒေါ်မြထွေးတို့နှစ်ဦး အံ့ဩနေကြသည်။

× × × × ×





☺ ပြုံးပန်းတစ်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တီ. . တီ. .

နောက်မှ ကားဟွန်းသံကြားသည်။ မိစိမ်း လှည့်မကြည့်။

'မစိမ်း'

ကားက မိစိမ်းဘေးရောက်လာသည်။

ခေါ်သံကြားရုံနှင့် ထူးစံမှန်းသိသည်။

လှည့်မကြည့်ဘဲ ခြေလှမ်းမြန်မြန်လျှောက်သည်။

'မစိမ်း ကားပေါ်တက်. . လာ. . ကျွန်တော်လိုက်ပို့မယ်'

မိစိမ်း ဘာမျှပြန်မပြောဘဲ ခြေလှမ်းသွက်သွက်လှမ်းနေဆဲ။

'မစိမ်း. . ကျွန်တော့်ကို ဘာမကျေနပ်လို့လဲ'

မိစိမ်း ဆက်ဆံပုံကို ထူးစံတအံ့တဩဖြစ်ရသည်။ ထူးစံကို မိစိမ်း အားနာပါသည်။ သို့သော် ကိုယ့်အကြောင်း ကိုသာ သိသည်။ သူ့ကိုလည်း ရှင်းပြမနေချင်။

ခပ်စိမ်းစိမ်းပင် ဆက်လျှောက်နေလိုက်သည်။

ထူးစံကားကို ဖြည်းဖြည်းမောင်းပြီး ဘေးမှလိုက်လာသည်။

'မစိမ်း. . ကျွန်တော် ဘာမှား မှားတာရှိလို့လဲ'

ထူးစံသိချင်သည်။

မိစိမ်းက မဖြေ။ လမ်းဘေးမှ သွားလာသူများ လှမ်းကြည့်နေကြသည်။ မျက်နှာချင်းဆိုင်မှ ဖြတ်သွားသော ကားမောင်းသူက ပြုံးသွားသည်၊ ကျောင်းသွားနေသော မိန်းကလေးတစ်ယောက်ကို ရည်းစားစကား လိုက်ပြောနေသည်ဟု ထင်တော့မည်။

ပိုဆိုးသည်က မိစိမ်း၏ အဝတ်များမှာ နွမ်းပါးသည်။

ဆင်းရဲသော ကျောင်းသူမိန်းကလေးတစ်ယောက်ကို ကားနှင့်လူက အလွယ်ရမည်ထင်၍ ကြိုးစားနေသည်ထင်လျှင် ပိုဆိုးတော့မည်။





နုမလေးတစ်ယောက်လို ချစ်ခင်မိသော မိစိမ်း ဂုဏ်သိက္ခာကို ...သိပါးစေချင်။ ထူးစံကားကို မြန်မြန်မောင်းပြီး မိစိမ်းကို ကျော်၍ ...က်လာခဲ့သည်။ စိတ်ထဲမှာတော့ မကောင်း။

'သူ ဘာဖြစ်လို့ ငါ့ကို ဒီလို ဆက်ဆံရတာလဲ'

ထူးစံနားမလည်။

မော်တော်ကား နောက်ကြည့်မှန်ကို ထူးစံကြည့်လိုက်သည်။

ခေါင်းငုံ့လျက် ခပ်မြန်မြန်လျှောက်နေသော မိစိမ်းကို လှမ်းမြင် ...သည်။

'ငါ့ကို ဘာများမကျေနပ်လို့လဲ'

ထူးစံ စဉ်းစား၍မရ။

လွန်ခဲ့သည့် သုံးရက်က မိုးရွာနေ၍ ကားနှင့် လိုက်ပို့ပေးရန် ...သည်ကို ချော့ချော့မော့မော့လိုက်လာခဲ့သည်။

ကျောင်းရောက်၍ ကားပေါ်မှဆင်းသည်အထိ ဘာပြဿနာမျှ ...ခဲ့။ ကိုယ်ကလည်း ဘာစကားမျှ ထူးထူးခြားခြား မပြောခဲ့။

ဘယ်ဘက်ကားမှ ထိုင်ခုံပေါ်တွင် ရှိနေသော ကချင်လွယ်အိတ် ...လေးဆီသို့ ထူးစံအကြည့်ရောက်သွားသည်။

ထိုလွယ်အိတ်ထဲတွင် ကျောင်းစိမ်းလုံချည်သုံးထည်၊ အင်္ကျီအဖြူ ...က်ရှည်သုံးထည်၊ အောက်ခံအင်္ကျီ(၃)ထည်နှင့် ခေါက်ထီးတစ်လက် ...ည့်ထားသည်။

အဝတ်အစားနွမ်းပါးနေသော မိစိမ်းကို ဦးအောင်ခိုင်တို့ သားအဖ ...မျှ ဝယ်ပေးကြမည်မဟုတ်။

'ဒီအိမ်မှာ ကျွန်မနေရတာ အိမ်ဖော်လောက်ပဲ အဆင့်ရှိတယ်'

မိစိမ်းစကားကို ကြားယောင်မိ၍ ဤအဝတ်များကို ဝယ်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။

လုံချည်က ဝယ်၍ လွယ်သော်လည်း အင်္ကျီက ဝယ်၍မလွယ် အထူးသဖြင့် အောက်ခံအင်္ကျီမှာ ပိုခက်သည်။

ရှက်သော်လည်း ရှေ့မျက်နှာနောက်ထားပြီး အရွယ်ပမာဏကို ပြော၍ ဝယ်လာခဲ့ရခြင်းဖြစ်သည်။

ဝတ်စုံများထည့်ထားသည့် ကချင်လွယ်အိတ်က ကျောင်းလွယ် အိတ်။

ယနေ့ ကားနှင့် ကျောင်းလိုက်ပို့ရင်း ဤဝတ်စုံလေးများနှင့် ထီးကို လွယ်အိတ်ကလေးနှင့်အတူ ပေးမည်။

သူ့ခမျာ ဝမ်းသာရှာလိမ့်မည်ဟု စိတ်ကူးယဉ်ခဲ့မိသည်။

ခုတော့ စိတ်ကူးလေး ပျက်သွားပြီ၊ ထင်ခဲ့သည်များနှင့် တခြားစီ

'ဘာဖြစ်လို့များ ဒီလိုပြောင်းလဲသွားရတာပါလိမ့်'

ထူးစံနားမလည်နိုင်ခြင်းနှင့်အတူ စိတ်မကောင်းဖြစ်ရသည်။

'သူ ငါ့ကို ဘယ်လိုထင်မလဲ၊ ရိုင်းလိုက်တာလို့ထင်မှာပဲ'

မိစိမ်းကျောင်းရောက်သည်အထိ စိတ်မကောင်း။

'ငါလုပ်ခဲ့တာ မှားသလား၊ ငါ ဒီလိုလုပ်သင့်ရဲ့လား'

ကိုယ့်ဘာသာကိုယ် ပြန်လည် ဆန်းစစ်နေမိသည်။

မလုပ်သင့်ဟု ထင်သည်။ သူ့မှာ ဘာမျှ အပြစ်မရှိ၊ မိုးသည် သည်း ရွာသည့်နေ့က ကူညီခဲ့သည်မှာ ဘာမျှမကြာသေး။

အပြောင်းအလဲမြန်လွန်းသည်ဟု ထင်လိမ့်မည်။ ထူးစံကို အားနာ နေမိသည်။ သို့သော် ဘာမျှ မတတ်နိုင်၊ သူ့ကားနှင့် လိုက်လျှင် စိုးမြတ်မင်း သိမည်၊ သိလျှင် ဦးအောင်ခိုင်ကို ထပ်တိုင်မည်။ ထပ်တိုင်လျှင် ...

ဦးအောင်ခိုင်အိမ်ကြီးမှ ထွက်ရမည်ကို ဝမ်းမနည်းပါ။





ကျောင်းထွက်ရမည်ကိုတော့ စိုးရိမ်မိသည်။ ဤအကြောင်းများ ကိုလည်း ထူးစံကို ရှည်ရှည်ဝေးဝေးပြောမပြချင်ပါ။ မပြောပြန်တော့လည်း ကိုယ့်ဘာသာ စိတ်မကောင်းဖြစ်ရသည်။

ခါတိုင်းကျောင်း ရောက်လျှင် ကျောင်းမတက်မီ စာကျက်သည်။ ယနေ့ဘာမျှ မကျက်နိုင်။

'သူကရော ဒီနေ့ မိုးမရွာဘဲနဲ့ ငါ့ကို ဘာလို့ လိုက်ပို့ချင်တာလဲ'

ထူးခြားသော အတွေးတစ်ခု ဝင်လာသည်။

'သူသွားတဲ့လမ်းမှာ တိုက်ဆိုင်ပြီး တွေ့လို့လား၊ ဒါမှမဟုတ် လိုက်ပို့ချင်လို့ တိုက်ဆိုင်အောင် လုပ်လာတာလား'

မထင်ရပါ။ ကိုယ်လို ဆင်းရဲသူကို သူ့လို လူတစ်ယောက်က စိတ်ဝင်စားစရာ ဘာမျှမရှိ။

မိုးရွာသည့်နေ့ ကျောင်းလိုက်ပို့စဉ်ကလည်း ထူးထူးခြားခြား ဘာစကားမျှ ပြောခြင်းမရှိ။ မရိုးသားသော အကြည့်ကိုပင် မတွေ့ရ။

'အေးလေ၊ ဟုတ်မှာ မဟုတ်ပါဘူး'

ကိုယ့်ဘာသာ ငြင်းလိုက်သည်။

× × × × ×

'မိစိမ်း အပြင်ဘက် လိုက်ခဲ့စမ်း'

စိုးမြတ်မင်းအခန်းထဲဝင်လာပြီး အမိန့်ပေးသံနှင့်ခေါ်သည်။

'ငါမလိုက်ချင်ဘူး နင်ပြောစရာရှိရင် ဒီမှာပဲပြော'

မိစိမ်းထိုင်နေရာမှ မထ

စောရှုပါနှင့် မိန်းကလေးနှစ်ယောက်က စိုးမြတ်မင်းကို မကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြည့်သည်။

'ဒီနေ့ ဟိုကောင် နင့်ကို လိုက်ပို့ဖို့ ခေါ်သေးတယ်မဟုတ်လ

'ငါ့ဘာသာ ငါ့ခြေထောက်နဲ့ ငါလာတာ'

'ဟုတ်ပါတယ်၊ သူနင့်ကို လိုက်ပို့ဖို့ ခေါ်သေးတယ်မဟုတ်
လို့ မေးတာ'

'ငါ့ဘာသာ ငါလာတာ ဆိုရင် ပြီးတာပဲ မဟုတ်လား'

မိစိမ်းက ခပ်တင်းတင်းပြောလိုက်၍ စိုးမြတ်မင်း အခန်း
ထွက်သွားသည်။ စောရှုပါနှင့် မိန်းကလေးနှစ်ယောက် တစ်ယော
တစ်ယောက်ကြည့်၍ ပြုံးလိုက်ကြသည်။

မိစိမ်း၏ မြတ်သားသောအဖြေကို သဘောကျ၍ ဖြစ်သည်





အခန်း(၂၄)

ထူးစံနှင့် ကိုစိုးဝင်းတို့ ဟိုတယ်ဆောက်မည့်နေရာကို တိုင်းတာ
ထွက်ချက်နေစဉ် ဗင်ကားအဖြူလေးတစ်စင်း ကွင်းထဲသို့ မောင်းဝင်လာ
သည်။

ဦးသီဟ၏ ကားဖြစ်သည်။ သို့သော် ကားပေါ်မှ ဆင်းလာသည်
က ဦးသီဟတစ်ဦးတည်းမဟုတ်။ အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်း မျက်လုံး
လှလှမိန်းကလေးတစ်ယောက်ပါ ကားပေါ်မှ ဆင်းလာသည်။ ရုပ်အင်္ကျီ
လက်ရှည်အဖြူနှင့် မီးခိုးရောင် ဘောင်းဘီရှည်ကို ဝတ်ထားသည်။
ခေါင်းမှာလည်း မီးခိုးရောင် လျှာထိုးဦးထုပ်အဖြူလေးနှင့်။

ဤမိန်းကလေးကို ထူးစံတစ်ခါမျှ မတွေ့ဘူးသေး။ သို့သော်
မျက်နှာပုံကို မြင်သည်နှင့် ဦးသီဟ၏ သမီးမှန်း သိသာသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးသီဟက သူ့မှာ သမီးလေးရှိသည်ဟု တစ်ခါမျှ မပြောခဲ့။

ဦးသီဟနှင့်အတူ မိန်းကလေးပါ ထူးစံတို့ရှိရာသို့ လျှောက်လာနေကြသည်။

'မင်္ဂလာပါဦး'

ထူးစံက နှုတ်ဆက်သည်။

'မင်္ဂလာပါဗျာ ကဲ တစ်လက်စထဲ မိတ်ဆက်ပေးရဦးမယ် သမီးရေ ဟောဒါက ဖေဖေ အခုဆောက်မည့်ဟိုတယ်ကို တာဝန်ယူဆောက်ပေးမယ့် အေးရိပ်ကုမ္ပဏီရဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်းတဲ့'

မိန်းကလေးက ကိုစိုးဝင်းကို ပြုံးပြသည်။

'ဟုတ်ကဲ့ . . တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော် စိုးဝင်းပါ'

'သမီးက ကုမ္ပဏီဥက္ကဋ္ဌဆိုလို့ အသက်ကြီးကြီးမှတ်နေတာ ဦးစိုးဝင်းက အငယ်လေးရှိသေးတာပဲ'

'ဥက္ကဋ္ဌဆိုတာ အများနဲ့ ဆက်ဆံလို့ အဆင်ပြေအောင် နာမည်ခံတာပါ၊ တကယ်တော့ ကျွန်တော်တို့ ကုမ္ပဏီမှာ လူငယ်တွေ ဝိုင်းလုပ်နေကြတာပါ၊ ကျွန်တော်လဲ အများလို လုပ်ရတာပါပဲ'

ကိုစိုးဝင်းက သူ့ကိုယ်သူ စိတ်လျှော့လိုက်သည်။

'ဒီဘက်ကတော့ မောင်ထူးစံတဲ့'

'ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်'

မိန်းကလေးက ဦးအောင်ပြောလိုက်၍ ထူးစံပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

'မောင်ထူးစံက ဒီဟိုတယ်ကို တာဝန်ယူဆောက်မယ့် ဗိသုကာ သမီးရဲ့၊ လူငယ်တွေပေမယ့် သူတို့ရဲ့ ပညာနဲ့ စေတနာနဲ့ ထက်ထက်မြက်မြက်လုပ်နိုင်တာကို ဖေဖေကတော့ သဘောကျတယ်'





'စောပါသေးတယ် . ဦး . . ပြီးမှ ယုံပါ'

ထူးစံက ရယ်လျက်ပြောသည်။

'ခုကတည်းက ယုံပါတယ်ဗျာ၊ ကိုစိုးဝင်းရော၊ မောင်ထူးစံရော ဒါက ဦးသမီး . . ပါ . . စောသီရိတဲ့ . '

လှလှသလို နာမည်လေးလည်း လှသည်ဟု ထူးစံတွေးလိုက်မိသည်။

'သမီးက စီးပွားရေးတက္ကသိုလ်မှာ နောက်ဆုံးနှစ်ဖြေပြီးခဲ့ပြီ'

'ဟာ ဟန်ကျတာပေါ့ ဦး၊ ဟိုတယ်ပြီးရင် သမီးကို မန်နေဂျာခန့်လို့ရပြီပေါ့၊ စီးပွားရေးဘွဲ့နဲ့ စီးပွားရေးလုပ်ငန်းနဲ့ အဆင်ပြေတာပေါ့'

ကိုစိုးဝင်းက စောသီရိကို အလုပ်ခန့်ပေးနေသည်။

'ဟုတ်တယ်၊ ကိုစိုးဝင်းရေ ဦးလဲ အဲဒီလို စိတ်ကူးထားတာပဲ၊ ဒီခေတ်ကြီးက စီးပွားရေး လုပ်ငန်းတွေမှာ လူငယ်တွေ ဦးစီးနေကြတာ'

'ကျွန်တော်တို့ ဆောက်နေတဲ့ အချိန်မှာလဲ မစောသီရိ . .'

'စော လို့ပဲ ခေါ်ရင် ရပါတယ် ကိုထူးစံ'

စောသီရိ ဆက်ဆံပုံက ရင်းရင်းနှီးနှီးဖြစ်သည်။

'ဟုတ်ကဲ့ပါ၊ ကျွန်တော်တို့ ဆောက်နေတာမှာ ဖြစ်စေချင်တာ အကြံပြုချင်တာရှိရင်လဲ ပြောပါ၊ ကျွန်တော်တို့ ပုံစံပြင်ပေးလို့ရပါတယ်။

'ဟင်အင်း . . စော . . နားမလည်ပါဘူး နားလည်တဲ့ ကိုထူးစံတို့ အစီအစဉ်တိုင်း လုပ်တာက ပိုကောင်းမှာပါ'

ထူးစံနှင့် ကိုစိုးဝင်းက ဆောက်လုပ်ရန် ရည်ရွယ်လျာထားသည်တို့ကို စောသီရိသိအောင် အကျဉ်းချုပ်ပြီး ရှင်းပြကြသည်။

စောသီရိ ခေါင်းကလေးတညိတ်ညိတ် နားထောင်နေသည်။

'မိုးညှင်းမှာပဲ နေတာလား။ အရင်ရက်တွေက မတွေ့ပါဘူး ဦး'


www.burmeseclassic.com

www.burmeseclassic.com



ထူးစံက စောသီရိခုမှ ပါလာ၍ ဦးသီဟကို မေးခြင်းဖြစ်သည်

'ဪ . . . သမီးက ရန်ကုန်မှာနေတာ အခုမှ စာမေးပွဲပြီးလို့ မနေ့က ပြန်ရောက်လာတာ'

ထူးစံနှင့် ကိုစိုးဝင်းတို့ဆက်လက် တိုင်းတာကြရန် စောသီရိ သားအဖကွင်းထဲမှာ လျှောက်ကြည့်နေကြသည်။ ဦးသီဟက သူနားလည် သမျှနှင့် သူ့ရည်ရွယ်ထားသည်များကို သမီးနားလည်အောင် ရှင်းပြနေ သည်။

'ထူးစံ မင်းတော့ ဒီမှာ အခြေကျတော့မယ်'

ကိုစိုးဝင်းက ပြောစာတမ်းထုတ်နေသည်။

ထူးစံပြုံးသည်။

'ဘယ်လိုလဲ မဆိုးဘူးနော်၊ မျက်နှာကလေးကလဲ ချန်းမင် ဘော်ဒီကလဲ ဖျူတီ'

ကိုစိုးဝင်းက စောသီရိကို မှန်းနေသည်။

'သူက အစစအရာရာပြည့်စုံလွန်းပါတယ်ဗျာ'

ထူးစံပြောသည်က ကိုယ့်အတွေးနှင့်ကိုယ်–

'အေးလေ ပြည့်စုံတော့ ကောင်းတာပေါ့ကွ၊ ဦးသီဟက အဖေ တော်ဖို့ ကောင်းတယ်'

ဟား . . ဟား . . ဟား . . ဟား

ထူးစံအသံကျယ်ကျယ်ထွက်အောင် ရယ်လိုက်မိပြီးမှ ဦးသီဟတို့ သားအဖ ကြားမည်ကို စိုးရိမ်ပြီး လှမ်းကြည့်လိုက်မိသည်။

ဦးသီဟ သားအဖက တောင်ခြေဘက်ကို ရောက်နေကြပြီ။

'ကိုစိုးဝင်း ဘယ်လိုလဲ ခင်ဗျား လက်ထပ်တာ စောသွားပြီလို့ နောင်တရနေတာလား'





ကိုစိုးဝင်း ရယ်ပြန်သည်။

'ငါက ပြီးသွားပါပြီကွာ၊ မင်းအတွက် ပြောနေတာပါ'

'စောပါသေးတယ်'

'အေးပါ ငါကလဲ ခုချက်ချင်း ပြောတာမဟုတ်ပါဘူး၊ တဖြည်း ဖြည်းပြောတာပါ'

ထူးစံ ရယ်ရပြန်သည်။

'ဘိုတွေ့ . . ဘိုတွေ့ . . ဘိုတွေ့ . .'

တောင်ပေါ်တောဘက်ဆီမှ ထွက်ပေါ်လာသော အသံဖြစ်သည်။

'ဟ . . . ဒါ . . တိရစ္ဆာန်ရှုထဲက မျောက်အော်သံပဲကွ'

ကိုစိုးဝင်း နားစွင့်နေသည်။

'ဘိုတွေ့ . . ဘိုတွေ့ . . ဘိုတွေ့ .'

'ဒီတောထဲမှာ မျောက်လဲ ရှိတယ်ဗျ'

ထူးစံက ဂုဏ်ယူဝင့်ကြွားသံ။

'ဟန်ကျတာပေါ့ကွာ၊ ပျော်စရာကြီး'

'ဦးသီဟက ဒေါင်းလဲ မွေးပေးဦးမယ် . . ဒေါင်မလေး . .'

ကိုစိုးဝင်းပြောသည်ကို သဘောကျ၍ ထူးစံရယ်မိရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၅)

ညသည် ဆိတ်ငြိမ်နေ၏။ ဦးအောင်ခိုင်၏ အိမ်ကြီးမှာ ပို၍ တိတ်ဆိတ်လွန်းနေသည်။

မိစိမ်းအတွက်ကတော့ စာကျက်၍ ကောင်းနေ၏။

ကျောင်းမှ ဆရာ၊ ဆရာမများသည် အသင်အပြလည်း ကောင်းသည်၊ စေတနာလည်းကောင်းသည်။

ကျူရှင်မယူနိုင်သော မိစိမ်းကို နားမလည်၍မေးလျှင် အသေအချာရှင်းပြသည်။

မိစိမ်းက ကိုယ်တိုင်ကလည်း ကြိုးစား၍ သင်ပြီးသမျှကို ကျေညက်အောင်ကျက်သည်။

စိုးမြတ်မင်းကတော့ ဝိုင်းကျူရှင်သုံးခုတက်သည်။ အိမ်ပြန်ရောက်လျှင် စာလုံးဝမကျက်။ ကက်ဆက်နားထောင်သည်။ ဗွီဒီယိုကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိစိမ်းမှာ မနက်ခင်းရော ညနေခင်းပါ အိမ်သန့်ရှင်းရေး လုပ်ရသည်။ မန်းပင် ရေလောင်းရသည်။ မနက်ပိုင်းတွင် စာကျက်ချိန်မရှိ။

ကျောင်းသွားရင်း လမ်းမှာ စာများကို အလွတ်ပြန်ရသည်။ ကျောင်းရောက်မှ ကျောင်းမတက်ခင် စာကျက်ရသည်။

ခုလို ညပိုင်းမှာ အကောင်းဆုံး စာကျက်ချိန်ရသည်။

ဒေါက်..ဒေါက်..ဒေါက်..ဒေါက်

တံခါးခေါက်သံကြား၍ မိစိမ်းစိတ်ပျက်သွားသည်။ စိုးမြတ်မင်း မှလွဲ၍ ဘယ်သူမှ မဖြစ်နိုင်။ မိစိမ်းမကြားချင်ယောင်ဆောင်ပြီး စာဆက် ကျက်နေသည်။

ဒေါက်..ဒေါက်..ဒေါက်..ဒေါက်

ဆက်ခါဆက်ခါ ခေါက်နေသည်။

'ဘယ်သူလဲ'

မိစိမ်းမကျေနပ်သံနှင့် မေးလိုက်သည်။

'ငါ တံခါးဖွင့်စမ်း'

စိုးမြတ်မင်း၏ အမိန့်ပေးသံ။

'ဒီလောက် မိုးချုပ်မှ ဘာလုပ်ဖို့လဲ'

မိစိမ်းတံခါးမဖွင့်။

'တံခါးဖွင့်စမ်းလို့ ငါပြောနေတာ မကြားဘူးလား'

'ဘာကိစ္စရှိလို့လဲ'

မိစိမ်းက ပြန်မေးနေသည်။

'နင့်ကို အဖေ ခေါ်နိုင်းလို့'

'ဟင်'

မိစိမ်း စိတ်ပျက်သွားသည်။





'ဘာကိစ္စရှိလို့လဲ'

'ဟ ဒါတော့ ငါဘယ်သိမလဲ'

'ဟင်း အယုတ်တမာကောင် သူတိုင်လို့ဖြစ်မယ်'

မိစိမ်းထိုင်နေရာမှ ထလိုက်သည်။

တံခါးဖွင့်တော့ အခန်းရှေ့မှာ စိုးမြတ်မင်းစောင့်နေသည်။ ရှပ်ကျယ်လက်ပြတ်အနက် ဘောင်းဘီတိုအနက် ဝတ်ထားသော စိုးမြတ်မင်းကို မိစိမ်း စက်ဆုပ်စွာ ကြည့်လိုက်သည်။

စိုးမြတ်မင်း ရှေ့မှ ဦးဆောင်သွား၍ အပေါ်ထပ်လှေခါးကို တက်သွားသည်။ အိမ်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

'ဒီလို ညကြီး တစ်ခါမှလဲ မခေါ်ဖူးဘူး။ ဘာတွေများ ဆူပြောနေအုံးမလဲမသိဘူး'

လှေခါးထစ်များကို တက်ရင်း စာကျက်ချိန်များ ကုန်သည်ကို မိစိမ်း နှမြောနေသည်။

အိမ်ပေါ်သို့ရောက်သောအခါ စိုးမြတ်မင်းရှေ့မှ သွားနေသည်မှာ သူ့အခန်းရှိသော ဘက်သို့ဖြစ်နေသည်ကို မိစိမ်း သတိထားမိသည်။ အိမ်ကြီးဆောက်ထားပုံမှာ အောက်ဆုံးပြီးလျှင် လှေခါးတစ်ဆင့်တက် လိုက်သည်နှင့် ညာဘက်ခြမ်းမှာ စိုးမြတ်မင်းနေသောအခန်းရှိသည်။ နောက်တစ်ဆင့် ဆက်တက်လျှင် ဘယ်ဘက်အခြမ်းမှာ ဦးအောင်နိုင် နေသောအခန်းရှိသည်။

'ဒါက ဘယ်သွားမှာလဲ'

'ငါ့ အခန်းလေ'

'နင့်အခန်း ဘာလို့ ငါက လိုက်ရမှာလဲ'

စိုးမြတ်မင်းက မိစိမ်းကို လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မလိုက်လို့ဖြစ်မလား။ အဖေက ငါ့အခန်းမှာ စောင့်နေတာ'

မိစိမ်း သံသယနှင့် စိုးမြတ်မင်းကို ကြည့်လိုက်သည်။

'ဘာလဲ အဖေက နင့်ကို သူ့အခန်းမှာ ခေါ်တွေ့မယ်ထင်လို့လား။ ဟင်း. ငါတောင် သူ့အခန်းရှိတဲ့ အထပ်ကို တက်သွားလို့ မရဘူး'

စိုးမြတ်မင်းနောက်သို့ မိစိမ်းလိုက်သွားရသည်။

စိုးမြတ်မင်းက သူ့အခန်းတံခါးကို ဖွင့်လိုက်သည်။

'အဖေ. . မိစိမ်း လာပြီ'

စိုးမြတ်မင်းက အတွင်းသို့ လှမ်းပြောလိုက်ပြီး မိစိမ်းဖက်လှည့်၍ ခေါင်းညိတ်ပြသည်။

စိုးမြတ်မင်းအခန်းထဲသို့ မိစိမ်းဝင်သွားသည်။

အခန်းထဲတွင် ဘယ်သူ့ကိုမျှ မတွေ့ရ။

'ဂျောင်း'

စိုးမြတ်မင်းတံခါးကို ပိတ်ပြီး လုံခြုံရေးခလုတ်ကို ချလိုက်သည်။

'နင် ဘာလုပ်တာလဲ'

စိုးမြတ်မင်းကို မိစိမ်းမကျေမနပ် ရင်ဆိုင်လိုက်သည်။

'ဟိုမှာလေ နင့်ကိုပေးဖို့'

စိုးမြတ်မင်းက စားပွဲပေါ်မှ ကျောင်းစိမ်းလုံချည်အင်္ကျီနှင့် ခေါက်ထီးကို ပြသည်။

'ငါမလိုချင်ဘူး၊ နင် ငါ့ကို ညာခေါ်တာမဟုတ်လား'

'ညာခေါ်တာမဟုတ်ဘူး။ အဖေက ခေါ်ပေးလိုက်လို့ ခိုင်းတာ'

'နင်ပေးတာလား၊ ဦးလေး ပေးတာလား'

'ငါက နင့်အဝတ်တွေ ဟောင်းနေတာနဲ့ ထီးမရှိတာပြောလို့ အဖေက အပေးခိုင်းတာ'





'ဒါဆိုလဲ နင်ခုနယူလာပြီး တခါထဲ ပေးလို့ရတာပဲ'

စိုးမြတ်မင်းကို မိစိမ်းမယုံ။ ကြည့်နေပုံကိုလည်း သဘောမကျ။

'ငါက အဖေ့ကိုလဲ မပြောပေးရတယ်၊ နင့်ထဘီကို သွားဝယ်လဲ ပေးရတယ်၊ နင့်ဘာသာတော့ လာယူဖို့ကောင်းတာပေါ့'

လုံချည် အင်္ကျီခေါက်ထီးတင်ထားသော စားပွဲနေရာကို မိစိမ်း လှမ်းကြည့်လိုက်သည်။

အခန်း၏ အတွင်းပိုင်းသို့ ဆက်ဝင်ပြီး သွားယူရမည်။

ထိုစားပွဲဘေးတွင် စိုးမြတ်မင်း အိပ်သော ကုတင်ကို လှမ်းမြင်ရသည်။ ကတ္တီပါစောင်အနက်ကြီးက ပုံလျက် ခွအုန်း၊ ခေါင်းအုန်းတို့ ကလည်း ကစင့်ကလျား ရှိနေသည်။ ဧနစ်တကျ သိမ်းဆည်းခြင်းမရှိသော အိပ်ရာနှင့် အိပ်ခန်းဖြစ်သည်။

မိစိမ်း ဆက်မဝင်ချင်။ ဤအခန်းထဲမှ အမြန်ထွက်ချင်သည်။

စိုးမြတ်မင်းက အထွက်တံခါးဘက်မှာ ပိတ်ရပ်ထားသည်။

လုံချည်၊ အင်္ကျီနှင့် ခေါက်ထီးယူပြီးမှ ပြန်ထွက်ရမည့်ပုံ။

မိစိမ်း ရှေ့တိုးသွားလိုက်သည်။

စားပွဲပေါ်မှ လုံချည် အင်္ကျီနှင့် ခေါက်ထီးကို ယူပြီး ခပ်မြန်မြန် လှည့်လိုက်သည်။

'ဟင်. . . နင်. . .'

နောက်ဖက်အလှည့်တွင် စိုးမြတ်မင်းက ရင်ဆိုင်ရပ်လျက်။

'နင့်ကို. . ငါ. . ချစ်လို့ပါ'

စိုးမြတ်မင်းက မိစိမ်း၏ ပခုံးပေါ်မှာ သူ့လက်နှစ်ဖက်ကို တင်လိုက်သည်။

'ဖယ်စမ်း. . နင့်ကို. . ငါမုန်းတယ်'



www.burmeseclassic.com

www.burmeseclassic.com



မိစိမ်းက စိုးမြတ်မင်း၏ လက်နှစ်ဖက်ကို ခပ်ကြမ်းကြမ်းဖယ်ပစ်လိုက်သည်။

'နင်ကလဲဟာ နင့်နဲ့ငါနဲ့ တစ်အိမ်ထဲနေ ့တာပါ၊ နင့်ကို ကျောင်းနေရအောင်လဲ ငါပြောပေးရတယ်၊ စာအုပ်ဖိုးရအောင်လဲ ပြောပေးရတယ်၊ အခုလဲ ဝတ်စုံနဲ့ ထီးရအောင် လုပ်ပေးရတယ်၊ နောင်လဲ နင်လိုချင်တာအားလုံး ငါလုပ်ပေးမယ်'

စိုးမြတ်မင်းက မိစိမ်းကို မျက်နှာချိုသွေး၍ အငေးသားကြည့်နေသည်။

'ငါ ဘာမှ မလိုချင်ဘူး၊ နင် ငါ့ကို ဘယ်တော့မှ ဒါမျိုးမဆက်ဆံနဲ့၊ နင်နဲ့ ငါ မောင်နှမတော်တယ်၊ ဖယ်ပါ'

ရှေ့မှ ကာဆီးနေသော စိုးမြတ်မင်းကို မိစိမ်း အဖယ်ခိုင်းသည်။ စိုးမြတ်မင်း ခေါင်းရမ်းပြသည်။

'နင်နဲ့ ငါ ဘာမှ မတော်ဘူးဆိုတာ ငါသိပြီးသား နင်လဲ သိပါတယ်'

မိစိမ်း စိတ်မရှည်နိုင်တော့ပါ။

'နင်မဖယ်ဘူးလား၊ ဖယ်မလားပြော နောက်မှ ငါအဆိုးမဆိုနဲ့'

မဆောင်းရသေးသော ခေါက်ထီးအသစ်ကို လက်ထဲမှာ တင်းတင်းဆုပ်ကိုင်ထားလိုက်သည်။ အလေးချိန်က လက်နက်အဖြစ် အသုံးပြုရန် သင့်တော်သည်ဟုလည်း ကျေနပ်စိတ်ဖြစ်မိသည်။

'နင်ကလဲ ဒီလောက် မတင်းစမ်းပါနဲ့ဟာ ဒီအိမ်ကြီးမှာ ဘာမှလဲ မရှိဘူး၊ ဘယ်လောက်ပျင်းစရာကောင်းလဲ၊ ညဆိုရင် ဗွီဒီယိုကြည့်၊ သီချင်းနားထောင် ဒါပဲ ရှိတယ်၊ ဘယ်လောက် ငြီးငွေ့စရာကောင်းလဲ'

'နင်ကျောင်းသားပဲ စာကျက်ပေါ့'





'ဟာ တစ်ချိန်လုံး စာချည့် ဘယ်ကျက်နေနိုင်မလဲဟ'

'ငါ့မှာ စာကြည့်ဖို့ အချိန်တောင်မလောက်ဘူး'

'စာလဲကြည့်ပေါ့ဟာ ငါ နင့်ကို ကျူရှင်တက်ရအောင်လဲ လုပ်ပေးမယ်၊ အထူးထုတ်စာအုပ် အကောင်းစားတွေလဲ ဝယ်ပေးမယ်'

'ငါ ဘာမှ မလိုချင်ဘူးလို့ ပြောပြီးသားပဲ၊ ဖယ် ငါသွားမယ်'

စိုးမြတ်မင်း မိစိမ်း၏မျက်နှာလှလှလေးမှတစ်ဆင့် ပြည့်တင်းသော ရင်အချိုးအဆစ်အလှအပများဆီသို့ အကြည့်ရောက်သွားသည်။

'မဖယ်ဘူး၊ ငါ နင့်ကို ချစ်တယ်၊ နင် သိပ်ချစ်စရာကောင်းတယ်၊ ငါတို့ ချစ်သူတွေဖြစ်ရင် နှစ်ယောက်စလုံး သိပ်ပျော်ရမှာ'

စိုးမြတ်မင်းက မိစိမ်းကို လှမ်းဖက်လိုက်သည်။

မိစိမ်း နောက်သို့အမြန်ဆုတ်လိုက်သည်။ စိုးမြတ်မင်း ကုတင်နှင့်သွားသည်။

စိုးမြတ်မင်း ရှေ့တိုးလာသည်။

'နင်. . ကဲ ဟယ်'

မိစိမ်းက စိုးမြတ်မင်းကို လက်ထဲမှ ခေါက်ထီးဖြင့် ရိုက်သည်။ စိုးမြတ်မင်းက လက်ဖြင့် ကာလိုက်၍ လက်ကို ရိုက်မိသည်။

စိုးမြတ်မင်းမှာ ရာဂဘီလူးပူးဝင်နေပြီ။

'ဟင်. နင်. လူယုတ်မာ'

မိစိမ်းက ဆက်ခါဆက်ခါ ရိုက်သည်။

စိုးမြတ်မင်း နောက်မဆုတ်။ ရှေ့ကိုသာ ဖွတ်တိုးလာသည်။

မိစိမ်းအကွက် ရှောင်နိုင်ရန် ခက်နေပြီ၊ ရုတ်တရက် စိုးမြတ်မင်း ရင်ဘတ်ကို ဆောင့်တွန်းလိုက်သည်။ မိစိမ်း၏ အမှားဖြစ်သွားသည်။

စိုးမြတ်မင်းက မိစိမ်းကို အတင်းဖက်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟှင် နင်.. လွှတ်.. ခုလွှတ်စမ်း'

မိစိမ်း အပြင်းအထန်ရုန်းသည်။ စိုးမြတ်မင်း၏ မျက်နှာကို ရိုက်နှက်ကုတ်ဖဲ့သည်။ စိုးမြတ်မင်းက မိစိမ်းကို ဘောင့်တွန်းပစ်လိုက်သည်။ မိစိမ်းကုတင်ဆီသို့ ရောက်သွားသည်။

စိုးမြတ်မင်း ရှေ့သို့ လျင်မြန်စွာ တိုးဝင်လာပြီး မိစိမ်း၏ ရိုက်နှက်နေသော လက်များကို ဖမ်းချုပ်ပွေ့ဖက်နိုင်ရန် ကြိုးစားသည်။

မိစိမ်းက ပြင်းထန်စွာ တွန်းဖယ်ရုန်းကန်သည်။

သို့သော် စိုးမြတ်မင်းမှာ ယောကျ်ားဖြစ်သည်။ မိစိမ်းထက်လည်း အသက် ၃ နှစ်ကြီးသည်။ ရာဂဘီလူးကလည်း ပူးဝင်နေသည်။

မိစိမ်းကုတင်ပေါ်သို့ လဲကျသွားသည်။

'နင်.. ခွေးတိရစ္ဆာန်.. လွှတ်.. ခုလွှတ်.. ငါ အော်လိုက်မယ်'

'နင်.. အော်လို့လဲ ဘယ်သူမှ ကြားမှာမဟုတ်ဘူး'

မှန်သည်။ ဦးမောင်ကြီးတို့နေသည်မှာ ဥယျာဉ်အိမ်ကြီး၏အပြင်မှာ ဖြစ်သည်။ အိမ်ကြီးသည် ထုထည်ကောင်း၍ အခန်းများမှာ လုံသည်။

စိုးမြတ်မင်းက အခန်းတံခါးကို အခိုင်အမာပိတ်ထားသည်။

'လွှတ်မြောက်အောင် ဘယ်လိုလုပ်ရမလဲ'

မိစိမ်း စဉ်းစားသည်။

'ငါ နင့်ကို သိပ်ချစ်လို့ပါ၊ နင်.. ငါ့ကို ပြန်ချစ်ပါ'

စိုးမြတ်မင်းက ပွေ့ဖက်ချုပ်ကိုင်ထားရင်း တောင်းဆိုနေဆဲ။

မိစိမ်း အတင်းရုန်းကန်လိုက်သည်။ မရ။ စိုးမြတ်မင်းက ပို၍ တင်းကျပ်စွာ ချုပ်ထားသည်။

'နင်.. ငါ့ကို လွှတ်ပေး'

'မပေးဘူး။ ငါ နင့်ကို ရအောင် ယူမယ်'





သို့သော် မိစိမ်းက အတင်းရုန်းနေ၍ စိုးမြတ်မင်း၏ ချုပ်ကိုင်ထားသောလက်များ လွှပ်ရှား၍ မရသေး။

'နင်.. ငါ့ကို ချစ်တယ်လို့ ပြောရင် လွှတ်ပေးမယ်'

ချုပ်နှောင်ထားသည်မှ လွှတ်မြောက်ရေးအတွက် လိမ်ညာ၍ပင် ပြောချင်သောဆန္ဒမရှိ။

'မချစ်ဘူး။ မချစ်ဘူး၊ ငါ နင့်ကို သိပ်မုန်းတယ်၊ သတ်ပစ်ချင်လောက်အောင် မုန်းတယ်၊ ခုလွှတ်'

မိစိမ်း အော်ဟစ် ပြောဆိုရင်း ရုန်းကန်သည်။ စိုးမြတ်မင်းက မိစိမ်းကို အပေါ်မှ ဖိ၍ တင်းကျပ်စွာ ချုပ်ထားသည်။

စိုးမြတ်မင်းက မိစိမ်း၏ ပါးကို နမ်းရန် ကြိုးစားသည်။

'ဒုတ်..'

'အား..'

ငုံ့လာသော စိုးမြတ်မင်း၏ မျက်နှာကို မိစိမ်း နဖူးနှင့် ဆောင့်ပစ်လိုက်သည်။

မိစိမ်း ကိုယ်တိုင်လည်း မျက်စိထဲမှာ မီးပွင့်သွားအောင် နာကျင်ခါသည်။ သို့သော် မိစိမ်း၏ နဖူးက စိုးမြတ်မင်း၏ မျက်ခုံးကို မိမိရရ ထိသွားသည်။

စိုးမြတ်မင်းက နောက်တစ်ဆင့်ထက်၍ ကြမ်းရန်အတွက် လက်တစ်ဖက်ကို လွှတ်လိုက်သည်။

မိစိမ်းအတွက် အခွင့်ကောင်းဖြစ်သွား၏။

မိစိမ်း ရုန်းကန်ထလိုက်သည်။ စိုးမြတ်မင်းက မိစိမ်း၏ အင်္ကျီကို လှမ်းဆွဲလိုက်သည်။

'အို..'



www.burmeseclassic.com

www.burmeseclassic.com



အပေါ်အကျီစုတ်သွား၍ မိစိမ်းအတွက် မလုံမလဲဖြစ်ရသည် အောက်ခံအကျီရှိ၍သာ တော်သေးသည်။

ဤမြင်ကွင်းသည် စိုးမြတ်မင်း၏စိတ်ကို ထိန်းမနိုင်သိမ်းမ ဖြစ်စေသည်။ စိုးမြတ်မင်း၏ မျက်လုံးများမှာ ကြောက်စရာ။

ရှေ့သို့ တိုးလာသော စိုးမြတ်မင်း၏ရင်ဘတ်မှာ လျော့လျဲသော ခွတ်ကျယ်လက်ပြတ်ဝတ်ထား၍ ဟာလာဟင်းလင်းဖြစ်နေသည်။

'အား. . . ခွေးမ. . '

'အား အောင်မယ်လေးဗျာ နာလိုက်တာ'.

စိုးမြတ်မင်း၏ ရင်ဘတ်ကို လက်သည်းများ နစ်ဝင်သွားအော အားစိုက်ကုတ်ပစ်လိုက်သည်။ စိုးမြတ်မင်း ရင်ဘတ်မှာ နီရဲသေ လက်သည်းရာများ အစင်းလိုက်ထင်သွားသည်။

သို့သော် ရင်ဘတ်မှာ အကုတ်ခံရသည်ကို စိုးမြတ်မင်း ဂရုမစိုက် နိုင်။

မိစိမ်းကို အတင်းဆွဲပြီး ကုတင်ပေါ်သို့ ဆောင့်တွန်းပစ်လိုက် မိစိမ်းကုတင်ပေါ်သို့ ပစ်ကျသွားသည်။

စိုးမြတ်မင်းက မိစိမ်းကို အပေါ်မှ ခုန်အုပ်လိုက်ချိန်တွင် မိစိ အောက်မှ ခြေဖြင့် ကန်ပစ်လိုက်သည်။

'အား. . '

စိုးမြတ်မင်း မျက်နှာရှုံ့မဲ့သွားသည်။ မိစိမ်းကုတင်ပေါ်မှ အ ထသည်။

'ဖျောင်း'

စိုးမြတ်မင်းက မိစိမ်းမျက်နှာကို ပြတ်ရိုက်လိုက်သည်။ ပါးတစ် နှင့် နားကို ထိမိ၍ နားထဲမှာ အူသွားသည်။ ရိုက်ချက်က ပြင်းထန်သည





ခေါင်းထဲမှာ မူးနောက်သွားသည်။

'ဖျောင်း. . '

စိုးမြတ်မင်းက မိစိမ်း၏ မျက်နှာဆီသို့ နောက်တစ်ချက် ထိထိ မိမိရိုက်ပစ်လိုက်ပြန်သည်။

မိစိမ်းမျက်လုံးများ ပြာဝေသွားပြီး ဘေးဘက်သို့ လဲကျသွား၏။

ဝုန်း

ဒိုင်း

ခွမ်း

ပြင်းထန်သော ကျကွဲသံကြီးတစ်ခု ထွက်ပေါ်လာသည်။ မိစိမ်း လဲကျရာမှ တီဗွီအထက်စက်ပါလဲကျပြီး ဖန်သားပြင်ကွဲသွားသည်။

'ခုတော့ နင် မငြင်းနိုင်တော့ဘူးမဟုတ်လား'

စိုးမြတ်မင်းက မိစိမ်းကို ဆွဲယူပွေ့ထူ၍ ကုတင်ပေါ်သို့ တင်လိုက် သည်။ စိုးမြတ်မင်း မိစိမ်းကို အပေါ်မှ ဖက်၍ ချုပ်ထားလိုက်သည်။

ယောကျ်ားနှင့် မိန်းမအားချင်းမမျှ အန္တရာယ်ကြီးနေပြီဟု မိစိမ်း နားလည်လိုက်သည်။

နောက်ဆုံးအချိန်အထိ အလျှော့မပေးဘဲ တိုက်ခိုက်မည်ဟုလည်း ဆုံးဖြတ်ထားလိုက်သည်။ စိုးမြတ်မင်းက ရှေ့တစ်ဆင့် တက်ရန် ပြင်ဆင် လိုက်သည်။

'အွတ်. . အမယ်လေးဗျ'

မိစိမ်းက စိုးမြတ်မင်း၏ ချက်ကောင်းနေရာကို ဒူးဖြင့် တိုက်လိုက် ၍ စိုးမြတ်မင်းမျက်နှာရှုံ့မဲ့ပြီး ဗိုက်ကို လက်နှစ်ဖက်ဖြင့် နှိပ်ထားရသည်။

ဒုန်း. . ဒုန်း. . ဒုန်း. . ဒုန်း

အမြင်ဘက်မှ တံခါးကို ထုနေသောအသံဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ . . တံခါးဖွင့် . . စမ်း'

'ဟင် . .'

စိုးမြတ်မင်း ရုတ်တရက်မတ်တပ်ထ ရပ်လိုက်သည်။

ဦးအောင်နိုင်၏အသံဖြစ်သည်။

'ဟော့ . . တံခါးဖွင့်လို့ ပြောနေတာ မကြားဘူးလား။ မြန်မြ ဖွင့်စမ်း . .'

စိုးမြတ်မင်း ဘာလုပ်ရမှန်းမသိ။ မိစိမ်းကို လှမ်းကြည့်လိုက်သည် မိစိမ်းအတွက် အခွင့်အလန်းကောင်းဖြစ်သည်။

မိစိမ်း ကုတင်ပေါ်မှာ လဲနေရာမှ အမြန်ထလိုက်သည်။ မလုံမ ဖြစ်နေသော အပေါ်အင်္ကျီကို လုံခြုံအောင် ပြင်လိုက်သည်။ သို့သေ စုတ်ပြဲသွားသည့် အပိုင်းက ဖုံးဖိ၍ မရသောကြောင့် မိစိမ်းလက်ဖြ အုပ်ပြီး တံခါးဆီသို့ လျှောက်သွားသည်။

တံခါးဖွင့်လိုက်သည်နှင့်အထဲသို့ ဝင်လာသည်က ဦးအောင်နို

'ဟင် . နင်က . ဒီအချိန် . ဒီအခန်းထဲလာပြီး ဖြစ်ချင်တို ဖြစ်နေကြတာပေ့ါ . ဟုတ်လား'

ဖျောင်း

မိစိမ်းမျက်နှာကို ဦးအောင်နိုင် ရိုက်ပစ်လိုက်သည်။ စိုးမြတ်မင ရိုက်ထား၍ မှုးနောက်နေသော မိစိမ်း၏ ခေါင်းထဲမှာ ကြယ်ပွင့်များစွ လင်းလက်သွားကြသည်။

'ပြောစမ်း အရှက်မရှိတဲ့ဟာမ . . ယောကျ်ားတစ်ယောက်နေတ အခန်းကို ညအချိန်မတော်ကြီး နင်က ဘာလို့ ရောက်နေရတာလဲ'

ဦးအောင်နိုင်က အထင်သေးသော မျက်လုံးများနှင့် မိစိမ်းကို ကြည့်နေသည်။





'သူ့ . . ခေါ်လို့'

'ဟင် သူခေါ်တိုင်း လာရမလား။ ဒီအချိန် ဒီလိုလာရင် ဒီလို ဖြစ်မှာ မသိဘူးလား'

ဖျောင်း

နားအုံကို ပိတ်ရိုက်မိ၍ မိစိမ်းနားထဲမှ ပြင်းထန်သော ဝေဒနာကို ခံစားလိုက်ရသည်။ ဦးအောင်နိုင်ပြောသည့် စကားများအတွက်လည်း မိစိမ်းရင်ထဲမှာ ပို၍ ပြင်းထန်သောဝေဒနာကို ခံစားရသည်။

မဟုတ်မမှန် စွပ်စွဲခံရသည်ကို မိစိမ်းကက်ကက်လန်အောင် ပြန်ပြီး ခြေပချင်သည်။ သို့သော် ဘာမျှ ပြောချင်စိတ်မရှိ ဖြစ်ရသည်။

'ဟိုကောင်လာစမ်း'

စိုးမြတ်မင်းဘက်သို့ ဦးအောင်နိုင်လှည့်လိုက်သည်။ စိုးမြတ်မင်း ကြောက်နေသည်။

'မင်းကလဲ တိဗ္ဗိကျကွဲအောင် သောင်းကျန်တဲ့ တိရစ္ဆာန်ကောင်'

'မ . . မဟုတ်ဘူး အဖေ . . သူ . . . သားအခန်းကို လာတာ'

'သူကလာတော့ရော မင်း . . ဒီလိုလုပ်ရမလားကွ'

ဖျောင်း

စိုးမြတ်မင်းကို ဦးအောင်နိုင် ဖြတ်ရိုက်ပစ်လိုက်သည်။ စိုးမြတ်မင်း မျက်လုံးထဲမှာ မီးများ ပွင့်သွားသည်။

'ယုတ်မာတဲ့ကောင်'

ဒုတ်

အား

ဗုန်း

နောက်ထပ် ပြင်းထန်သော လက်သီးတစ်ချက်။



www.burmeseclassic.com

www.burmeseclassic.com



စိုးမြတ်မင်း ကုတင်ပေါ်မှ ပြန်မထနိုင်တော့ပါ။

'ဟင်. . ပြောတော့ စကားကြီးစကားကျယ်နဲ့ ကိုယ့်ကိုယ်ကို တာဝန်ယူတယ်တဲ့. လက်တွေ့ကတော့ အရှက်မရှိချင်အုံးဟာ'

ဖျန်း

မိစိမ်းကို ဦးအောင်နိုင် ရိုက်ပစ်လိုက်ပြန်သည်။

မိစိမ်း အံကို တင်းတင်းကြိတ်ပြီးခံသည်။ အသားနာသည်ထက် မိမိ၏ ကိုယ်ကျင့်တရားကို အထင်သေးစော်ကားခံရသည်က ပိုပြီး နာသည်။

'ကျွန်မ ရှင်း. .'

'တော်ပြီ၊ ခုထွက်သွားစမ်း၊ နင့်မျက်နှာ ငါမကြည့်ချင်တော့ဘူး၊ နင့်အသံလဲ မကြားချင်ဘူး'

မိစိမ်း ဘာမျှ ရှင်းခွင့်ပြောခွင့်မရ။ စိုးမြတ်မင်း၏ အခန်းထဲမှ ထွက်လာခဲ့ရသည်။ အံကို တင်းတင်းကျိတ်ထားလိုက်သည်။

ရိုက်နှက်ခံရခြင်းများစွာကြောင့် နာကျင်မှုဝေဒနာများစွာ ခံစားရသော်လည်း မိမိအမြတ်တနိုး စောင့်ရှောက်ခဲ့သော မိမိကိုယ်ကို အန္တရာယ်မှ လွတ်မြောက်ခဲ့သည့်အတွက် ကျေနပ်သည်။

သို့သော် အသေအချာ မစုံမစမ်းဘဲ ဦးအောင်နိုင်၏ စွပ်စွဲပြောဆိုမှုများကို မကျေမနပ်ဖြစ်ရသည်။ ရှင်းပြချင်သည်ကို လက်မခံ၍ မခံချင်စိတ်လည်း ဖြစ်မိသည်။

ရှက်စိတ်တော့ မဖြစ်မိ။ အရှက်မရှိ လျှပ်ပေါ်သော မိန်းမ မဟုတ်ကြောင်း ကိုယ်ဘာသာကိုယ်သိ၍ ဖြစ်သည်။

'ဖျောင်း. . ဒိုင်း. . ဝုန်း'

မိစိမ်းအပြင်သို့ ရောက်လာချိန်တွင် စိုးမြတ်မင်းအခန်းထဲမှ





ထိုးကျိတ်ရိုက်နှက်သံများကို ကြားရသည်။ မိစိမ်းဆက်လျှောက်လာခဲ့သည်။ စိုးမြတ်မင်းကို ဦးအောင်နိုင် ဆက်ပြီး ထိုးကျိတ်ရိုက်နှက်ခြင်းဖြစ်သည်ကို သိလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၆)

နောက်ဖက်တွင် ဦးအောင်ခိုင်၏ အိမ်ကြီးကျန်ရစ်ခဲ့သည်။

ကျောခိုင်းခြင်းနှင့်အတူ မိစိမ်းရင်မှာ သံယောဇဉ်ကင်းသည်။ ပြန်လှည့်ကြည့်ချင်စိတ်မရှိ။ ဤအိမ်တွင် ခဏနေခဲ့ရသည်။ မျော်စရာမရှိ။ အမှတ်ရလောက် သူမရှိ။

ကိုယ်ပြုစုပျိုးထောင်ခဲ့ရသော နှင်းဆီခင်းတစ်ခင်းရှိသည်။ သို့သော် ကိုယ့်တာဝန်က ပြုစုရုံသာဖြစ်သည်။ ပန်းတစ်ပွင့်ပင် ခူးယူပန်ဆင်ခွင့်မရှိ။ ကိုယ့်ပန်းခင်းဟု သံယောဇဉ်ဖြစ်စရာမရှိ။

ဤအိမ်ကြီးနှင့် ပတ်သက်၍ မိစိမ်းမှာ လွမ်းစရာ ဘာမျှမရှိ။

'သူဌေးက အိမ်မှာ ဆက်မထားတော့ဘူးတဲ့ ခုမနက်ပဲ ထွက်သွားပါတဲ့'



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်ကြီးလာပြောတော့ မိစိမ်းမအံ့သြပါ။ ညကတည်းက အသင့်ပြင်ဆင်ပြီးဖြစ်သည်။

အလာတုန်းက အိတ်တစ်လုံး။ ပြန်ထွက်တော့လည်း အလာတုန်းကလိုပင် အိတ်တစ်လုံး။ ဘာမျှ တိုးပွားခြင်းမရှိ။

ပြဿနာဖြစ်စေသော ခေါက်ထီး၊ လုံချည်နှင့် အင်္ကျီတို့ စိုးမြတ်မင်းအခန်းမှာပင် ကျန်ရစ်ခဲ့သည်။

ခြေဦးတည့်ရာသို့ မိစိမ်းလျှောက်လှမ်းနေမိသည်။ နောက်မှ ကားများ တစ်စင်းပြီးတစ်စင်း မိစိမ်းကို ကျော်မောင်းသွားကြသည်။ မျက်နှာချင်းဆိုင်မှ ကားများလျင်မြန်စွာ နောက်ကျောခိုင်းသွားကြသည်။

ရှေ့ဆီမှာ လုံချည်စိမ်းနှင့် အင်္ကျီဖြူ ကျောင်းသူကျောင်းသား တချို့ ကျောင်းဆီသို့ သွားနေကြသည်။

'ဩော် . . သူတို့အတွက်ကတော့ ကျောင်းတက်ဖို့ဆိုတာ ဘာအခက်အခဲမှ မရှိပါလား'

မိစိမ်းအားကျစိတ်ဖြစ်မိသည်။

'ငါ့အတွက်တော့ ကျောင်းဆက်တက်နိုင်မှာ မဟုတ်တော့ဘူး'

ကျောင်းထွက်ရမှာကိုတော့ မိစိမ်းရင်မှာ လွမ်းလွမ်းဆွေးဆွေး ခံစားရသည်။

ကျောင်းနေချင်၊ ဆယ်တန်းအောင်ချင်သောဆန္ဒတစ်ခုတည်းနှင့် ဦးအောင်နိုင်အိမ်ကြီးမှ ခါးသီးသော ဆက်ဆံမှုများကို ခါးစည်းခံခဲ့သည်။

ဤကျောင်းတွင် ဆက်နေရလျှင် ဆယ်တန်းကို ထူးထူးချွန်ချွန် အောင်မှာ သေချာသည်။

ကျောင်းဆက်တက်ချင်သည်။

သို့သော်–





မိစိမ်းလမ်းဘေးသို့ ပို၍ ဆင်းလိုက်သည်။ ခေါင်းကိုလည်း ငုံ့ထားလိုက်သည်။

ရှေ့မှ လာနေသော ကျောင်းသူများတွင် တစ်တန်းတည်းမှ သိသူများပါနေမှာစိုးရိမ်၍ ဖြစ်သည်။ မိစိမ်းသွားနေသည်က ကျောင်းသွားသူများကို ဆန့်ကျင်လျက်၊ ကျောင်းရှိရာ ဘက်ကို ကျောခိုင်းလျက်

မိစိမ်း၏ ခြေထောက်များက မိုးညှင်းမြို့မှ အနောက်ဆီသို့ လျှောက်လှမ်းလျက်

'ငါဘယ်ကို သွားနေတာလဲ'

မိစိမ်း ကိုယ့်ဘာသာပြန်လည်ဆန်းစစ်မိသည်။ ဦးတည်ရာမဲ့ လျှောက်လှမ်းနေသည်ကို သတိထားမိသည်။

'ဘီလူးရွာကို ပြန်မလား'

ဇာတိရွာကလေးကို သတိရသည်။ အမေခေါင်းချသော ရွာကလေး။ ဘီလူးရွာတွင် ဆွေမျိုးသားချင်းတစ်ယောက်မှ မရှိ။

သို့သော် သီလရှင်ဆရာလေး ဒေါ်ခေမာရှိသည်။ လောလောဆယ် ပြဿနာပြေလည်ရန် ဆရာလေးကို မှီခိုအားကိုးရတော့မည်။ ကျောင်းဆက်တက်ရေးကို မတွေးချင်တော့ပါ။

ကြိုးစားချင်သော်လည်း အခြေအနေကမပေး။ စိုးမြတ်မင်းကျတော့ အခြေအနေပေးသော်လည်း ကြိုးစားချင် စိတ်မရှိ။

'လောကကြီးက အမြီးအမောက်မတည့် ဟု မိစိမ်း စဉ်းစားနေမိသည်။

'ဟိုပင် . . မိုးကောင်း . . လိုက်မလား'

ခရီးသည်တင်ကားတစ်စီးက မိစိမ်းကိုမြင်၍ လှမ်းခေါ်သည်။ ကားလိုက်သွားလျှင် ဘီလူးရွာကို လမ်းကြုံသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မိစိမ်းမှာ ကားခပေးစရာ ပိုက်ဆံတစ်ပြားမှ မရှိ။ ကိုယ့်ခြေထောက်ကိုသာ အားကိုးရတော့မည်။

လွယ်ပိုးထားရသော အိတ်ကြီးက လေးလာ၍ ဘယ်ပုခုံးမှ ညာပုခုံးသို့ပြောင်းလိုက်သည်။

ခြေလှမ်းမှန်မှန်လှမ်း၍ ခရီးဆက်၏။

မိုးညှင်းမြို့မှ ထွက်လာခဲ့ပြီ။

ကျောင်းသွားသူများနှင့် မတွေ့ရတော့၍ ကားလမ်းဘေးမှာ ရဲတင်းစွာ လျှောက်လှမ်းလာခဲ့သည်။

ကားလေးတစ်စင်း မိစိမ်းကို ကျော်လွန်ပြီး တော်တော်ဝေးမှ တဖြည်းဖြည်းရပ်သွားသည်။

ခဏကြာတော့ ကားဘီးများ နောက်ပြန်လိမ့်လာသည်။ မိစိမ်းဘေးမှာ လာရပ်သည်။

'မစိမ်း ဘယ်သွားမလို့လဲ'

ခေါ်သံကြားရုံနှင့် မိစိမ်းသိပါသည်။ လှည့်ကြည့်လိုက်သည်။

'ကိုထူးစံ'

ရင်ထဲမှာတင် ခေါ်ကြည့်လိုက်ခြင်းဖြစ်ပါသည်။ ထူးစံကားရပ်စဉ်မှာပင် မိစိမ်း၏ ခြေလှမ်းများ အလိုလိုရပ်သွားခဲ့သည်။

ဦးအောင်နိုင်၏ အိမ်မှထွက်လာခဲ့ပြီဖြစ်၍ ဦးအောင်နိုင်နှင့် စိုးမြတ်မင်းမြင်မှာ သိမှာကို ကြောက်နေစရာမရှိ။

'မိစမ်း ဘယ်သွားမလို့လဲ၊ ကျွန်တော် လိုက်ပို့မယ်လေ'

မိစိမ်းထံမှ အဖြေမရသေး၍ ထူးစံထပ်မေးခြင်းဖြစ်သည်။ မိစိမ်း ဘယ်လိုဖြေရမှန်းမသိ။ ထူးစံ ကားတံခါးဖွင့်ပြီး ဆင်းလာသည်။

လေးလံသော အိတ်ကြီးကို လွယ်၍ မြို့အပြင်ရောက်သည်အထိ





ခြေကျင်လျှောက်လာသော မိစိမ်း၏အခြေအနေကို ထူးစံအကဲခတ်မိသည်။

'မစိမ်း အိမ်က ထွက်လာတာလား'

အားတုံ့အားနာ လေသံနှင့် ထူးစံစူးစမ်းကြည့်သည်။ မိစိမ်း ဘာမျှ မဖြေ။

'ဟုတ်နေပြီ'ဟု ထူးစံနားလည်လိုက်သည်။

'မစိမ်း ကားပေါ်တက် ကျွန်တော်နဲ့လိုက်ခဲ့ပါ၊ ပြီးတော့မှ ဘာလုပ်မယ်ဆိုတာ စဉ်းစားတာပေါ့'

မိစိမ်း တွေဝေစွာ ငေးငိုင်နေဆဲ။

'မစိမ်း ဒီတိုင်းလျှောက်သွားနေလို့ ဘယ်ဖြစ်မလဲ၊ ဒီနေ့ ကျောင်းလဲ မတက်တော့ဘူးလား'

'ရှင်. . .'

ကျောင်းတက်ရေးကိုစွဲမေ့ထားကာမှ ထူးစံက အစဖော်ပေးနေသည်။

'ကဲ. . အိတ်ကြီးပေးပါ'

ထူးစံက မိစိမ်းပုခုံးပေါ်မှ အိတ်ကို ဆွဲယူလိုက်သည်။ အတော်လေးသော အိတ်ကြီးကို ဤနေရာအထိ လွယ်ပိုးလာသော မိစိမ်းအတွက် ထူးစံစိတ်မကောင်းဖြစ်မိသည်။

အိတ်ကြီးကို ကားနောက်ခန်းမှာ ယည့်လိုက်သည်။

'မစိမ်း ကားပေါ်တက်လေ'

ထူးစံက ကားတံခါးဖွင့်ပေးသည်။ မိစိမ်းကားပေါ်တက်သည်။ လှုပ်ရှားပုံက ထုံထုံလေးလေး။

ထူးစံကတော့ သွက်လက်ပေါ့ပါးစွာ ကားကို ပတ်၍ ယာဉ်မောင်း



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ ထိုင်လိုက်သည်။

'ကျွန်တော် အခု ဆောက်လုပ်ရေးလုပ်ငန်းက ရုံးခန်းမှာ ခ
ပြောင်းနေတယ်၊ အဲဒီမှာ မစိမ်းအတွက် အလုပ်သမားမိန်းကလေ
အဖော်တွေလဲ ရှိပါတယ်'

မိစိမ်း ဘာမျှ ပြန်မပြောပါ။

'ကားလေး ညင်သာစွာ ဘီးလိမ့်ရာမှ တဖြည်းဖြည်း အရှေ့
မြန်သွားသည်။





## အခန်း(၂၇)

'အဖေ ဟိုကောင်မ မိစိမ်း မနက်အစောကြီး အိမ်က ထွက်သွား
ပြီ ဒီနေ့ ကျောင်းလာတက်တယ်'

ညနေ(၆)နာရီခန့် ဦးအောင်ခိုင်အိမ်ပြန်လာ၍ ကားပေါ်မှ ဆင်း
သည်နှင့် စိုးမြတ်မင်းက ထူးခြားသတင်းပေးပို့သည်။

ဦးအောင်ခိုင်က စိုးမြတ်မင်းကို မယုံသလို ကြည့်နေသည်။
စိုးမြတ်မင်း၏ ညာဘက်မျက်ခုံးမှာ ညက ဦးအောင်ခိုင်၏ လက်ချက်
ကြောင့် ယောင်နေဆဲ။

'ကျောင်းတက်ခါနီးမှ ဟိုကောင် ထူးစံ ကားနဲ့လာပို့တာ'

'ဘာကွ...'

ဦးအောင်ခိုင် မျက်ခုံးနှစ်ဖက် ကျုံ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ညနေ ကျောင်းဆင်းတော့လဲ ထူးစံ ကားနဲ့လာကြိုတယ် ထူးစံကားပေါ်ပါသွားတာ တွေ့လိုက်တယ်'

'ဟင် မင်းကိုယ်တိုင် မြင်တာလား'

'ကျွန်တော် ကိုယ်တိုင်မြင်တာအဖေ၊ ဒီကောင်မနဲ့ ထူး အစကတည်းက မရိုးသားဘူး'

'အခု သူတို့က အတူတူနေတာလား'

'ဟုတ်တယ်အဖေ ကျွန်တော်သူတို့ကားထွက်သွားပြီ နောက်ကနေ ကားနဲ့လိုက်သွားတယ်၊ ဦးသီလအတွက် ဟိုတယ် ဆောက်နေတဲ့နေရာမှာ ထူးစံနဲ့အတူနေကြတာ'

ဦးသီလက မျက်မှောင်ကျုတ်၍ စဉ်းစားနေသည်။

'မင်းပြောတာ သေချာလား'

'သေချာတယ်အဖေ၊ သူတို့ဟိုတယ်ဆောက်တဲ့နေရာမှာ အဆောက်အဦလေးတစ်ခုရှိတယ်၊ အဲဒီမှာ ကားရပ်ပြီး နှစ်ယောက်အတူ ကားပေါ်ကဆင်းတယ်၊ ကျွန်တော် လမ်းပေါ်ကနေ ကားရပ်ပြီး ကြည့်နေတာ သူတို့နှစ်ယောက် အဲဒီအဆောက်အဦထဲ ဝင်သွားကြတယ်'

'ဟင်း . . ကောင်းတယ်၊ အောင်နိုင်အကြောင်း သိရမှာပေါ့ကွ'

ဦးအောင်နိုင် ကားပေါ်သို့ ပြန်တက်သည်။

'မောင်း . . ရဲစခန်းကို'





## အခန်း(၂၈)

ရင်ထဲမှာ ကြည်နူးစိတ်ကြောင့် တစ်နေ့လုံး ထူးစံ၏လှုပ်ရှားမှုများ သွက်လက်တက်ကြွနေသည်။

ယာယီရုံးခန်းဆောက်ထားသော နေရာ၏ နောက်ဖက်ပိုင်းမှာ ဆက်သမားများကို အခန်းကာနိုင်းသည်။ မိစိမ်းအတွက် အခန်းလေး တစ်ခန်းဖြစ်သွားသည်။

အခန်းထဲမှာ ကုတင်တစ်လုံး စာရေးစားပွဲ စာအုပ်စင်ကုလားထိုင်တစ်လုံး ဘီဒိုတစ်လုံးနှင့် အဝတ်လှမ်းစင်လေးပါ ထည့်ပေးသည်။

'အင်း . . ဒါဆိုရင် အတော်လေးပြည့်စုံသွားပြီ'

မိစိမ်းနေရမည့်အခန်းလေးကို ကြည့်ပြီး ထူးစံသဘောကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com


မိစိမ်းတစ်ယောက်တည်း မသင့်တော်၍ အလုပ်သမားများအတွက် ထမင်းချက်ရန် ခေါ်ထားသော ဒေါ်ဖွားစိန်တို့သားအမိကို မိစိမ်းနှင့်ကပ်လျက်အခန်းမှာ ရွှေ့အနေခိုင်းသည်။

'ဒါဆိုရင် မစိမ်းမှာ ညရေးညတာ အဖော်ရှိသွားပြီ'

ကိုယ့်အစီအစဉ်ကိုယ် ထူးစံကျေနပ်ရပြန်၏။

သူနှင့် လက်သမားအချို့နေရန် နှစ်ထပ်အဆောက်အဦးလေး ဆောက်နေသည်က မပြီးသေး။ ရုံးခန်းမှာပင် ယာယီညအိပ်နေရာမှ ရွှေ့ပေးရတော့မည်။

ဟိုတယ်မှာ ပြန်နေလျှင်လည်း ရသည်။

သို့သော် မစိမ်းတို့ချည်း လူသူဝေးရာမှာ အားငယ်နေလိမ့်မည်။ မပြီးသေးသောနှစ်ထပ်အဆောက်အဦမှာပင် ဖြစ်သလိုနေ၍ ရသည်။ မြန်မြန်ပြီးအောင် ဆောက်ရသည်။

ညအတွက် မီးစက်ရှိသည်။ ကိုယ်တိုင်ပုံဆွဲ ပုံထုတ်အလုပ်လုပ်ချိန်မှာ မစိမ်းစာကျက်၍ရသည်။

ညနေရောက်တော့ နာရီတကြည့်ကြည့်။ မစိမ်းကို ကျောင်းသွားကြိုသည်။

မမျှော်လင့်ဘဲ နှမလေးတစ်ယောက် ကောက်ရသလို အလုပ်တွေများနေသည်။ သို့သော် ထိုသို့ အလုပ်များရသည်ကိုပင် ကျေနပ်ပျော်ရွှင်နေသည်။

ဦးအောင်ခိုင်တို့ သားအဖ၏ မတရားပုံကို မကျေနပ်။ မစိမ်းကို သနားသည်။ သူ့ဆန္ဒအတိုင်း ကျောင်းမပျက် ဆက်အတက်ခိုင်းသည်။

သူ့အတွက် ရည်စူးဝယ်ထားသော လုံချည်လေးနှင့် အင်္ကျီလေးများကို ထုတ်ပေးတော့ ရှက်ငြင်းငြင်းသည်။ သို့သော် ဖွတ်အတင်းတော့ ဝတ်ခိုင်းတော့ ဝတ်သွား၍ ထူးစံဝမ်းသာရသည်။

ကျောင်းဆင်းတော့ မစိမ်း မြင်အောင်ကားဘေးမှာ ရပ်စောင့်သည်။ မစိမ်းသာမက ဦးအောင်ခိုင်၏ သား စိုးမြတ်မင်းပါ မြင်သည်ကို ထူးစံသတိထားမိသည်။

'မြင်ပေါ့၊ ဘာဖြစ်လဲ'

ကိုယ့်ဘာသာရိုးသားသည်ကို ကိုယ်အသိဆုံး။

မစိမ်းကားဆီသို့ လျှောက်လာပုံက ရှက်ကိုးရှက်ကန်းနှင့် ခေါင်းကလေးငုံ့လျက်။

မစိမ်းကို ကြည့်ပြီး သနားစိတ်နှင့် ကားတံခါးဖွင့်ပေးသည်။ မစိမ်းက ကားနောက်ခန်းမှာပင် စီးသည်။

အပြန်လမ်းတွင် နောက်ကြည့်မှန်မှာ စိုးမြတ်မင်း၏ ကားကို မြင်ရသည်။ နောက်မှ လိုက်ကြည့်သည်ကို သိသည်။

'ကြည့်ပေါ့ . . ဘာဖြစ်လဲ'

ကိုယ့်ဘာသာ သန့်ရှင်းသည်။ ဆိုက်ထဲရောက်တော့ မစိမ်းနေသည့်အခန်းဘေးမှာ ကားလေးကို ရပ်လိုက်သည်။

'ကဲ . . ကြည့် . . မစိမ်းသဘောကျလား'

ထူးစံက အခန်းကိုပြသည်။

'ဟိုဘက်မှာ ကပ်လျက် ထမင်းချက် ဒေါ်ဖွားစိန်တို့သားအမိနေတယ်'

မိစိမ်းစိတ်ထဲမှာ ရှင်းစေချင်သည်။ မိစိမ်း သူ့အခန်းကို ကြည့်သည်။ လိုသည်ထက်ပင် ပို၍ ပြည့်စုံနေသည်။ ဤအခြေအနေမျိုးကို မစိမ်းမမျှော်လင့်ပါ။ ဘယ်လိုနေရ နေရ နေစရာလေးတစ်နေရာရလျှင် ကျေနပ်သည်။

www.burmeseclassic.com



အလုပ်သမားများနှင့် အတူနေရမည်ဟုသာ မျှော်လင့်ထား ခြင်းဖြစ်သည်။

တစ်ကြိမ်နှစ်ကြိမ်သာ တွေ့ဖူးရုံနှင့် ဤမျှအထိ စေတနာထား သော ထူးစံကို အားနာမိသည်။

'ကျွန်မ နေဖို့ အခန်းကကောင်းလွန်းနေတယ်၊ ဒီလောက်အထိ မလိုပါဘူး၊ အလုပ်သမတစ်ယောက်လို နေစရာရတယ်ဆိုရင် ကျေနပ် ပါတယ်'

ထူးစံပြုံးလိုက်သည်။

'ဒါ ဘာမှမကောင်းပါဘူး၊ မြေကြီးပေါ်ကတင်ချထားတဲ့ အခန်း ပါပဲ၊ ဟိုဘက်က ဒေါ်ဖွားစိန်တို့သားအမိရဲ့ အခန်းလဲ ဒီလိုပါပဲ၊ မစိမ်း က ကျောင်းသူမို့ စာကြည့်စားပွဲလောက်ပဲ ပိုတာပါ'

ထူးစံက စိတ်ရှည်လက်ရှည်ရှင်းပြသည်။

'ကျွန်မ မနက်ကပြောတဲ့အတိုင်း အလကားမနေချင်ပါဘူး ကျွန်မလုပ်ရမယ့် လုပ်ငန်းတာဝန်ကိုလဲ သိချင်ပါတယ်'

လေသံမမာအောင် သတိထားပြောသော်လည်း ပျော့ပြောင်းခြင်း မရှိမှန်း မိစိမ်းကိုယ့်ဘာသာ သတိထားမိသည်။

'ကျွန်တော်တို့ဆောက်လုပ်ရေးလုပ်ငန်းအတွက် မစိမ်းက စာရင်း လုပ်ပေးရမယ်၊ ပစ္စည်းစာရင်းတွေ အဝင်အထွက်မှတ်ပေးရမယ်၊ လုပ်ခ စာရင်းတွေရှိမယ်၊ ငွေပေးငွေယူ အားလုံးမှတ်ပေးရမယ်၊ နေ့ခင်းပိုင်း မှာတော့ ကျွန်တော်မှတ်ထားပေးပါ့မယ်၊ ညနေ ကျောင်းပြန်လာတဲ့အခါ နာရီဝက်တစ်နာရီလောက် စာရင်းတွေ ပြန်စစ်ပေးရင်ရပါတယ်'

'အဲဒါဆိုရင် ကျွန်မအလုပ်က ဘာရှိတော့မှာလဲ၊ စာရင်း လုပ်စရာ တွေက နေ့ဘက်မှာပဲ ရှိပြီး ကိုထူးစံပဲ မှတ်နေရမှာပေါ့'





ထူးစံပြုံးလိုက်သည်။

'ကျွန်တော်က အပြည့်အစုံမှတ်နိုင်မှာမဟုတ်ပါဘူး၊ လိုတာ လောက်သာ မှတ်မှာပါ၊ အဲဒီကျွန်တော်မှတ်ထားတာတွေနဲ့ ဘောက်ချာ တွေ ငွေပေးငွေယူကိစ္စတွေ ပစ္စည်းစာရင်းတွေ အားလုံးကို မစိမ်းကပဲ လယ်ဂျာစာရင်းစာအုပ်မှာ အပြည့်အစုံသွင်းပေးရမှာ'

မိစိမ်းခေါင်းညိတ်လိုက်သည်။

တကယ်လိုအပ်သော အလုပ်ကို လုပ်ရသူဖြစ်ချင်သည်။

'ကျွန်မကျောင်းတက်ခွင့်ရမယ်ဆိုရင် ကျေနပ်ပါတယ်၊ စာကျက် ချိန်ကတော့ ကျွန်မဘာသာရအောင် ယူပါ့မယ်၊ စာရင်းအားလုံးကို ကျွန်မပဲ လုပ်ပါ့မယ်၊ စနေ၊ တနင်္ဂနွေပိတ်ရက်ကျရင်တော့ ကျွန်မ တစ်နေ့လုံး လုပ်နိုင်ပါတယ်'

ထူးစံ ခေါင်းကိုအသာအယာရမ်းခါပြသည်။

'မလိုပါဘူး၊ မစိမ်းက ဆယ်တန်းဆိုတော့ စနေ၊ တနင်္ဂနွေဆို လဲ အချိန်ပိုတို့ လိုတဲ့ဘာသာကျူရှင်ယူရတာတို့ လုပ်ဖို့ လိုမှာပေါ့'

'ကျွန်မ ကျူရှင်မယူပါဘူး၊ ကျူရှင်ခလဲ ပေးစရာမရှိပါဘူး'

'ရှိမှာပေါ့၊ ကျွန်တော်တို့ ကုမ္ပဏီက မစိမ်းကို လခပေးမှာပဲ'

မိစိမ်းခေါင်းရမ်းလိုက်သည်။

'ကျွန်မ လခမလိုချင်ပါဘူး၊ ကျွန်မအတွက် ကျောင်းနေခွင့် ရတယ်၊ နေစရာရတယ်၊ ထမင်းစားရတယ်ဆိုတာ အများကြီးပဲ.. ကျွန်မ လုပ်ပေးတာထက် ပိုနေမှာ စိုးတယ်'

'ဟာ မပိုပါဘူး၊ ဒေါ်ဖွားစိန်တို့လဲ ဒီလိုပဲပေါ့၊ နေစရာ ရတယ်၊ ထမင်းကျွေးတယ်၊ ဒါပေမယ့် လခတော့ ပေးရတာပေါ့'

'သူတို့က ကျောင်းမှ မနေကြဲ'



www.burmeseclassic.com

www.burmeseclassic.com



ထူးစံ ပြုံးလိုက်သည်။

'ကျောင်းနေတာ၊ ကျွန်တော်တို့က အားပေးရမှာပဲ မစိမ်းက ကျွန်တော်တို့ အလုပ်အတွက် အရေးကြီးတဲ့ စာရင်းတွေ လုပ်ပေးထားတာပဲ'

'မနက်က ကိုထူးစံနဲ့ ကျွန်မသဘောတူခဲ့ပြီးသားပဲ ကိုထူးစံတို့ အလုပ်မှာ ကျွန်မအလုပ်တစ်ခုခုလုပ်မယ်၊ အဲဒီအတွက် နေစရာရမယ်၊ စားဖို့ရမယ်၊ ကျောင်းဆက်နေခွင့်ရမယ်၊ ကျွန်မလခ မလိုချင်ပါဘူး'

ထူးစံက မိန်းကလေးကို အံ့ဩစွာ ကြည့်နေမိသည်။

'ကောင်းပြီလေ၊ မစိမ်းလခမလိုချင်ရင်လဲ ရပါတယ်၊ နေစရာရမယ်၊ စားဖို့ရမယ်၊ ကျောင်းဆက်နေတဲ့အတွက် ပညာသင်စရိတ် တစ်လတစ်ထောင်ပေးမယ်'

'ကျွန်မတစ်ခုပြောချင်တာရှိသေးတယ်'

'ပြောပါ'

'ကျွန်မ ကျောင်းသွား ကျောင်းပြန်တာ ကျွန်မဘာသာပဲ သွားချင်ပါတယ်'

ထူးစံက မိစိမ်းကို လှမ်းကြည့်လိုက်မိပြန်သည်။

'ဘာဖြစ်လို့လဲ'

'ကျွန်မအတွက် ကိုထူးစံမှာ တာဝန်ပိုနေလို့ပေါ့၊ ဒီမှာအရေးကြီးတဲ့လုပ်ငန်းတာဝန်တွေ ပျက်မှာစိုးလို့ပါ'

မိန်းကလေး၏ထူးခြားသော သဘောထားကို ထူးစံသတိထားလိုက်မိသည်။

'ဒီနေရာက ဦးအောင်ခိုင်အိမ်မှာလို မိုးညှင်းမြို့ပေါ်မှာမဟုတ်ဘူး။ ဘတ်စကားလဲ ရှိတာမဟုတ်ဘူး။ ဒီလောက်ဝေးတဲ့ခရီးကို မိန်းကလေး





တစ်ယောက်ထဲ ခြေကျင်သွားလို့ မသင့်တော်ဘူး'

'ကျွန်မဘာသာဖြစ်အောင် သွားပါ့မယ်၊ ကိုထူးစံမပို့စေချင်ဘူး'

လိုက်မပို့စေချင်သည်မှာ မိမိနှင့် နှစ်ယောက်အတူမသွားလိုသောသဘောလည်း ဖြစ်နိုင်သည်ဟု ထူးစံယူဆလိုက်သည်။

'ကောင်းပြီလေ၊ ခုရက်ပိုင်းတော့ ဒီမှာလဲ အလုပ်ကမများသေးပါဘူး'

'ကျွန်တော်ကလဲ မြို့ထဲမှာ လိုတာတွေ ဝယ်ရ လိုတဲ့လူရှာရဆိုတော့ သွားရင်းနဲ့ ပို့ပေးပါ့မယ်၊ နောက်တော့ အလုပ်သမားကြိုတဲ့ပို့တဲ့ကားနဲ့ပဲ မစိမ်း ကားအကြုံလိုက်ပြီး ကျောင်းသွားတာပြန်တာ အဆင်ပြေအောင်လုပ်ပေးပါ့မယ်၊ ကျွန်တော်တမင်လိုက်ပို့စရာ လိုမှာမဟုတ်ပါဘူး။ မစိမ်းကိုယ့်ဘာသာသွားမယ်ဆိုတာတော့ မဖြစ်နိုင်ဘူး'

မိစိမ်းဆက်ပြီး ငြင်းမနေချင်တော့ပါ။

ထူးစံကလည်း စကားကို ဖြတ်ပြီး ထွက်သွားပြီဖြစ်သည်။

စာကြည့်စားပွဲပေါ်မှာ စာအုပ် လွယ်အိတ်ကလေးကို မိစိမ်းတင်လိုက်သည်။ မနက်က ထူးစံပေးသော ကချင်လွယ်အိတ်အသစ်ကလေးဖြစ်သည်။ စာကြည့်စားပွဲပေါ်မှာ လှပသော စားပွဲစာကြည့်မီးတိုင်လေးရှိသည်။ ကျောင်းဝတ်စုံကို အဝတ်ဟောင်းများနှင့် လဲလိုက်သည်။ ကုတင်ခြေရင်းမှာ အဝတ်တင်တန်းလည်းရှိသည်။ ကျောင်းဝတ်စုံ အသစ်ကလေးကို အသေအချာပြန်ခေါက်သည်။

'ဘယ်မှာ ထားရမလဲ'

မိစိမ်းမှာ အဝတ်သေတ္တာမရှိ။ ကုတင်ခြေရင်းမှာ ဘီဒိုတစ်လုံးတွေ့သည်။ ဖွင့်ကြည့်သည်။ ဘာမျှ မရှိ။ မိစိမ်းအဝတ်များကို ဘီဒိုအောက်မှာ ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

မိစိမ်း ဘဝမှ တစ်ခါမျှ ဤသို့ ပြည့်စုံစွာ အဆင်ပြေပြေနေရဖူးသည်မရှိ။ သက်ပြင်းတစ်ချက်ကို ခပ်မှျင်းမှျင်းချမိသည်။

သူ့ကျေးဇူးတွေများနေပြီဟု သတိထားမိ၍ဖြစ်သည်။ ပြတင်းပေါက်မှတစ်ဆင့် အပြင်ကို လှမ်းကြည့်လိုက်သည်။

မြေကွက်လွတ်ကွင်းပြင်ကျယ်ကြီးကို တွေ့ရသည်၊ မြေကလည်း မြေကောင်း၊ တောရှင်းထားသည့်သစ်ရွက်ဆွေးမြေ့များ ဖြစ်သည်။

ဦးအောင်နိုင် အိမ်မှာတုန်းကလို နှင်းဆီခင်းစိုက်ပေးချင်သည်။ မိမိစရိတ်အတွက် ကာမိရုံမက အမြတ်ပါအများကြီးရမည်။

နှင်းဆီပျိုးပင်များအတွက် ကုန်ကျစရိတ်ရှိသည်။ သို့သော် ကုန်ကျငွေမှာ ခဏနှင့် ကြေမည်။

ထူးစံကို ပျိုးပင်ဝယ်ပေးဖို့ ပြောကြည့်ရန် စဉ်းစားလိုက်သည်။ လောလောဆယ်တော့ ထမင်းဟင်းချက်သည်ကို ကူညီရန် ဒေါ်ဖွားစိန်တို့ရှိရာ မီးဖိုဆောင်သို့ သွားသည်။

ဒေါ်ဖွားစိန်၏ သမီး ကြက်သွန်လှီးနေသည်။

'ကျွန်မ ဘာကူလုပ်ပေးရမလဲ'

'ဘာမှ မလိုပါဘူး၊ ရတယ်၊ သွား. . . သွား'

ဒေါ်ဖွားစိန်ကို မိစိမ်း လှမ်းကြည့်လိုက်သည်။

'သူလဲ ဒေါ်မြထွေးလိုပဲလား'ဟု တွေးမိ၍ ဖြစ်သည်။

သို့သော် ဒေါ်ဖွားစိန်မျက်နှာက တင်းတင်းမာမာမဟုတ်။ ကြောက်ရွံ့စိုးရိမ်ပူပန်ဟန်လည်း မရှိ၊ သဘောကောင်း၍ ဖော်ချမ်းသက်သာရှိသည်။

'တစ်နေ့လုံး စာသင်လာရတာ ပင်ပန်းမှာပေါ့၊ လှသီလုပ်လိမ့်မယ်'





'ဒေါ်ဖွားစိန်၏ သမီးနာမည်ကို လှသီဟု သိလိုက်ရသည်။

မိစိမ်းထက် သုံးနှစ်ခန့်ကြီးသည်။

'ရတယ် ညီမလေး၊ ကျက်ရင် ခေါ်လိုက်မယ်၊ အေးအေးဆေးဆေးသွားနားချေ'

လှသီ၏ ဖော်ရွေသော အပြုံးက ခင်မင်စရာ။ ခဏအတွင်းမှာပင်သားအမိနှစ်ယောက်လုံးကို မိစိမ်းသဘောကျသွားသည်။

မိစိမ်းက ဟင်းရွက် ကူသင်ပေးသည်။ ပန်းကန်ကူဆေးပေးသည်။ အတူလုပ်ရင်း စကားပြောကြရင်းနှင့် ဒေါ်ဖွားစိန်တို့သားအမိမှာ ဟိုပင်မှ ဖြစ်ကြောင်း။ ဒေါ်ဖွားစိန်က ထမင်းချက်အလုပ်ရ၍ လှသီက နေ့ခင်းမှာ အုတ်သည်၊ မဆလာသည် အလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

ထမင်းကျက်ထမင်းပြင်ပြီးသည်နှင့် လှသီက ထူးစံနှင့် လက်သမားအဖွဲ့ ခေါင်းဆောင် ကိုအေးမောင် ပန်းရံအဖွဲ့ခေါင်းဆောင် ကိုမြင့်အေးတို့ကို သွားခေါ်သည်။

'မစိမ်းရော ကျွန်တော်တို့နဲ့ တစ်ခါတည်း စားလိုက်ပါလား'

ထူးစံက မိစိမ်းကိုပါ စားစေချင်သည်။

'ပြီးမှ မလှသီတို့နဲ့ စားပါမယ်'

မိစိမ်း မစားသေးဘဲ ထူးစံတို့ကို လိုအပ်သော ထမင်းဟင်း ထည့်ပေးသည်။

'အား တယ်ချောတဲ့ မိန်းကလေးပါလား'

ပန်းရံဆရာမှာ လူငယ်ဖြစ်၍ မိစိမ်းကို ကြည့်ပြီး အံ့သြနေသည်။

'ငါတို့ဆရာက စာရေးမရွေးတာ တယ်တော်ပါလား'

ထူးစံကို အားကျနေမိသည်။ ပန်းရံဆရာ၏ မျက်လုံး အကြည့်ကို သဘောမကျ၍ မိစိမ်းက ထူးစံနှင့် လက်သမားဆရာကြီးကို ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးပြီး နောက်ဖက်သို့ ပြန်ဆုတ်နေလိုက်သည်။

လှသီက ပန်းရုံဆရာ၏ ပန်းကန်ထဲသို့ ထမင်းထည့်ပေးသည်။ ထူးစံတို့ ထမင်းဝိုင်းစတင်ချိန်တွင် ကားတစ်စီးမောင်းဝင်လာပြီး ရုံခန်းခရှေ့မှာ ကားရပ်သည်။

ကားပေါ်မှ ရဲအရာရှိတစ်ဦးနှင့် ရဲသား ၄ ဦးဆင်းလာသည်။

'ကိုထူးစံရှိလား'

ရဲအရာရှိက မေးသည်။

'ရှိပါတယ်၊ ကျွန်တော်ပါ'

'ကျွန်တော်တို့နဲ့ ရုံးခန်း ခဏလိုက်ခဲ့ပါ'

'ဗျာ ဘာကိစ္စရှိလို့လဲ'

ထူးစံ နားမလည်နိုင်ဖြစ်နေသည်။

'ဟိုကျတော့မှ အေးအေးဆေးဆေးပြောတာပေါ့'

ဒိန်းကလေးများ ရှိနေ၍ ရဲအရာရှိက အများရှေ့မှာ ပြောချင်ဟန် မတူဟု ယူဆပြီး ထူးစံထမင်းစားပွဲမှ ထလိုက်သည်။

'ကိုထူးစံ ထမင်းစားပြီးမှ သွားပါလား'

မိစိန်းက ပူပူနွေးနွေးပြင်ဆင်ထားသော ဟင်းများ အေးကုန်မှာ စိုးသည်။

'ကိစ္စမရှိပါဘူး ခုချက်ချင်းပြန်လာခဲ့မှာပါ'

သူ့မှာ ဘာအပြစ်မျှ မရှိ၍ ထူးစံက စိုးရိမ်စိတ်မရှိ။

ထူးစံက သူ့ကားသော့ကို တောင်းသည်။

'ကျွန်တော်တို့ ကားနဲ့ပဲ လိုက်ခဲ့ပါ၊ ကျွန်တော်တို့ ပြန်ပို့ပေးပါမယ်'

'ဒါဆိုလဲ ကျွန်တော်တို့ပါ လိုက်ခဲ့မယ်'

လက်သမားဆရာက ထမင်းစားပွဲမှထ၍ ပန်းရုံဆရာကိုပါခေါ်





ခေါ်ပြီး လိုက်သွားသည်။ မိစိန်းတို့ထမင်းစားပွဲဘေးမှာ အငေးသား ကျန်နေခဲ့ကြသည်။

× × × × ×

ည ၈ နာရီခန့်တွင် ပန်းရုံဆရာနှင့် လက်သမားဆရာ ပြန်လာကြသည်။ ထူးစံပါမလာ။

ဦးအောင်နိုင်က သူ၏ဂုဝ်ထိန်းခြင်းအောက်မှာရှိသော ရွှေမီးစီး ကို အသက်မပြည့်တဲ့ နီးယှဉ်ပေါင်းသင်းမှုနှင့် အမှုဖွင့်တိုင်ကြားသော ကြောင့် အဖမ်းခံရခြင်းဖြစ်ကြောင်း လက်သမားဆရာက မိစိန်းကို ပြောပြသည်။

'ဟင် ရက်စက်လိုက်တာ'

မိစိန်း မကျေမနပ်ဖြစ်ရသည်။

'ဒီလို မတရားတာနဲ့တော့ ဘာလို့ အဖမ်းခံရမှာလဲ၊ ကျွန်မ ဘာခုသွားရှင်းမယ်'

မိစိန်းက သူ့ကြောင့်ဖြစ်ရသည်မို့ သူကိုယ်တိုင်ရှင်းပြပြီး ထူးစံကို လွတ်မြောက်စေချင်သည်။

'မောင်ထူးစံလဲ ရှင်းပြပါတယ်၊ ဦးတို့လဲ ပြောပါတယ်၊ ဒါပေမယ့် ခုဟာကတော့ ဂုဝ်ထိန်းသူ အနေနဲ့ တိုင်ချက်ဖွင့်ထားတော အသက်ကလဲ ဆယ့်ခြောက်နှစ်မပြည့်သေးဘူးဆိုတော့ ရဲတပ်ဖွဲ့အနေနဲ့ မဖမ်းလို့ မရဘူး၊ အာမခံလဲ ပေးလို့ မရဘူး၊ အမှန်အမှားကို တရားရုံးကျမှ ဖြေရှင်းလို့ ရမယ်တဲ့၊ ဒါကြောင့်မို့ မနက်ဖြန်ကာမှ ဦးသီလကို ပြောပြပြီး ရှေ့နေ လုပ်ဖို့ မောင်ထူးစံက မှာလိုက်တယ်၊ အဓိကဖြစ်နေတာကတော့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးပဲတဲ့'

လက်သမားဆရာကြီး ဦးအေးမောင်က အေးအေးဆေးဆေး ရှင်းပြသည်။

'ကိုထူးစံက မိန်းကလေးကိုလဲ မှာလိုက်ပါတယ်၊ စိတ်အေးအေး နေပါတဲ့'

'ကျွန်မက ဘယ်လိုလုပ် စိတ်အေးအေးနေလို့ရမလဲ၊ ကျွန်မ ကြောင့် ဖြစ်ရတာ၊ ကိုထူးစံ ထမင်းတောင် စားမသွားရဘူး'

မိစိမ်း စိတ်မကောင်းဖြစ်ရသည်။

'ကဲပါ မိန်းကလေးရယ်၊ တရားနတ်စောင့်တယ်ဆိုတဲ့စကား ရှိပါတယ်။ အမှန်တရားကို အမှားလုပ်လို့ မရပါဘူး။ မနက်ဖြန်ကာကျ တော့ ရှေ့နေနဲ့ တိုင်ပင်ပြီး ဖြေရှင်းလိုက်ရင် အဆင်ပြေမှာပါ၊ မိန်းကလေး ကသာ အမှန်အတိုင်းအားလုံးပြောဖို့ လိုပါတယ်'

လက်သမားဆရာကြီး ဦးအေးမောင်က မိစိမ်းကို နှစ်သိမ့်သည်။

'ကျွန်မက အမှန်အတိုင်းပြောရုံတင်မကဘူး။ သူ့သား မတရား ယုတ်မာတာကို ပေါ်အောင် ပြောမှာ၊ ရဲစခန်းမှာ ပြန်တိုင်မှာ'

'ကောင်းပါတယ်၊ အဲဒီလို လုပ်ရမှာပါပဲ'

ဒေါ်ဖွားစိန်သားအမိက လက်သမားဆရာနှင့်ပန်းရံဆရာကို ထမင်းပြင်ကျွေးကြသည်။

မိစိမ်း ညစာမစားတော့ပါ။ ထူးစံထမင်းစားရမည်မဟုတ်သည် ကို စိတ်မကောင်း၍ ဖြစ်သည်။

သူ့ကို ကူညီမိ၍ သူရောက်သည့်နေ့မှာပင် ထူးစံဒုက္ခဖြစ်ရသည်။





## အခန်း(၂၉)

'ဟား . . ဟား . . ဟား . . ဟား . . မလောက်လေးမလောက် ား ကောင်က ငါ့ကို ဒီလိုလာစမ်းလို့ ဘယ်ရမလဲ'

ဦးအောင်နိုင် အားပါးတရရယ်လိုက်သည်။

စိုးမြတ်မင်းက ဖခင်ကို အားပေးအားမြှောက်ထောက်ခံ၍ ါင်းညိတ်ပြသည်။

'ဒီကောင်အခုအချုပ်ထဲမှာ . . ဟင်း . . ဟင်း . . အာမခံမရဘဲနဲ့ ာင်ထဲတန်းဝင်အောင် လုပ်ပြမယ်၊ ဒီကောင်တွေက အောင်နိုင်ကို ာထင်နေလဲမသိဘူး'

အဆင်သင့်အလိုက်သင့်အချိန်ကိုက်ဝင်လာသော ကိစ္စကို ာင်နိုင်သဘောကျနေသည်။

'ငါ့ဟိုတယ် မဆောက်ရသလို ဒီကောင်တွေ သိဟာဟိုတယ်



www.burmeseclassic.com

www.burmeseclassic.com



မဆောက်စေရဘူး'

'သူ ထောင်ကျသွားမှတော့ ဘယ်ဆောက်လို့ရတော့မလဲ'

စိုးမြတ်မင်းလည်း ဝမ်းသာအားရဖြစ် နေသည်။

'အေးပေါ့. . . အဲဒီလိုဖြစ်အောင် လုပ်တာပေါ့'

ဦးအောင်ခိုင်သူ့ဘာသာ သဘောကျနေသည်။

'ဟင်း လုပ်ချင်ရင် မိစိမ်းကိုပါ ကျောင်းထုတ်ပစ်အောင် လုပ်လို့ရသေးတယ်'

'ဘယ်လိုလုပ်မှာလဲ ဖေဖေ'

စိုးမြတ်မင်း စိတ်ဝင်စားစွာ သိချင်သည်။

'လွယ်လွယ်လေးပေါ့ကွာ၊ ဟိုကောင့်ကို မုဒိမ်းမှုနဲ့ တိုင်သလို သူ့ကိုတော့ အရွယ်မရောက်ခင် အကျင့်ပျက်တဲ့ မိန်းကလေးဆိုပြီး ကျောင်းအုပ်ဆရာမကြီးဆီ စာရေးတိုင်ရမှာပေါ့၊ ဒါပေမယ့် မလုပ်ပါဘူး ဘာပဲဖြစ်ဖြစ် သူက တူမတော်နေတော့ သူ့အရှက်ကွဲတာဟာ ကိုယ်လဲ အရှက်ရတာပါပဲ'

စိုးမြတ်မင်းက အတွေးနက်စွာ စဉ်းစားရင်း ခေါင်းညိတ်ပြလိုက်ပါသည်။

× × × × ×

ပွဲကြီးပွဲကောင်းကြည့်ရန် စိုးမြတ်မင်း စိတ်ဝင်စားနေသည့်သို့သော် ကျောင်းတက်ချိန်ရောက်သည်အထိ မိစိမ်းကျောင်းကို ရောက်မလာ။

'သူဘာဖြစ်လို့ မလာတာလဲ'





စိုးမြတ်မင်း နားမလည်နိုင် ဖြစ်နေသည်။

'သူ့ကို တိုင်တာ သိသွားလို့လား။ ဒါမှမဟုတ် ဟိုကောင် အဖမ်းခံရတဲ့ကိစ္စကြောင့်လား'

ကျောင်းတက်ပြီး မကြာခင်မှာပင် ကျောင်းအုပ်ဆရာမကြီး ရုံးခန်းမှ မိစိမ်းကို လာခေါ်သည်။ မိစိမ်းမရှိ။

'ဆရာမကြီး ဘယ်လိုလုပ်မလဲ'

ပွဲကြီးပွဲကောင်း မကြည့်ရ၍ စိုးမြတ်မင်းစိတ်ထဲမှာ မကျေနပ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၀)

ဦးသီဟခေါ်လာသည့် ဥပဒေအကျိုးဆောင် ဦးမြအုန်းက မိစိမ်းကို ငယ်တာဝမှစ၍ ဦးအောင်နိုင်အိမ်ရောက်သည်အထိ မေးသည်။ မိစိမ်းကလည်း အပြည့်အစုံပြောပြသည်။ ဦးအောင်နိုင်အိမ်တွင် နေထိုင်ရပုံ၊ ထုပ်ကိုင်ရပုံ ဦးအောင်နိုင်တို့သားအဖ၏ ဆက်ဆံပုံ နောက်ဆုံးတွင် နီနီမြတ်မင်း၏ မကရားစော်ကားရန် ကြံစည်ခံရပုံ၊ ဦးအောင်နိုင်က အဖြစ်မှန်ကို စစ်ဆေးခြင်းမရှိဘဲ မိစိမ်းကို အပြစ်မြင်၍ ရိုက်နှက်နှင်ထုတ်လိုက်ပုံများကို ပြောပြသည်။

'ဒါတွေ အားလုံး အခုပြောတဲ့အတိုင်း အမှန်ပဲလား မိန်းကလေး'

ရှေ့နေကြီးမှာ မိစိမ်းကို ကြည့်ပြီး သမီးချင်းစာနာ၍ သနားစိတ်ဖြစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ပြောတာတွေ အကုန်လုံးအမှန်တွေချည်းပါပဲ၊ တစ်ခု ညာတာ မပါပါဘူး'

မိစိမ်းက အနိုင်အမာ အာမခံသည်။

'အင်း . . တော်တော်မတရားတဲ့လူပဲ . . ဦးတော့ သူကပဲ ဦးအာ တိုင်ထားသေးတယ်'

'တိုင်တာကတော့ ကိုထူးစံအပေါ်မှာ သူ့အညိုးရှိလို့ပါ'

'ဟုတ်တယ်လေ သူ ဒုက္ခဖြစ်စေချင်တာက အင်ဂျင်နီယ မောင်ထူးစံဆိုတာ ထင်ရှားနေတာပဲ၊ ဒါနဲ့ နေဦးကွ ကလေးမ မင်း မှတ်ပုံတင်ရှိလား'

'ရှင် . မရှိပါဘူး'

'ဘာလို့ မရှိတာလဲ လုပ်ကို မလုပ်ရသေးတာလား'

'ဟုတ်ကဲ့ မလုပ်ဖြစ်သေးတာပါ'

ရှေ့နေကြီး စိတ်အားပျက်သွားသည်။

'ကိုယ့်အသက်ကိုတော့ သိသလား'

'အသက်ဘယ်လောက်ရှိပြီလဲ'

'ဆယ့်ခုနှစ်နှစ်ပါ'

'ဘာ ဆယ့်ခုနှစ်နှစ် . . ဟုတ်လား'

ရှေ့နေကြီး၏ အသံကကျယ်လွန်းသွား၍

'ဘာများ အမှားအယွင်းရှိလို့လဲ'

ဟု မိစိမ်းစိုးရိမ်စိတ်ဖြစ်ရသည်။

'ပြည့်တော့မပြည့်သေးပါဘူး'

မိစိမ်းက လျှော့ပေါ့ပြင်ဆင်ရန် စဉ်းစားသည်။

'မပြည့်ချင် နေပါစေ၊ ဆယ့်ခြောက်နှစ်တော့ ကျော်ပြီမဟုတ်လ





'ဟုတ်ကဲ့ ကျော်ပါပြီ၊ ဆယ့်ခြောက်နှစ်နဲ့ ရှစ်လပါ၊ ကျွန်မက ကျောင်းနေတာ တစ်နှစ်နောက်ကျလို့ ခုမှ ဆယ်တန်း ရောက်တာပါ'

'ရပြီ မိန်းကလေး ရပြီ'

ရှေ့နေကြီး ဝမ်းသာသွားသည်။

'နေဦးကွ . . မိန်းကလေးရဲ့ အသက်အမှန်ကို ဦးအောင်နိုင် မသိဘူးမဟုတ်လား'

'သိမှာ မဟုတ်ပါဘူး'

မိစိမ်းစဉ်းစားပြီး ဖြေခြင်းဖြစ်သည်။

'ကဲ . ဦးသီဟရေ ခင်ဗျားရဲ့ အင်ဂျင်နီယာလေး ကိုထူးစံအတွက် ကတော့ ကံကောင်းတာပဲ'

ရှေ့နေကြီးဦးမြအုန်းက ဘေးမှာ ထိုင်၍ တစ်ချိန်လုံး စိတ်ဝင်စားစွာ နားထောင်နေသော ဦးသီဟကို သတင်းကောင်းပါးလိုက်သည်။

'ဟုတ်ကဲ့ ဘယ်လိုကံကောင်းတာလဲ ရှေ့နေကြီး'

ရှေ့နေကြီးပြုံးလိုက်သည်။

'ဦးအောင်နိုင်တိုင်တာက အသက်မပြည့်သေးတဲ့ ကလေးအရွယ်ကို ခိုးယူပေါင်းသင်းမှုဗျ၊ အဲဒါ အာမခံမရဘူး၊ မိန်းကလေးသဘောတူ တယ်ဆိုလို့လဲ မရဘူး၊ ဆယ့်ခြောက်နှစ်မပြည့်သေးရင် ထောင်ကျမှာပဲ'

ရှေ့နေကြီး၏စကားကြောင့် မိစိမ်းရှက်စိတ်ဖြင့်အနေခက်ရသည်။

'ကိုထူးစံက ကျွန်မကို ခိုးယူတာမှမဟုတ်ဘဲ၊ သူတို့နှင်ချလိုက်လို့ ဒုက္ခဖြစ်နေတဲ့အချိန်မှာ ကူညီတာပဲ'

'ဥပဒေက အဲဒီလို ပြောလို့မရဘူး မိန်းကလေး၊ ကောင်းတဲ့ စေတနာ၊ ရည်ရွယ်ချက်နဲ့ ကူညီတာဖြစ်ပါစေ အသက်မစေ့သေးတဲ့ သူနဲ့ အတူပေါင်းသင်းဆက်ဆံရင်'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတို့ အဲဒီလိုမှမဟုတ်ဘဲ ကိုထူးစံက ကျွန်မကို လမ်းမှ
တွေ့လို့ ခေါ်သွားတယ်၊ သူ့အလုပ်ကရုံးခန်းကို ခထာခေါ်သွားပြီး ကျွန်
ကျောင်းမပျက်အောင် ကျောင်းကို လိုက်ပို့တာပဲ'

'အဲဒီခထာခေါ်သွားတယ်ဆိုတာကိုက တိုင်ဖို့ နိုင်လုံတဲ့အချိန်
အကြောင်းအရာဖြစ်သွားတယ်။ ပြီးတော့ တိုင်တဲ့လူကလည်း အုပ်ထိန်
သူဖြစ်နေတယ်။ ဆယ့်ခြောက်နှစ်မပြည့်သေးရင် ကိုယ့်ဘက်က
ပေါင်းသင်းခြင်းမရှိပါဘူးဆိုတာ ခက်ခက်ခဲခဲသက်သေပြရတော့မယ်
အာမခံလဲ မရနိုင်ဘူး။ ဒါကြောင့်မို့ ဆယ့်ခြောက်နှစ်ကျော်နေတာက
ကိုထူးစံအတွက် ကံကောင်းတယ်လို့ပြောတာ၊ မိန်းကလေးအတွက်လ
ကံကောင်းတာပဲ၊ မလိုအပ်တာတွေ စစ်ဆေးမခံရတော့ဘူးပေါ့'

'ဒါပေမယ့် သူ့မှာ မှတ်ပုံတင်မရှိတော့..'

ဦးသီဟက စိုးရိမ်နေဆဲ

'ဟုတ်တယ် ကလေးမ မင်းမှာ အသက်အတွက် အထော
အထားတစ်ခုခုရှိလား။ ထောက်ခံစာ..တို့ဘာတို့'

'မရှိပါဘူး'

မိစိမ်းအဖြေက လေသံပျော့၏။

'မွေးစာရင်းရော သိမ်းထားတာရှိလား'

'မရှိဘူး'

ဦးသီဟ နားထောင်နေရင်း စိတ်ပျက်အားလျော့ဖြစ်ရသည်။

မိစိမ်းပါ ထူးစံအတွက် သက်သာအောင် သက်သေခံချက်
မပေးနိုင်မှာကို စိုးရိမ်လာသည်။

ရှေ့နေကြီးက စိတ်အေးအေးထား၍ စဉ်းစားနေရာမှ
လက်ဖျောက်တစ်ချက်တီးလိုက်သည်။





'မင်းနေတဲ့ ကျောင်းက ကူညီနိုင်မှာပါ၊ ကျောင်းမှာ မင်းရဲ့ မွေးသက္ကရာဇ်ရှိမှာပေါ့၊ ကျောင်းပြောင်းလက်မှတ်မှာ မွေးသက္ကရာဇ်ပါ တယ်မဟုတ်လား'

'ဟုတ်ကဲ့ ပါပါတယ်'

မိစိမ်း ဝမ်းသာအားရဖြေသည်။

'အဲဒီ အသက်က ဆယ်ခြောက်နှစ်ပြည့်ပြီးနောက် အသက်လား'

'ဟုတ်ပါတယ်'

ရှေ့နေကြီးက သူ့လက်မှ နာရီကို ကြည့်လိုက်သည်။ ဆယ်နာရီ ထိုးနေပြီ။

'ရပြီ..အခုကျောင်းသွားမယ်၊ ကျောင်းအုပ်ဆရာမကြီးဆီက ကျောင်းအပ်စာရင်းမှာ ဖော်ပြထားတဲ့ မွေးနေ့သက္ကရာဇ်ထောက်ခံချက် တောင်းရမယ်'

'ရှေ့နေကြီးက ထိုင်ရာမှထလိုက်၍ ဦးသီလပါ မတ်တပ်ရပ်ပြီး ဖြစ်နေသည်။

'ကျွန်မရော လိုက်ရမှာလား'

မိစိမ်းက ရှေ့နေကြီးကို လှမ်းကြည့်နေသည်။

'လိုက်ရမှာပေါ့၊ မင်းက အဓိက အရေးကြီးတဲ့သူပဲ၊ ကျောင်းမှာ မင်းအတွက် မွေးသက္ကရာဇ်ရပြီးတာနဲ့ ရဲစခန်းကို ဆက်သွားရမယ်၊ ရဲစခန်းမှာ ကိုထူးစံအာမခံရအောင် လုပ်ရင်းနဲ့ ဦးအောင်နိုင်ရဲ့သားက မိန်းကလေးကို မတရားကြံစည်ဖို့ ကြိုးစားတာနဲ့ ဦးအောင်နိုင်ကလဲ မတရားနှိပ်စက်ညှင်းပန်းတာကို တိုင်ရမယ်'

ဦးသီဟ၏ ကားနှင့်ပင် မိစိမ်းကျောင်းသို့ ထွက်ခဲ့ကြသည်။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



'ဩော် . . မင်းက ဆယ်တန်းစီက ရတနာစိမ်းဆိုတဲ့ မိန်းကလေး လား'

လူသုံးယောက်ဝင်လာကြသည်ကို ကျောင်းအုပ်ဆရာမကြီးက မိစိမ်းတစ်ယောက်တည်းမြင်သကဲ့သို့ ဆီးကြိုပြောလိုက်သည်။

'ဟုတ်ပါတယ် ဆရာမကြီး'

မိစိမ်းဖြေသည်က အေးအေးဆေးဆေးဖြစ်သည်။

'ဒီနေ့မနက်ပဲ မင်းကို တိုင်စာတစ်စောင်ရောက်လာတယ်'

ဆရာမကြီးက သူ့ရှေ့ရှိ စားပွဲပေါ်မှ စာရွက်များကို လှမ်းကြည့် လိုက်သည်။

'ကျွန်တော်တို့လဲ အဲဒီကိစ္စအတွက်လာတာပါ ဆရာမကြီး'

ရှေ့နေကြီးက အဆင့်သင့်ဖြစ်လာသော ခွင်ထဲသို့ ဝင်လိုက်သည်။

'ဩော် . ဒီလိုတိုင်ထားတာကို ကြိုပြီး သိနေတယ်လား'

ကျောင်းအုပ်ဆရာမကြီး အံ့သြနေသည်။

ရှေ့နေကြီးက ပြုံးလိုက်သည်။

'ကျွန်တော်တို့လာတဲ့ အကြောင်းတွေ ပြောပြလိုက်ရင် အားလုံး ဆက်စပ်သွားမယ်ထင်လို့ပါ ဆရာမကြီး'

ရှေ့နေကြီးက ဖြစ်ပေါ်လာမည်ကို ကြိုတင်မှန်းဆပြီး ဖြစ်နေသည်။

'တိုင်တဲ့ လူက မင်းဦးလေးလား'

ဆရာမကြီးက မိစိမ်းကို လှမ်းမေးသည်။

'ဘယ်သူက ဘာတွေ တိုင်ထားမှန်း မိစိမ်းမသိသေး'

'အေး . . သူ့တိုင်စာထဲမှာတော့ မင်းဟာ သူ့တူမတဲ့၊ သူ့အုပ်ထိန်းမှုအောက်ကနေ အသက်မစေ့သေးဘဲနဲ့ ယောကျ်ားနောက် နိုးရာလိုက်သွားတယ်တဲ့၊ အဲဒီ ယောကျ်ားကိုလဲ သူတိုင်လို့ ဖမ်းချုပ်ထား





ပြီတဲ့၊ မင်းဟာလဲ အကျင့်မကောင်းတဲ့ မိန်းကလေးမို့ ကျောင်းမှာ ဆက်မထားသင့်ဘူး၊ ကျောင်းထုတ်ပစ်သင့်တယ်တဲ့'

ဦးလေးဦးအောင်နိုင်၏ သဘောထားနှင့် အကြံပက်စက်ပုံကို မိစိမ်းအံ့သြမဆုံးဖြစ်နေရသည်။ 'လုပ်ရက်လိုက်တာ' ဟုလည်း စိတ်မကောင်း ဖြစ်ရသည်။

'သူ့နာမည်က ဦးအောင်နိုင်တဲ့ အဲဒါမင်းဦးလေး ဟုတ်လား'

'ဟုတ်ပါတယ် ဆရာမကြီး'

'အင်း . . မင်းဦးလေးဆိုရင်လဲ သူရေးပုံက မင်းကို တော်တော် ဒုက္ခဖြစ်စေချင်တဲ့စာမျိုးပဲ'

'အင်း . စာဖတ်ပြီး ဆရာမကြီး ဒီလိုစဉ်းစားမိတာ အားတက် ရပါ'

ရှေ့နေကြီး ဦးမြအုန်း မျှော်လင့်ချက်နှင့် စဉ်းစားသည်။

'လာရင်းကိစ္စမပြောခင် ကျွန်တော်မိတ်ဆက်ပါရစေ ဆရာမကြီး၊ ဒါကတော့ သီရိမွန်ကုမ္ပဏီက အခု သီရိမွန်ဟော်တယ်ဆောက်နေတဲ့ ဦးသီဟပါ'

ဦးသီဟက ပြုံးလျက် ခေါင်းညိတ်ပြသည်။

'ဩော် . နာမည်ကိုတော့ သိနေပါတယ်၊ လူက ခုမှ တွေ့ရတယ်၊ ကျောင်းကို အမြဲတမ်းကူညီတဲ့အကြောင်း သိထားပါတယ်'

'ကျွန်မ ဒီကျောင်းကိုပြောင်းလာတာ ခြောက်လပဲရှိပါသေးတယ်၊ တွေ့ရတာ ဝမ်းသာပါတယ်'

'ကျွန်တော်ကလဲ ဆရာမကြီးနဲ့ တွေ့ချင်နေတာပါ၊ အလုပ်တွေ များနေတာနဲ့ ကျောင်းဘက်မရောက်ဖြစ်ဘူး၊ အခုကိစ္စပေါ်လာမှ တွေ့ဖြစ် သွားတယ်၊ လိုတာရှိရင်လဲ ပြောပါ ဆရာမကြီး၊ ကျွန်တော်တို့က မြို့ခံ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပဲ။ ကူညီရမှာပါ'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်'

'ကျွန်တော်ကတော့ တရားရုံးချုပ်ရှေ့နေ ဦးမြအုန်းပါ။ ဆရာမကြီးကို လေးစားပြီးသားပါ၊ အခုလို တွေ့ရတာလဲ ဝမ်းသာပါတယ်'

ဦးမြအုန်းက သူ့ဘာသာ မိတ်ဆက်နေသည်။

'အော်... ဟုတ်ကဲ့ပါ၊ ကျွန်မလဲ တွေ့ရတာ ဝမ်းသာပါတယ်၊ ထိုင်ကြပါဦး'

ခုမှ ဦးမြအုန်း၊ ဦးသီဟနှင့် မိစိမ်းတို့ ဆရာမကြီးစားပွဲရှေ့မှ ကုလားထိုင်များမှာ ထိုင်ခွင့်ရကြသည်။

မိစိမ်းက အလယ်ထိုင်ခုံမှာဖြစ်၍ ဦးမြအုန်းနှင့်ဦးသီဟတို့က မိစိမ်း၏ ဘေးတစ်ဖက်စီမှာ ဖြစ်သည်။

'ဖြစ်ကြောင်း ကုန်စင်တော့ နောက်မှ ပြောပါ့မယ်ဆရာမကြီး'

ဦးအောင်နိုင်က သူ့တူမဆိုတဲ့ မိန်းကလေးကို ကျောင်းထုတ်ပစ်ဖို့ ဆရာမကြီးဆီ တိုင်သလို အဲဒီမိန်းကလေးကို ဆောက်လုပ်ရေးဝိသုကာ ကိုထူးစံက အသက်မပြည့်သေးဘဲနဲ့ ပေါင်းသင်းဆက်ဆံတယ်လို့လဲ တိုင်ထားပါတယ်၊ အသက်မပြည့်ဘူးဆိုတာ မိန်းကလေး ၁၆ နှစ်မပြည့်တာကို ပြောတာပါ၊ အဲဒီလက်ထပ်ပေါင်းသင်းရင် သဘောတူလဲ မရဘူး။ အသက်မပြည့်သေးတဲ့အတွက် အပြစ်ကြီးပါတယ်၊ အာမခံလဲ မရဘူး'

'တကယ်ရော လက်ထပ်ပေါင်းသင်းလို့လား'

ဆရာမကြီးက ဖြတ်မေးလိုက်သည်။

'မဟုတ်ပါဘူးဆရာမကြီး၊ မဟုတ်ဘဲနဲ့ တိုင်တာပါ၊ ဒါပေမယ့် တရားရုံးမှာ ဖြေရှင်းရတာ အလွန်ခက်ပါတယ်၊ တကယ်ကတော့ မိန်းကလေးကလဲ ဆယ့်ခြောက်နှစ်ပြည့်ပြီးပါပြီ၊ ကျောင်းအပ်တုန်းက





ကျောင်းပြောင်းလက်မှတ်မှာပါတဲ့ အသက်ကို ကြည့်လိုက်ရင် သေချာပါတယ်'

ဦးမြအုန်းက သူလိုချင်သည်ကို ဦးတည်သည်။

'မင်းမှာ မှတ်ပုံတင်မရှိဘူးလား'

ဆရာမကြီးက မိစိမ်းကို လှမ်းမေးသည်

'မလုပ်ရသေးဘူးဆရာမကြီး'

မိစိမ်း ဖြေခြင်းမဟုတ်။ ဦးမြအုန်း ဖြေခြင်းဖြစ်သည်။

'ဒါကြောင့် အသက်အထောက်အထားရဖို့ ကျွန်တော်တို့ ကျောင်းကို လိုက်လာကြတာပါ'

ဆရာမကြီးက ဦးမြအုန်းကို ကြည့်နေရာမှ မိစိမ်းဘက်သို့ အကြည့်ပြောင်းလိုက်သည်။

'ကဲ၊ ဘယ်လို ဖြစ်လို့ ဦးအောင်နိုင်က ဒီလိုတိုင်တာလဲ ဘာတွေဖြစ်တာလဲ၊ မင်းပြောပြစမ်း'

ဆရာမကြီးက ရှေ့နေကြီးကို ရှေ့မှာ အသာထားပြီး မိစိမ်းကို မေးလိုက်သည်။

မိစိမ်းက ရှေ့နေကြီးနှင့် ဦးသီလကို ပြောပြသကဲ့သို့ ဦးအောင်နိုင်အိမ်သို့ စတင်ရောက်ရပုံမှစပြီး ဦးအောင်နိုင်တို့ သားအဖ ဆက်ဆံပုံများကို ပြောပြသည်။

ကျောင်းအလွန်နေချင်၍ ကျောင်းနေခွင့်ရအောင် ကြိုးစားရပုံများကို ပြောပြသောအခါ ဆရာမကြီး ခေါင်းတညိတ်ညိတ်နားထောင်ရင်း မိစိမ်းကို သနားနေသည်။

'အင်း မင်းအတန်းပိုင်ဆရာမကို ဆရာမကြီး ခေါ်မေးပြီးပြီ၊ မင်းဆရာမက မင်းစာသိပ်ကြိုးစားတဲ့အကြောင်းနဲ့ ဒီတိုင်စာထဲကလို



www.burmeseclassic.com

www.burmeseclassic.com



အကျင့်စာရိတ္တမကောင်းတဲ့ မိန်းကလေးမဖြစ်နိုင်ကြောင်း ပြောပါတယ်'

မိစိမ်းစိတ်ထဲမှာ အတန်းပိုင် ဆရာမကို ကျေးဇူးတင်လိုက်မိသည်။

'မင်းနဲ့ ရင်းနှီးတဲ့ မင်းသူငယ်ချင်းစောရူပါကိုလဲ ဆရာမကြီး ခေါ်မေးပါတယ်၊ သူကလဲ မင်းက ဆင်းရဲပေမယ့် စိတ်ထားသိပ်ကောင်းကြောင်း ကျောင်းစဖွင့်ကတည်းက စာကိုတအားကြိုးစားကြောင်း ပြောပါတယ်'

စောရူပါ့ကိုလည်း မိစိမ်းကျေးဇူးတင်ရပြန်သည်။

'ဗိသုကာမောင်ထူးစံကို ကျွန်တော် ရင်းရင်းနှီးနှီးသိပါတယ် ဆရာမကြီး၊ သူလဲ တကယ့်လူကောင်းပါ၊ အဲဒါ တမင်သက်သက် ဒုက္ခရောက်အောင် လုပ်တာပါ၊ သူ့ဟိုတယ်ကို ဆောက်ဖို့ ဈေးနှုန်းမတည့်လို့ မဆောက်ဖြစ်ဘူး။ အဲဒါကို မကျေနပ်လို့ အငြိုးထားပြီး တိုင်တာပါ။ မိန်းကလေးက ဆယ့်ခြောက်နှစ်မရှိသေးကြောင်း တိုင်တော့ မောင်ထူးစံ မနေ့ညက စပြီး ရဲစခန်းမှာ အချုပ်ခံနေရတယ်။ အဲဒါ ကျွန်တော့်မှာလဲ တာဝန်ရှိနေလို့ ရှေ့နေကြီးကို အကူအညီတောင်းပြီး ဆရာမကြီးဆီ ရောက်လာတာပါ။

ဦးသီဟ ရှင်းပြသည်ကို နားလည်ပါကြောင်း ဆရာမကြီးက ခေါင်းညိတ်ပြသည်။

'ကဲ မင်း ဆက်ပြောပါဦး၊ မင်းနဲ့ အဲဒီအင်ဂျင်နီယာလေးရဲ့ ဆက်ဆံရေးက ဘယ်လိုလဲ'

ဆရာမကြီးက မိစိမ်းကို ဆက်မေးသည်။

'ဟိုတယ်ဆောက်ဖို့ကိစ္စနဲ့ ဦးလေးဦးအောင်ခိုင်ဆီလာလို့ နှစ်ခါပဲ တွေ့ဖူးပါတယ်၊ သိရုံလောက်ပါပဲ၊ ကျောင်းလာရင်း မိုးမိတဲ့နေ့က လမ်းမှာ သူ့ကားနဲ့ တွေ့လို့ ကျောင်းထိလိုက်ပို့ဖူးပါတယ်။ ကျွန်မမှာ ထီးလဲ





မရှိလို့ စာအုပ်တွေ မိုးစိုမှာစိုးတာနဲ့ လိုက်ခဲ့မိတာပါ။ သူကလဲ ရိုးရိုးကူညီတာပါ။ လမ်းမှာ စကားတောင်မပြောပါဘူး။ အဲဒါကို စိုးမြတ်မင်း တိုင်လို့ အိမ်ပြန်ရောက်တော့ အဆူခံရပါတယ်။ အခုဖြစ်ရတာကလဲ စိုးမြတ်မင်း မတရားကြံစည်တာကို ခုခံတိုက်ခိုက်ရင်း ဆူညံတဲ့အသံတွေကြောင့် ဦးလေးရောက်လာပြီး စိုးမြတ်မင်းကို ရိုက်ပါတယ်။ ကျွန်မကိုလဲ ရိုက်ပါတယ်'

'စိုးမြတ်မင်းကို ဘာဖြစ်လို့ ရိုက်တာလဲ'

ဆရာမကြီးမေးသည့်အချက်ကို ဦးမြအုန်း သဘောကျသည်။

'ကျွန်မကို မတရားကြံစည်လို့ပါ'

'ဦးအောင်ခိုင်ကိုယ်တိုင် အဲဒီလို သိပြီး ရိုက်တာလား'

ဆရာမကြီးက သေချာအောင် ထပ်မေးသည်။

'ဟုတ်ပါတယ်'

'ဒါဆိုရင် မင်းကို ဘာလို့ ရိုက်ရတာလဲ၊ မင်းက မတရားခံရတာပဲ'

'ကျွန်မက စိုးမြတ်မင်းအခန်းထဲမှာ ရောက်နေလို့ပါ'

'ဟင်'

မိစိမ်းက အမှန်အတိုင်းပြောလိုက်၍ ဆရာမကြီးသာမက ဦးမြအုန်းပါ အံ့အားသင့်သွားသည်။

'မင်းက ဘာလို့ သူ့အခန်းထဲရောက်နေရတာလဲ'

ဆရာမကြီးလေသံက နည်းနည်းမာသည်။

'သူက ဦးလေးဦးအောင်ခိုင် အခေါ်ခိုင်းတယ်၊ သူ့အခန်းထဲမှာ စောင့်နေတယ်ဆိုပြီး ညာခေါ်တာပါ'

ဦးမြအုန်း ခေါင်းညိတ်လိုက်သည်။

'သူ ညာမှန်း သိတဲ့အချိန်မှာ...'



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးက သူ့စကားကို မိစိမ်းဆက်ပေးရန် ဖြတ်ထားလိုက်သည်။

'ကျွန်မ သူ့အခန်းထဲ ဝင်မိတာနဲ့ သူက တံခါးပိတ်ပစ်လိုက်တာပါ၊ ကျွန်မ သူ့ကို မကြောက်ပါဘူး။ ကျွန်မကို အဲဒီလို စော်ကားလို့လဲ မရပါဘူး။ ကျွန်မအသေခံပြီး ခုခံမှာပါ။ အားလုံးကြားအောင်လဲ အော်ပြီး အကူအညီတောင်းပါတယ်၊ သူလဲ တော်တော်နာပါတယ်၊ သူ့မျက်နှာမှာလဲ ဒဏ်ရာတွေရှိပါတယ်'

'ကျွန်တော်တို့ သူ့ကိုလဲ ပြန်တိုင်မှာပါ၊ အခု ဆရာမကြီးဆီက အသက်အတွက် အထောက်အထားရတာနဲ့ မောင်ထူးစံကို ဦးအောင်နိုင်ညာတိုင်တာဖော်ပြပြီး သူ့ကို လာပြန်တိုင်မှာပါ'

ဦးမြအုန်းက လိုရင်းကို အဓိကထား၍ ပြောလိုက်သည်။

ဆရာမကြီးက ကျောင်းစာရေးကို ခေါ်ပြီး ရတနာစိမ်း၏ ကျောင်းဝင်လက်ခံစာအုပ်ကို တောင်းယူကြည့်သည်။

အသက် ၁၆ နှစ် ၉ လဖြစ်သည်ကို တွေ့ရသည်။

ဗိုလ်ချုပ်နိုင်မာအောင် ကျောင်းပြောင်းလက်မှတ်များ ဖိုင်တွဲထားသည်ကို ယူကြည့်သည်။ သေချာသည်။

ဆရာမကြီးက ကျောင်းပြောင်းလက်မှတ်အရ ကျောင်းဝင်ခွင့်မှာ စာရင်းသွင်းထားသော မိစိမ်း၏ အသက်အမှန်ကို ထောက်ခံချက်တစ်စောင်လုပ်ပေးလိုက်သည်။

'ရှေ့နေကြီးတို့ တရားရုံးက ဥပဒေကိစ္စတွေတော့ ကျွန်မ မသိပါဘူး၊ ဒါပေမယ့် ကျွန်မ ကျောင်းရုံးမှာ တိုင်ထားတဲ့ကိစ္စကိုတော့ ကျောင်းစည်းကမ်းအရ ပေါ်ပေါက်အောင် ဆက်စစ်ရမှာပါ၊ မိန်းကလေးကို စစ်ပြီးရင် မောင်စိုးမြတ်မင်းကိုလဲ ခေါ်စစ်မှာပါ၊ ကျွန်မလဲ ဦးသီလ်





ိုပါပဲ၊ မတရားတာကို မကြိုက်ပါဘူး။ အားလုံးစစ်လို့ ပြီးရင်တော့ ပြစ်ရှိရင် ရှိတဲ့လူကို အရေးယူမှာပါ'

ဦးသီလက ဆရာမကြီးကို ခေါင်းညိတ်ပြသည်။

'ကောင်းပါတယ် ဆရာမကြီး ကျေးဇူးတင်ပါတယ်'

'ကဲ ဦးသီဟရေ ခင်ဗျား ကျွန်တော့်ကို အပ်တဲ့ ကိုထူးစံအမှုတော့ ကျွန်တော်အခကြေးငွေယူမယ်ဗျာ၊ ဒီမိန်းကလေးက ဟိုသားအဖ ို ဆက်ပြီးတိုင်မယ်ဆိုရင်တော့ အဲဒီအမှုအတွက် ကျွန်တော် ဘယ်သူ့ ကမှ ပိုက်ဆံမယူဘူး။ အခမဲ့ ကူညီမယ်ဗျာ၊ကဲ လာသွားကြစို့ ဆရာကြီး ်ပြုပါဦးခင်ဗျ'

ရှေ့နေကြီးက ဆရာမကြီးကို ခွင့်တောင်းသည်။

'ဒီကလေးကိုလဲ ကျွန်တော်တို့ ခေါ်သွားပါရစေ ဆရာမကြီး။ ီနေ့တစ်ရက်တော့ ကျွန်တော်ကပဲ သူ့အုပ်ထိန်းသူအနေနဲ့ ခွင့်တိုင်ပါ ရစေ'

ဦးသီဟက မိစိမ်းအတွက် ခွင့်တိုင်သည်။

'ဩော် - ဟုတ်တာပေါ့၊ သူ့ခမျာ အုပ်ထိန်းသူတောင် မရှိဘူးကိုး'

မိစိမ်းကို လှမ်းကြည့်ပြီး ဆရာမကြီး စိတ်မကောင်းဖြစ်မိသည်။

× × × × ×

ရှေ့နေကြီး ဦးမြအုန်းနှင့် ဦးသီဟတို့ တစ်နေ့တာလုံး လှည့်လည် ာ်ရှား၍ ခိုင်မာသော အထောက်အထားနှင့်တကွ တာဝန်ရှိသူများနှင့် တွေ့ဆုံကြိုးစားမှုကြောင့် ညနေတွင် ထူးစံအာမခံရပါသည်။

'ဒီ'



www.burmeseclassic.com

www.burmeseclassic.com



အချုပ်ခန်းထဲမှာ အခြားသောတရားခံများနှင့်အတူ ကျဉ်းကြပ်စွာနေရသော ထူးစံကို ကြည့်ပြီး မိစိမ်းစိတ်မကောင်းဖြစ်ရသည်။

တာဝန်ရှိသူက ထူးစံကို အချုပ်ခန်းမှ ထုတ်ပေးသည်။

ကျဉ်းမြောင်းသေးငယ်သော အချုပ်ခန်းတံခါးလေးမှ ထူးစံငုံ့လျှိုး၍ ထွက်လာခဲ့ရသည်။

'မစိမ်းနေကောင်းရဲ့လား'

အပြင်သို့ ရောက်သည်နှင့် ထူးစံက မိစိမ်းကို နှုတ်ဆက်သည်။

မိစိမ်း မဖြေနိုင်။

ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းတို့ကို မတုန်လှုပ်အောင် ထိန်းချုပ်နေနိုင်သည်ဟု မိမိကိုယ်ကို ထင်ခဲ့သည်။ ခုတော့ မိစိမ်းရင်ထဲမှာ နာကျင်သော ဝေဒနာတစ်မျိုးကို ခံစားနေရသည်။

ထူးစံမျက်နှာကို လှမ်းကြည့်လိုက်သည်။ တစ်ညအတွင်းမှာပင် သိသိသာသာပိန်သွားသည်ဟု ထင်မိသည်။

မျက်ရည်မကျအောင် ထိန်းထားသည့်ကြားမှ မျက်ရည်များ စီးကျလာ၏။

'ကိုထူးစံ ညတုန်းက အိပ်ရရဲ့လား'

မိစိမ်းအသံမှာ တုန်ခါမှုလေးပါနေ၏။

'အိပ်ရပါတယ်'

မိစိမ်းစိတ်မကောင်းမဖြစ်အောင် ထူးစံက ပေါ့ပေါ့ပါးပါးဖြေပြီး ပြုံးပြလိုက်သည်။

'ညစာလဲ စားရလား'

'ကိစ္စဝိစ္စတွေရှုပ်သွားတော့ ဆာလဲမဆာတာနဲ့ မစားဖြစ်ပါဘူး'

ထူးစံက သာမန်သဘောမျိုးဖြစ်အောင် အမှတ်မထင် ပုံမျိုးနှင့်





ပြောလိုက်သည်။

'ဪ..သူ..ညက ထမင်းမစားရဘဲကိုး'

မိစိမ်းကတော့ အမှတ်တထင်စွာ ခံစားရသည်။

'မစိမ်းရော ညက အဆင်ပြေရဲ့လား'

မိစိမ်း ခေါင်းညိတ်ပြလိုက်သည်။

အမှန်ကတော့ မိစိမ်းလည်း ညစာမစားခဲ့ရ။ ကိုယ့်အတွက် ဒုက္ခဖြစ်ရသော ထူးစံအတွက် စိတ်မကောင်း၍ ကောင်းကောင်းလည်း အိပ်မပျော်ခဲ့ပါ။

တော်သေးတာပေါ့၊ မစိမ်းအတွက် နေရာအပြောင်းအလဲမှ အဆင်ပြေပါ့မလား စိုးရိမ်နေတာ၊ မိမိအပေါ် ဤမျှ စိတ်ထားကောင်းသူကို ဆက်ပြီး ဒုက္ခပေးရန် သင့်ပါ့မလား။ မိစိမ်း စဉ်းစားနေမိသည်။

'ငါ သူ့ဆီမှာ ရှိနေရင် ဦးအောင်ခိုင် သူ့ကို ဆက်ပြီးဒုက္ခပေးဦးမှာလား'

ထူးစံဒုက္ခဖြစ်မည်ကို စိုးရိမ်မိသည်။

'ကဲ မိန်းကလေး မင်းက ဦးအောင်ခိုင်တို့သားအဖကို တိုင်မယ်ဆိုရင် တိုင်ပေတော့'

ရှေ့နေကြီးက မိစိမ်းကို လမ်းကြောင်းပေးလိုက်သည်။

'ဘာကိစ္စ တိုင်မှာလဲ'

ထူးစံ နားမလည်။

'ဪ..ဟုတ်ပါရဲ့၊ ဦးအောင်ခိုင်တို့ သားအဖက ကိုထူးစံကိုတော့ ဘာမှုအပြစ်မရှိဘဲနဲ့ ကြံဖန်တိုင်ကြတယ်လေ၊ တကယ်ကတော့ သူတို့သားအဖ..'

'ဟာ..ဒါတွေ မပြောပါနဲ့ဗျာ၊ နေပါစေတော့'

www.burmeseclassic.com



ထူးစံက မိစိမ်း ဂုဏ်သိက္ခာထိခိုက်မှာ စိုးသည်။

'မပြောလို့ မဖြစ်ဘူးလေ၊ ခုမိန်းကလေးက သူတို့သားအဖကို တိုင်ရင် ဒါတွေအားလုံးပြောမှ ဖြစ်မှာပေါ့'

ထူးစံ ခေါင်းခါလိုက်သည်။

'မတိုင်ပါဘူးဗျာ၊ ဘာလို့ တိုင်မှာလဲ၊ ကိုယ်လဲ ထိခိုက်နစ်နာအောင် ဖြစ်တာမှ မဟုတ်ဘဲ တိုင်ရင် အမှုချိန်းရက်တိုင်း ကျောင်းပျက်ရမယ်၊ သူတို့သားအဖနဲ့တွေ့ရလို့ မကျေမနပ်ဖြစ်ရရင် စာကျက်တာပျက်မယ်၊ ကိုယ့်အလုပ်ကိုယ်လုပ်မှာပေါ့'

ထူးစံက မိစိမ်းအတွက် အပိုအလုပ်မရှုပ်စေချင်။

'ဒါက ကျွန်တော်တို့ ဆန္ဒမဟုတ်ပါဘူး၊ မိန်းကလေးဆန္ဒပါ'

ရှေ့နေကြီးက မိစိမ်းကို လှမ်းကြည့်လိုက်သည်။

'သူတို့ မတရားလုပ်တာကို မကျေနပ်လို့ ကျွန်မက တိုင်ချင်တာပါ'

အမှန်အတိုင်းပြောရရင် ရှေ့နေကြီးဘက်မှ မိစိမ်းရပ်တည်လိုက်ပါသည်။

'မတိုင်ပါနဲ့ မစိမ်းရယ်၊ ကျွန်တော့်ကိစ္စ ကျွန်တော့်ဘာသာရှင်းပါ့မယ်၊ ကျွန်တော့်အတွက် မစိမ်းမရှုပ်ပါစေနဲ့'

'ဟင့်အင်း ခုဟာက မိစိမ်းအတွက် အကိုအဲ အကို့မှာ ရှုပ်နေရတာ'

တစ်ခါမှ မခေါ်ဖူးဘဲ အကိုဟု ထွက်သွားပြီးမှ ပြန်ပြင်နေလျှင် ရဲအရာရှိအပါအဝင် ဘေးမှာရှိသူများ တမျိုးထင်ကြမည်စိုး၍ အကိုဟုပင် ဆက်ခေါ်လိုက်သည်။

'အကိုအရွယ်ပဲလေ အကိုလိုခင်လို့ အကိုခေါ်တာပါ'





စိတ်ထဲမှာ ကိုယ့်ဘာသာဖြေရှင်းနေရသေးသည်။

'အကို့မှာ မရှုပ်ပါဘူး၊ နောက်ပြီး ဘာပဲဖြစ်ဖြစ် သူက မစိမ်းဦးလေးပဲ၊ ပြန်တိုင်လို့ မကောင်းပါဘူး၊ ကဲ . လာ . သွားကြမယ်'

ထူးစံက မိစိမ်းတိုင်မည့်ကိစ္စကို အတင်းဖြတ်လိုက်သည်။

ရဲအရာရှိကို နှုတ်ဆက်ပြီး ပြန်လာခဲ့ကြသည်။

ထူးစံ၏ စေတနာကို မိစိမ်းပို၍ လေးစားနားလည်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

'ကဲ့ . ဒီနေ့ ညစာကတော့ ပျော်ပျော်ပါးပါး ပေါ့ဗျာ'

ထူးစံ၏ ဆောက်လုပ်ရေးရုံးမှာပင် ဦးသီဟက ညစာစီစဉ်လိုက်သည်။ တရုတ်ဆိုင်မှ ဝယ်ယူခြင်းဖြစ်သည်။

'ဟုတ်ပါရဲ့ဗျာ၊ မနေ့ကတော့ စားခါနီးမှ ပြဿနာတက်သွားတယ်'

ထူးစံပြောပုံက ပြုံးပြုံးရွှင်ရွှင်

'ဒီလိုပဲလေ ပြဿနာဆိုတာ မထင်တဲ့အချိန်မှာ မထင်တဲ့နေရာက ဝင်လာတတ်တယ်။ ဝင်လာတော့လဲ ရှင်းပစ်လိုက်ရုံပေါ့။ ဒီနေ့ ညကတော့ ရှင်းပြီးသွားတဲ့ အောင်ပွဲလေးပေါ့ဗျာ'

ရှေ့နေကြီး ဦးမြအုန်းက စားပွဲပေါ်မှ အနီရောင်ပုလင်းကို ကြည့်ရင်း မသောက်မီက အာသွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

'မောင်ထူးစံ မနေ့ညက ညစာမစားလိုက်ရဘူးပေါ့'

ဦးသီဟ မေးသံကြား၍ နောက်ဘက်မှ ဒေါ်ဖွားစိန်နှင့်အ
စားစရာများပြင်ဆင်နေသော မိစိမ်း နားစွင့်လိုက်သည်။

'ဘယ်စားရမလဲဗျာ'

ထူးစံက တိုးတိုးပြောသည်။

'မဆာဘူးလား'

ရှေ့နေကြီးမေးပုံက ကျယ်သည်။

'ရှူး တိုးတိုးဗျ'

ထူးစံ၏ သတိပေးသံ။

'ဆာတာပေါ့ဗျာ၊ ညည့်နက်လေ ပိုဆိုးလေ၊ ဆာလွန်းတေ
အိပ်လို့လဲ မရဘူး၊ ဘာမှလဲ ဝယ်စားစရာမရှိဘူး၊ အစကတော့ ဘာ
မဖြစ်ပေမယ့် ထမင်းဆာမှ ဦးအောင်နိုင်ကို တော်တော်စိတ်ဆိုးသွားတယ်

ထူးစံပြောသည့်အသံက တိုးသော်လည်း ဦးသီဟနှင့် ဦးမြအုံ
ရယ်သံက ကျယ်လောင်သွားသည်။

မိစိမ်းပို၍ စိတ်မကောင်းဖြစ်ရသည်။

'ကဲ လုပ်ပါ၊ ရှေ့နေကြီး စတော့လေ'

ထူးစံက လူငယ်ပီပီ ပုလင်းဖွင့်ပေးသည်။

'ကိုထူးစံရော'

'ကျွန်တော် မလုပ်တတ်ပါဘူး'

မိစိမ်းနှင့် လှသီတို့က အဆင်သင့်ပြင်ပြီးသော စားစရာများ
စားပွဲပေါ်သို့ လာပို့သည်။

'မစိမ်းလဲ မနေ့ညက ညစာမစားဘူး'

လှသီက ရုတ်တရက်ပြောလိုက်၍ မစိမ်းတားချိန်မရလိုက်။





'ဟင်.. ဟုတ်လား.. မစိမ်း'

ထူးစံ စိတ်မကောင်းဖြစ်သွားသည်။

မိစိမ်းက ဘာမျှ မပြော။

'သူ့ကြောင့်ဖြစ်ရတာဆိုတော့ စိတ်မကောင်းဖြစ်မှာပေါ့လေ'

ရှေ့နေကြီး၏ ပြောသိမ့်စကားဖြစ်သည်။

'ကဲ.. မနေ့က ဟာတွေ လွန်ခဲ့ပါပြီ ဒီနေ့ အတိုးချပြီး ပျော်ပျော်
ပါးပါးစားကြတာပေါ့'

ဦးသီဟက သူ့ရှေ့မှ ဖန်ခွက်ကိုယူ၍ ရှေ့နေကြီးလက်မှ ဖန်ခွက်
နှင့်တိုက်သည်။ ထူးစံပါ ရေခွက်ကို ကိုင်၍ ခွက်ချင်းတိုက်လိုက်သည်။

တစ်ခွက်စီသောက်ပြီး၍ မြည်းစရာများကို စားနေကြစဉ် ထူးစံ၏
ရုံးခန်းဆီသို့ ကားတစ်စင်းမောင်းဝင်လာသည်။

'ဘယ်က ကားလဲဗျ'

ရှေ့နေကြီးက ကားဝင်လာသည်ကို သဘောမကျ။

'ဟင် ဦးလေး ဦးအောင်နိုင်ရဲ့ကား'

မိစိမ်းက သူဖုန်သုပ်ခဲ့ရသော ကားဖြူကြီးကို မှတ်မိသည်။

'သူက ဘာကိစ္စလာရတာလဲ'

မနေ့ညကလို ညစာစားပွဲလေး ပျက်သွားမှာ ထူးစံစိုးရိမ်သည်။

ကားရပ်ပြီးသည်နှင့် ဦးအောင်နိုင် ထူးစံတို့ရှိရာသို့ လျှောက်လာ
သည်။ သူ့နောက်မှ စိုးမြတ်မင်းနှင့် ဦးမောင်ကြီး။

အမိုးသာရှိ၍ အကာမရှိသေးသော ထူးစံ၏ ရုံးခန်းအတွင်း
ထိရောက်အောင် ဦးအောင်နိုင်မဝင်။

'မိစိမ်း လာ အိမ်ပြန်လိုက်ခဲ့'

ဦးအောင်နိုင်၏ ခက်ထန်သော အမိန့်ပေးသံ။



www.burmeseclassic.com

www.burmeseclassic.com

'ဘာလို့ လိုက်ရမှာလဲဗျ'

ရှေ့နေကြီး ဦးမြအုန်းက မတ်တပ်ထပြီး မေးလိုက်သည်။

'ခင်ဗျားတို့လို သောက်စားမူးရူးနေတဲ့လူတွေနဲ့ ကျွန်တော့်တူမကို မထားနိုင်ဘူးဗျ'

စားပွဲပေါ်မှ ပုလင်းဖန်ခွက်တို့ကို ကြည့်ပြီး ဦးအောင်နိုင် အနိုင်ပြောသည်ကို ထူးစံမကျေနပ်။

'ဒီမှာ ဘယ်သူမှ မစော်ကားဘူးဗျ။ လူကြီးလူကောင်းတွေချည့်ပဲ၊ လူယုတ်မာမရှိဘူး။ ဦးအောင်နိုင်အိမ်မှာသာ ဦးအောင်နိုင်သား ဟိုကောင်က စော်ကားဖို့ ကြံစည်တာ၊ အဲဒါကို ဦးအောင်နိုင်သိရက်သားနဲ့ မိန်းကလေးကို ရိုက်နှက်ထိုးကျိတ်ပြီး အိမ်က နှင်ချလိုက်တာ၊ အခုမှ ဘယ်လိုမကောင်းတဲ့ အကြံနဲ့ လာခေါ်ရတာလဲ၊ မထည့်နိုင်ဘူးဗျာ'

ထူးစံက မတ်တပ်ထပြီး ဦးအောင်နိုင်မျက်နှာကို ကြည့်၍ တင်းတင်းမာမာ ပြောလိုက်သည်။

'ငါ့အိမ်မှာ ဘယ်သူမှ မစော်ကားဘူး။ မင်းမဟုတ်တာ မပြောနဲ့'

ဦးအောင်နိုင်က ပြန်အော်သည်။

'အဲဒါဆိုရင်တော့ ဦးအောင်နိုင် ပြောင်ညာတဲ့ လူလိမ်လူညာပဲ ဟိုကောင့်မျက်နှာကြည့်လိုက် မိန်းကလေးက ခုခံရင်း ကုတ်ဖဲ့တိုက်ခိုက်ထားတဲ့ ဒဏ်ရာတွေ ဦးအောင်နိုင်ကိုယ်တိုင် ထိုးကျိတ်ထားတာတွေ ခုထိ မြင်နေရသေးတယ်'

စိုးမြတ်မင်းဆီသို့ ထူးစံလက်ညှိုးထိုးပြသည်။ စိုးမြတ်မင်း သူ့ဒဏ်ရာများကိုမမြင်ရအောင် မျက်နှာကို တစ်ဖက်သို့လှည့်သွားသည်။

'ဦးအောင်နိုင်အိမ်မှာ ဒီမိန်းကလေးအတွက် ဘာမှ လုံခြုံမှုမရှိဘူး။ သားက စော်ကားတယ်၊ အဖေက ရိုက်နှက်နှင်ချတယ်၊ ဒီနေရာမှာ





အဲဒီလို လုပ်မယ့်လူ ဘယ်သူမှ မရှိဘူး။ ဟိုမှာတွေ့လား ဒေါ်ဖွားစိန်တို့ သားအမိနဲ့အတူနေရမှာ လုံခြုံတယ်၊ ဘာမှ အန္တရာယ်မရှိဘူး'

'မင်းဘာပြောပြော မင်းက သူစိမ်း။ သူက ငါ့တူမ ဥပဒေအရဆိုရင် ငါ့အုပ်ထိန်းမှုအောက်မှာပဲ ရှိရမယ်'

ဦးအောင်နိုင်က ဥပဒေစကားပြောလာ၍ ဦးမြအုန်း မတ်တပ်ရပ်လိုက်သည်။

'ခင်ဗျား တူမဆိုပေမယ့် ခင်ဗျားကိုယ်တိုင် ရိုက်နှက်ထိုးကျိတ်ပြီး အိမ်က နှင်ချလိုက်ပြီးပြီ၊ ခင်ဗျားကိုတောင် မိန်းကလေးက ပြင်းထန်စွာ နာကျင်စေမှုနဲ့ တရားစွဲရမယ်'

'ဒါ အုပ်ထိန်းသူအနေနဲ့ ဆုံးမတာပဲ'

'ဆုံးမတာမဟုတ်ဘူးဗျ။ မတရား အနိုင်ကျင့်တာ ခင်ဗျားသားက အတင့်(ပ်)တူရိပ်(ပ်)၊ အဲဒီကောင်ကို မုဒိမ်းကျင့်ရန် ကြံစည်မှုနဲ့ တရားစွဲရမယ်။ ခင်ဗျားကတော့ ဒါကို သိရက်နဲ့ ထိန်ချန်ပြီး မိန်းကလေးကို ရိုက်နှက်နှင်ချတယ်၊ ဒါတင်မကဘူး။ ကျောင်းက ထုတ်ပစ်ဖို့ပါ တိုင်လိုက်သေးတယ်၊ အဲဒါ အုပ်ထိန်းသူရဲ့ စေတနာကောင်းလား'

ဦးမြအုန်းပြောရင်း ဒေါသဖြစ်၍ မျက်နှာများ နီမြန်းလာသည်။

'အဲဒါ ကျွန်တော်တိုင်တာ မဟုတ်ဘူးဗျ'

'ခင်ဗျားမတိုင်ရင် ဘယ်သူတိုင်လဲ ခင်ဗျားနာမည်နဲ့ တိုင်တာ'

'ကျွန်တော့်နာမည်ပေမယ့် ကျွန်တော့်လက်မှတ်မဟုတ်ဘူးဗျ'

'အဲဒါဆို ဘယ်သူလုပ်လဲ ခင်ဗျားသားလား။ ဒီကလေးမအပေါ် ဒီလောက်စိတ်ကောင်းမရှိတဲ့ လူတွေက ဘာလုပ်ဖို့ အုပ်ထိန်းချင်တာလဲ'

'ခင်ဗျားတို့က အဲဒီလိုပြောချင်လို့ ကျုပ်နာမည်နဲ့ တိုင်ချင်တိုင်မှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်နိုင်က စိတ်ကူးရသလို ပြောချလိုက်သည်။ ထူးစံ မ
မရပ်နိုင်ဖြစ်ရသည်။

'ဒီမှာ အဲဒီလို ကောက်ကျစ်စဉ်းလဲတဲ့လူ ဘယ်သူမှ မရှိဘူ
ခင်ဗျားတို့ သားအဖကို တရားစွဲဖို့ ကိုယ့်အားလုံးစီစဉ်ပြီးသား။ မောင်ထူး
တားမြစ်လို့ မလုပ်ရတာ၊ ခင်ဗျားအခုလို မဟုတ်မတရားတာတွေ
ဆက်လုပ်နေရင် ခင်ဗျားတို့သားအဖကို တရားစွဲဖို့ ပြန်လုပ်မယ်'

ဦးအောင်နိုင်က ခြိမ်းခြောက်နေသော ရှေ့နေကြီးကို ပြုံးပြ
လိုက်သည်။

'စွဲပေါ့ ခင်ဗျားတို့မှာ ဘာသက်သေရှိလို့လဲ'

ဦးအောင်နိုင်က အပိုင်ပြောလိုက်သည်။

ဦးမြအုန်းက ဦးအောင်နိုင်၏ မျက်နှာကို စေ့စေ့ကြည့်၍ လက်ညှိုး
ထိုးလိုက်သည်။

'ဒီမယ် ဦးအောင်နိုင် ခင်ဗျားက ခင်ဗျားအိမ်ထဲမှာ ဖြစ်တာ
ဘယ်သူမှ သက်သေမရှိဘူးလို့ ပိုင်လှပြီ ထင်မနေနဲ့။ အစော်ကားခံရတဲ့
မိန်းကလေးရဲ့ ထွက်ဆိုချက်ဟာ ဥပဒေအရ ဘယ်လောက် အရေးကြီး
တယ်ဆိုတာ ခင်ဗျားနားမလည်ဘူးမဟုတ်လား။ ပြီးတော့ အမှန်တရားဟာ
အမှားဖြစ်အောင် ဘယ်သူမှ ဖုံးကွယ်လိမ်ညာလို့မရဘူး'

'ဘာပဲဖြစ်ဖြစ်ဗျာ၊ မိစိမ်းဟာ ကျွန်တော့်တူမ သူ့အမေသေခါနီး
မှာ ကျွန်တော့်ကို အုပ်ထိန်းဖို့ အပ်ခဲ့တာ လာ နင် ခုပြန်လိုက်ခဲ့'

ဦးအောင်နိုင်က မိစိမ်းကို လှမ်းခေါ်လိုက်သည်။

'ကျွန်မ မလိုက်ဘူး'

မိစိမ်းက ပြတ်ပြတ်သားသားငြင်းသည်။

'မလိုက်လို့ ရမလား။ ငါက အုပ်ထိန်းသူ နင့်အမေကိုယ်တိုင်
ငါ့ကို စာရေးပြီး အုပ်ထိန်းဖို့ အပ်ခဲ့တာ'

'ဦးလေးမှာ ဘာအထောက်အထားရှိလို့လဲ'

'ဟင်. . . နင်. . . .'

ဦးအောင်နိုင် ဒေါသတကြီးဖြစ်သွားသည်။

မှန်သည်။ သူ့အမေရေးလိုက်သော စာကို ဒေါသတကြီးလုံးခြေ
၍ မိစိမ်းကို ပစ်ပေါက်ခဲ့သည်။ မိစိမ်းက ထိုစာကို ကောက်ယူသွား၍
သူ့မှာ ဘာအထောက်အထားမှ မရှိ။

'ဒီမှာ ဦးအောင်နိုင်'

ထူးစံကို ဦးအောင်နိုင် လှမ်းကြည့်လိုက်သည်။

'အခု ဒီမိန်းကလေးကို ပြန်ခေါ်တာဟာ စေတနာရှိလို့ မေတ္တာ
ရှိလို့လဲ မဟုတ်ဘူး။ ဦးအောင်နိုင်မှာ တာဝန်ရှိတယ်ဆိုပြီး တာဝန်ကျေချင်
တဲ့ စိတ်လောက်တောင် ရှိတာမဟုတ်ဘူး။ ကျွန်တော်သိတာပေါ့၊
ဦးအောင်နိုင်နဲ့ ကျွန်တော်အဆောက်အဦကိစ္စမှာ ဦးအောင်နိုင် မတရား
ညစ်လို့ အဆင်မပြေဘူး။ အဲဒီအချိန်မှာ ဦးသီဟနဲ့တွေ့ပြီး ဒီဟိုတယ်ကို
ဆောက်ဖြစ်တယ်၊ ဦးသီဟက စိတ်ရင်းသဘောထားကောင်းတယ်၊
ဦးအောင်နိုင်နဲ့ ဘာမှ မဆိုင်ဘူး'

'မင်း. . မင်း. . မိုက်ရိုင်းတဲ့ကောင်'

ဦးသီဟနှင့် နှိုင်းယှဉ်ပြော၍ ဦးအောင်နိုင်မခံမရပ်ဖြစ်သွားသည်။

'မိုက်ရိုင်းတာက ကျွန်တော်မဟုတ်ဘူး။ ဦးအောင်နိုင် နင်ချလို့
ဒုက္ခဖြစ်တဲ့ မိန်းကလေးကို ကူညီတဲ့အတွက် ဦးအောင်နိုင် ကျွန်တော့်ကို
ဆောင်ကျအောင် လုပ်ခဲ့တယ်၊ ခုလဲ ကျွန်တော့်ကို မုန်းတီးတာနဲ့
မိန်းကလေးကို အိမ်မှာ ထားချင်စိတ်မရှိဘဲနဲ့ တမင်လာခေါ်တာ၊ ဒီမယ်
ပြတ်ပြတ်သားသားပြောလိုက်မယ်၊ ကျွန်တော့်စောင့်ရှောက်မှုကို ခံယူပြီး

www.burmeseclassic.com



ဖြစ်နေတဲ့ မိန်းကလေးကို ဦးအောင်ခိုင်အိမ်မှာ နှိပ်စက်ညှဉ်းပန်းတာခံရဖို့ လုံးဝမပေးဘူး၊ ကြိုက်သလိုလုပ်၊ ရင်ဆိုင်မယ်၊ သွားတော့'

'အေး . . မင်း . . ငါ့အကြောင်းသိမယ်'

'ဩော် . . မသွားခင် ခဏလေး'

ရှေ့နေကြီးက လှမ်းပြောသည်။

'မောင်ထူးစံကို ထောင်ကျအောင် မိန်းကလေးကို ဆယ့်ခြောက်နှစ်မပြည့်ဘူးလို့ ညာတိုင်တာကတော့ ရှင်းသွားပြီနော်၊ ထပ်ညာလို့ မရတော့ဘူး'

'ဘာပဲဖြစ်ဖြစ် သူဟာ ကျုပ်တူမ ဆယ့်ရှစ်နှစ်မပြည့်သေးဘူး၊ ကျုပ်ရဲ့ အုပ်ထိန်းမှုအောက်မှာပဲ ရှိရမယ်၊ အုပ်ထိန်းခွင့်အတွက် တရားရုံးမှာ လျှောက်ဖို့ ရှေ့နေနဲ့ တိုင်ပင်ပြီးသား၊ အေး ဒီကြားထဲမှာ မင်းနဲ့အတူနေတဲ့ရက်တွေအတွက်တော့ ငါ မင်းကို ထပ်ပြီး တရားစွဲမယ်၊ မင်းဘက်က အခိုင်အမာသက်သေပြနိုင်အောင် ရှာထားပေါ့'

ဦးအောင်ခိုင် ထွက်သွားသည်။

'ရှာစရာ မလိုဘူး၊ သန့်ရှင်းစင်ကြယ်တဲ့လူအတွက် သက်သေမလိုဘူး'

ထူးစံက လှမ်းပြောလိုက်သည်။

ဦးအောင်ခိုင်၊ စိုးမြတ်မင်းနှင့် ဦးမောင်ကြီးတို့ကားပေါ် ပြန်တက်ပြီး မောင်းထွက်သွားပါသည်။

'ဟင်း . . တော်တော်အသုံးမကျတဲ့ လူကြီးဗျာ၊ စားသောက်ခါနီးမှ ရောက်လာတယ်၊ အပျော်လေးပျက်သွားတယ်'

ရှေ့နေကြီး မကျေနပ်။

'မပျက်စေနဲ့ပေါ့ဗျာ၊ အခုလာတာလဲ သူရှုံးသွားတာပဲ၊ မိန်းကလေး





ကို ခေါ်မသွားနိုင်ဘူးလေ၊ အဲဒီတော့ ထပ်ပြီးရတဲ့ အောင်ပွဲအတွက်ပါ နှစ်ခုပေါင်းပြီး ပျော်ပျော်ပါးပါးပေါ့ဗျာ၊ ကဲ . လာ . အောင်မြင်ခြင်း အထိမ်းအမှတ်'

ဦးသီဟက သူ့ဖန်ခွက်ကို မြှောက်လိုက်သည်။

'ဟုတ်တယ်၊ အောင်မြင်တဲ့အတွက်'

ရှေ့နေကြီးက သူ့ဖန်ခွက်ကို မြှောက်ပြ၍ အောင်မြင်မှုအတွက် ဂုဏ်ပြုလိုက်သည်။

'သတိထားရမယ့် အချက်တစ်ချက်ကိုတော့ ကျွန်တော်ပြောချင်တယ်'

ရှေ့နေကြီးဦးမြအုန်းပြောပုံက အလေးအနက်ဖြစ်သည်။

'ဦးအောင်ခိုင်ပြောပုံကြည့်ရတာ ရှေ့နေတစ်ယောက်နဲ့ တိုင်ပင်ထားတဲ့ သဘောရှိတယ်ဗျ'

'ဖြစ်နိုင်တယ်'

ထူးစံလည်း သတိထားမိသည်။

'မိန်းကလေးက ဆယ့်ရှစ်နှစ်မပြည့်သေးတော့ အုပ်ထိန်းခွင့်ကိစ္စနဲ့ ပြောရင် သူက ဦးလေးတော်နေတယ်'

ဦးသီဟ ခေါင်းညိတ်သည်။

'ကျွန်တော်တို့ ဘက်ကလည်း မိန်းကလေးကိုယ်တိုင် သူတို့သားအဖကို ရဲတိုင်ပြီး တရားစွဲမှ ဖြစ်တော့မယ်'

'လုပ်သင့်ပြီ မောင်ထူးစံ'

ဦးသီဟက ထောက်ခံသည်။

ထူးစံလည်း ခေါင်းညိတ်သဘောတူလိုက်ပါသည်။

'ဒီကြားထဲမှာ မိန်းကလေးကိုလဲ ဒီမှာ မထားသင့်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ ဘာဖြစ်လို့လဲ'

ထိုစကားကို ထူးစံသဘောမကျ။

မိစိမ်းလည်း နားစွင့်နေသည်။

'ဒီလိုဗျာ၊ သူပြောတာမှန်တယ်၊ မိန်းကလေးက ဆယ့်ခြောက်နှစ်ပြည့်ပြီးပေမယ့် ဆယ့်ရှစ်နှစ်မပြည့်သေးတော့ အုပ်ထိန်းသူတစ်ယောက်ရဲ့ အုပ်ထိန်းမှု အောက်မှာရှိရမယ်၊ ဒီမှာနေတယ်ဆိုရင် သူက စွပ်စွဲတိုင်ကြားရင် ကိုထူးစံအနေနဲ့ သက်သေပြရလိမ့်မယ်'

'ပြရုံပေါ့ဗျ'

'ပြနေရပြီဆိုကတည်းက ရှုပ်တယ်၊ နောက်ပြီး ဒါမျိုးကတိုင်ပြီဆိုရင် အဖမ်းခံရမယ်၊ နောက်မှ အာမခံရအောင် လျှောက်ရမယ်၊ ရှုပ်တယ်၊ အကောင်းဆုံးက မိန်းကလေးကို ဒီမှာ မနေဘဲ တခြားနေရာဆိုရင် ပိုကောင်းမလားလို့'

'သိပ်ကောင်းတာပေါ့'

ဦးသီဟက ချက်ချင်းသဘောတူလိုက်သည်။

'ကျွန်တော့်အိမ်ခေါ်သွားမယ်၊ အိမ်မှာဆိုရင် သမီးလဲ အဖော်ရတာပေါ့၊ မိန်းကလေးကို မြင်ရင် သမီးသိပ်ချစ်မှာ သေချာတယ်'

'အဲဒါ အကောင်းဆုံးပဲဗျ'

'ဒါပေမယ့် မစိမ်းသဘောထားက'

ထူးစံ စကားကို ရပ်ထားလိုက်သည်။

ရှေ့နေကြီးနှင့် ဦးသီဟက မိစိမ်းကို လှမ်းကြည့်လိုက်သည်။

'မိစိမ်း ဒီမှာပဲ ဒေါ်ဖွားစိန်တို့ မလှသီတို့နဲ့ အတူနေချင်တယ်'

မိစိမ်းက သူ့ဆန္ဒကို ပြောသည်။

'နေရမှာပါ၊ မိန်းကလေးရယ် နောင်ပြဿနာရှင်းတော့ ကြိုက်တဲ့



BURMESE CLASSIC



နေတာပေါ့၊ လောလောဆယ်တော့ ဦးသီဟပြောတာ ပိုကောင်း

ရှေ့နေကြီးက ဖျောင်းဖျောင်းဖျဖျ အကြံပြုသည်။

'ဦးတို့ အိမ်မှာလဲ သမီးသဘောကျမှာပါ၊ သမီးကို သီးသန့်နေပေးထားမှာပါ၊ နေဖို့ စားဖို့ ကျောင်းသွားဖို့ အားလုံး အဆင်ပြေအောင် လုပ်ပေးမယ်'

ထူးစံ ဘာပြောရမှန်းမသိ။

'ဟာ အဲဒါ အကောင်းဆုံးပဲ မောင်ထူးစံအတွက်လဲ ပြဿနာကင်းသွားမယ်'

ပြဿနာကင်းရှင်းမည့်နည်းလမ်းကို ရသွား၍ ရှေ့နေကြီးသာအားရဖြစ်သွားသည်။

ထူးစံက ဆိတ်ဆိတ်နေ၍ ကန့်ကွက်ခြင်းမရှိ၊ ကန့်ကွက်ရန်လည်း မိစိမ်း ပြောင်းရွှေ့နေထိုင်ရေး ကိစ္စအတည်ဖြစ်သွားပြီ။

မကြာမီပင် စားသောက်ဝိုင်းလေး ပြောဆိုသံရယ်သံများနှင့်မပျက် ပျော်ပျော်ရွှင်ရွှင်ဖြစ်သွားသည်။

နောက်ဖက်မှ သုံးယောက်သာ မပျော်နိုင်။

မိစိမ်း ဤနေရာလေးမှာပင် ဒေါ်ဖွားစိန်တို့သားအမိနှင့်အတူနေချင်သည်။ ဤနေရာလေးသည် ပို၍ အသက်ရှူချောင်သည်၊ ချမ်းသာသောအိမ်များမှာ ပြည့်စုံကောင်းမွန်ခြင်းများနှင့်အတူ မွန်းကျပ်မှုများလည်းရှိနေတတ်သည်ကို မိစိမ်း စိုးရွံ့နေသည်။

ဒေါ်ဖွားစိန်တို့သားအမိကလည်း မိစိမ်းကို ချစ်ခင်နေကြ၍ ဤနေရာလေးမှ မိစိမ်းပြောင်းမသွားစေချင်။

'ဒီမှာပဲ ဆက်နေရင် ကောင်းတာပေါ့ဟယ်'



www.burmeseclassic.com

www.burmeseclassic.com



မိစိမ်းကြားရုံပြောလိုက်သော လူသိ၏ ဆန္ဒမှာ ဘာမျှ အဓေ

မိစိမ်း စိတ်ကူးယဉ်ထားသော နှင်းဆီခင်း စိုက်ပျိုးရေးအစီ

လေးလည်း လေထဲမှာ လွင့်မျောခဲ့ရလေပြီ။

ဒုတိယပိုင်း ဆက်လက်ဖတ်ရှုပါ။

လယ်တွင်းသားစေ



www.burmeseclassic.com